မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

အတွဲ (၅၂) အမှတ် (၉၉)

၁၃၇၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၀ ရက်

၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ တနင်္လာနေ့။

ထူးခြားသည့်ညအပူချိန်များ ၆-၁-၂၀၁၂	
ဟားခါးမြို့	-၁ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၂ ဒီဂရီစင်တီဂရိတ်

ထူးခြားသည့်အခြေအနေ

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အားကောင်းသော အပူပိုင်းမုန်တိုင်း"ဆိုနာမူ" (SONAMU) သည် အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားခဲ့ကာ ဗီယက်နမ်နိုင်ငံ (ဟိုချီမင်းမြို့)၏ အရှေ့တောင်ဘက် မိုင် ၃၂၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းသည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေသည်။

ပြည်သူ့ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့အနေဖြင့် ပြည်သူ့သဘောထားဆန္ဒကို အလေးထား ဒီမိုကရေစီစနစ်ရှင်သန်ရေး တရားဥပဒေကို လေးစားလိုက်နာ၍ တရားဥပဒေစိုးမိုးရန်လို

အမှာစကားပြောကြား

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မအူပင်ခရိုင် မအူပင်မြို့နယ် တိုးရွှေဝါခန်းမ၌ ဒေသခံ မိဘပြည်သူများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၆

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌများဖြစ်ကြသည့် ဦးငွေးဦးနှင့် ဦးစိုးနိုင်၊ အစိုးရအဖွဲ့ဝင် ဒုတိယဝန်ကြီးများ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ် တိုးရွှေဝါခန်းမ၌ ဒေသခံမိဘပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့် တိုင်းဒေသကြီးဝန်ကြီးများ၊ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဆန်းဆင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံမိဘပြည်သူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မအူပင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးအေးသောင်းက မအူပင်ခရိုင်၏ ဒေသဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ ကဏ္ဍအလိုက် အသေးစိတ်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားရာတွင် မိမိတို့အဖွဲ့ ယခုကဲ့သို့ ရောက်ရှိလာကြရခြင်းမှာ မအူပင်ခရိုင်အတွင်း မှီတင်းနေထိုင်ကြသည့် *စာမျက်နှာ ၈ ကော်လံ ၁* ✻

စီးပွားရေးမြို့တော်ရန်ကုန်၌ ဟိုတယ်ဇုန်သစ်ဖွင့်လှစ်မည်

သတင်းမှတ်စု - အာကာဟိန်း
ဓာတ်ပုံ - ကေဇင်လင်း

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံသည် နိုင်ငံတကာနှင့် ပွင့်လင်းနွေးထွေးစွာ ဆက်ဆံလာနိုင်မှုများကြောင့် ခရီးသွားဧည့်သည်များ လာရောက်မှု တိုးတက်များပြားလာလျက်ရှိရာ ရန်ကုန်မြို့ စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ဟိုတယ်ဇုန်သစ်တစ်ခု တည်ဆောက်ရန် စီစဉ်နေကြောင်း ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

"နှစ်စဉ် အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံကို လာရောက်ကြတဲ့ နိုင်ငံတကာမှ ခရီးသွားဧည့်သည်တွေဟာ တဖြည်းဖြည်းတိုးတက်များပြားလာတယ်။ အဓိက ဝင်ရောက်လာတာကလည်း စီးပွားရေးလုပ်ငန်းနဲ့ ပတ်သက်သူတွေ၊ ရင်းနှီးမြှုပ်နှံလိုသူတွေ၊ ကမ္ဘာလှည့်ခရီးသွားတွေအပြင် နိုင်ငံတကာလူမှုရေးအဖွဲ့အစည်းတွေကလည်း လာရောက်တာများပြားတယ်။ ဒါကြောင့် ဧည့်သည်တွေအတွက် အဆင်ပြေပြေတည်းခိုနိုင်အောင် ဟိုတယ်ဇုန်သစ်တစ်ခု ဖွင့်လှစ်ဖို့စီစဉ်တာဖြစ်ပါတယ်"ဟု ၎င်းက ပြောကြားသည်။

ဟိုတယ်ဇုန်အသစ်ဖွင့်လှစ်ရန် လောလောဆယ်တွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း) ယုဇနဥယျာဉ်အနီး *စာမျက်နှာ ၈ ကော်လံ ၄* ✻

သတင်းအညွှန်း

တရုတ်၌ နှစ်ပေါင်း ၂၀ ကျော်အတွင်း အအေးဆုံးရာသီဥတုကြုံတွေ့ စာ-၄

ကိုယ်အလေးချိန်ထိန်းသိမ်းလိုသူများအရက်သောက်သုံးမှုကို ချင့်ချိန်သင့်သည်ဟုဆို စာ-၅

ဘရစ္စဘိန်းတင်းနစ် မာရေး ဖလားဆွတ်ခူး စာ-၁၂

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ထာဝရ ငြိမ်းချမ်းရေး

မည်သည့်နိုင်ငံ၊ မည်သည့်ဒေသတို့၌မဆို တည်ငြိမ်အေးချမ်းမှု အမှန်တကယ်ရှိပါမှ ဒေသ၏လုံခြုံအေးချမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လုပ်ကိုင်နိုင်ကြမည်ဖြစ်ပါသည်။ နယ်မြေဒေသအေးချမ်းလုံခြုံမှုသည် ထိုဒေသ၏ စီးပွားရေးနှင့် လူမှုဘဝတိုးတက်မြင့်မားရေးအတွက် အဓိကသော့ချက်ပင်ဖြစ်သည်။ နယ်မြေဒေသအေးချမ်းမှုရှိလေလေ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုလုပ်ဆောင်နိုင်လေလေဖြစ်၏။

ကျွန်ုပ်တို့နိုင်ငံသည် လွတ်လပ်ရေးမရမီက နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်ခဲ့မှုကြောင့် တိုင်းရင်းသားအချင်းချင်း စိတ်ဝမ်းကွဲကာ နှစ်ပေါင်း ၆၀ ကျော်ကြာ လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားခဲ့ရသည်။ ထို့ကြောင့်လည်း နယ်စပ်ဒေသများ ဖွံ့ဖြိုးတိုးတက်သင့်သလောက် မတိုးတက်ဘဲ ခေတ်နောက်ကျ ကျန်ရစ်ခဲ့ရသည်။ ပြည်သူများ၏ လူမှုဘဝနိမ့်ကျခဲ့ရသည်။ စစ်၏ အနိဋ္ဌာရုံများကြား အမုန်းတရားများ ကြီးထွားစေခဲ့သည်။

ထို့ကြောင့်လည်း အစိုးရအဆက်ဆက်နှင့် တိုင်းရင်းသားလက်နက်ကိုင်များအကြား ငြိမ်းချမ်းရေးတည်ဆောက်နိုင်ရန် အကြိမ်ကြိမ်ကြိုးစားခဲ့ကြသည်။ အထူးသဖြင့် လက်ရှိနိုင်ငံတော်အစိုးရသည် အစိုးရတာဝန်ယူချိန်မှစပြီး မတူညီမှုများ ဘေးဖယ်၊ တူညီမှုများဖြင့် နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းမည်ဟူသော သန္နိဋ္ဌာန်နှင့်အညီ တိုင်းပြည်တည်ငြိမ်အေးချမ်းအောင် ဖော်ဆောင်ခဲ့ပါသည်။ ထို့ကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း ၁၁ ဖွဲ့ရှိသည့်အနက် ၁၀ ဖွဲ့နှင့် ငြိမ်းချမ်းရေးဖော်ဆောင်လျက်ရှိနေပြီဖြစ်ပါသည်။ ကေအိုင်အေ၊ ကေအိုင်အိုအဖွဲ့နှင့်သာ ဆက်လက်ညှိနှိုင်းအဖြေရှာနေဆဲဖြစ်ပါသည်။ ထို့ကြောင့်လည်း နယ်စပ်ဒေသအတော်များများတွင် ရာခိုင်နှုန်း ၈၀ ခန့်မှာ ငြိမ်းချမ်းရေးအရသာခံစားနေကြရပြီဖြစ်သည်။ ဆက်လက်ပြီး ထာဝရငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့သာ ရှိပါတော့သည်။

ပွင့်လင်းစပြုနေပြီဖြစ်သည့် မိမိတို့၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို လက်လွှတ်မခံဘဲ တစ်ဦးနှင့်တစ်ဦးနားလည်မှု၊ ယုံကြည်မှုနှင့် စာနာမှုတို့ဖြင့် ထာဝရငြိမ်းချမ်းသော မှုဘောင်တစ်ရပ်ကို အတူတကွလက်တွဲပူးပေါင်းပြီး သစ္စာရှိရှိ၊ သတ္တိရှိရှိဖြင့် ထူထောင်သွားကြပါစို့ဟူ၍ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့် ယမန်နေ့က နေပြည်တော်၌ တွေ့ဆုံစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ထို့အတူ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးကလည်း အပစ်အခတ်ရပ်စဲရေးမှ စတင်ခဲ့သည့် တွေ့ဆုံဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်ရန်အတွက် မိမိတို့ KNU အဖွဲ့က ဆန္ဒပြင်းပြလျက်ရှိပါကြောင်း၊ ယနေ့အခါတွင် နိုင်ငံတော်၌ အပြောင်းအလဲများရှိနေသည်ဖြစ်ရာ ဤအပြောင်းအလဲအတိုင်း လိုက်ပါဆောင်ရွက်ရန်သာရှိပြီး မိမိတို့အနေဖြင့် နောက်ဆုတ်ရန်မရှိပါကြောင်း ပြောကြားခဲ့သည်။

သို့ဖြစ်၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးအပစ်အခတ်ရပ်စဲသည်မှ စေ့စပ်ညှိနှိုင်း၊ စေ့စပ်ညှိနှိုင်းမှုမှသည် ထာဝရငြိမ်းချမ်းရေးကို တည်ဆောက်သွားကြမည်ဆိုလျှင် အမှန်ပင် မိမိတို့နိုင်ငံသည် အမြန်ဆုံးဖွံ့ဖြိုးတိုးတက်လာမည်ဟု ယုံကြည်မိပါကြောင်း။ ။

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘာ့နိုင်ငံအသီးသီးမှခေါင်းဆောင်များက (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့

(ယမန်နေ့မှအဆက်)

ရန်ကုန် ဇန်နဝါရီ ၆

၂၀၁၃ ခုနှစ် ဇန်နဝါရီ ၄ ရက်၌ ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံတော်အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာများ အသီးသီးပေးပို့ကြသည်။

ကမ္ဘောဒီးယားနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆန်ထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာနိုင်ငံ ပြည်သူပြည်သားများထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံတို့သည် နှစ်ကာလ ကြာရှည်စွာ မိတ်ဆွေနိုင်ငံများအဖြစ် နီးနီးကပ်ကပ် ဆက်ဆံရင်းနှီးမှုများ ဖြစ်ထွန်းခဲ့ပါကြောင်း၊ နယ်ပယ်စုံကဏ္ဍစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ပါကြောင်း၊ အာဆီယံမူဘောင်အတွင်းမှလည်း ပူးတွဲလုပ်ကိုင်မှုများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာနိုင်ငံ ပြည်သူ ပြည်သားများ ကျန်းမာချမ်းသာဖြစ်စေရန် ဆုမွန်ကောင်း တောင်းပါကြောင်း စသည်ဖြင့် ဖော်ပြပါရှိသည်။

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျူးသန်စန်းထံမှ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ အဆိုပါသဝဏ်လွှာတွင် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်ထံသို့ ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ပါကြောင်း၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့အကြား ချစ်ကြည်ရင်းနှီးမှုများတိုးတက်ဖော်ဆောင်နိုင်ရန် ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း အလွန်အရေးကြီးသော နိုင်ငံရေးအလှည့်အပြောင်းကို အဆွေတော်ဦးဆောင်မှုဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုကို အလေးအနက်ပြု ဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံသည်လက်ရှိ အခြေအနေ၌ ကမ္ဘာနှင့် ဒေသဆိုင်ရာတို့တွင် အခန်းကဏ္ဍတဖြည်းဖြည်းနှင့် တိုးတက်မြင့်မားလာလျက် ရှိပါကြောင်း၊ ထူးခြားသော ပြုပြင်ပြောင်းလဲမှုများကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်နေသည်ကိုလည်း တွေ့မြင်နေရပါကြောင်း၊ နှစ်နိုင်ငံ အဆင့်မြင့်ခေါင်းဆောင်များ၏ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်များ ဆက်လက် ပေါ်ပေါက်လာရေးအတွက်လည်း ကြိုးစားသွားမည်ဖြစ်ပါကြောင်း၊ အနာဂတ်ကာလတွင် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပါကြောင်း၊ အဆွေတော် ကျန်းမာချမ်းသာစေရန်နှင့် မြန်မာ ပြည်သူပြည်သားများဖွံ့ဖြိုးတိုးတက်ပြီး သာယာဝပြောစေရန် ဆုမွန်ကောင်းများတောင်းပါကြောင်း ဖော်ပြပါရှိသည်။

ကနေဒါနိုင်ငံ

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံသို့ ကနေဒါနိုင်ငံ ဘုရင်ခံချုပ် ဒေးဗစ်ဂျွန်စတုန်းက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ထားသည်။

အဆိုပါသဝဏ်လွှာ၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ (၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော်နှင့် မြန်မာပြည်သူ ပြည်သားများ ကျန်းမာချမ်းသာစေရန် ဆုမွန်ကောင်းတောင်းပါကြောင်း၊ မြန်မာအစိုးရ၏ ဒီမိုကရေစီဖော်ဆောင်ရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုတို့အပေါ် နွေးထွေးလှိုက်လှဲစွာ ကြိုဆိုပါကြောင်း၊ ဒီမိုကရေစီဖော်ဆောင်ရေးတွင် ဆက်လက်ကူညီထောက်ခံအားပေးရန် အသင့်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကနေဒါနိုင်ငံ၏ ပထမဆုံး သံရုံးဖွင့်လှစ်သွားလိုပါကြောင်း၊ နှစ်နိုင်ငံအစိုးရတို့အကြား ဆက်ဆံရေးတိုးတက်လာလိမ့်မည်ဟု မျှော်လင့်ပါကြောင်း စသည်ဖြင့် ဖော်ပြထားသည်။ ***(ဆက်လက်ဖော်ပြပါမည်)***

သောက်ရေကန်လား ဒိုက်ကန်လား

ရေသည် လူတို့အသက်ရှင်သန်ရေးအတွက်မရှိမဖြစ် လိုအပ်သောအရာဖြစ်သည်။ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးအစီအစဉ်ဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။

၇၈ ဧကအကျယ်အဝန်းရှိသည့် ဆင်ကန်ရေကန်ကြီးမှ ရေကိုဖြန့်ဝေပေးခြင်းဖြစ်သည်။ အဆိုပါ ရေကန်ကြီးသည် လွန်ခဲ့သည့် ၁၀ နှစ်ခန့် (ရေစတင် ဖြန့်ဝေစဉ်)က ရေသန့်ပါဝင်မှု PH-6 အထက်ရှိ၍ မြို့လူထုက သောက်ရေအဖြစ် စိတ်ချယုံကြည်စွာ သောက်သုံးခဲ့ကြသည်။

အဆိုပါ ရေကန်ကြီးသည် ၂၀၁၀ ခုနှစ်မှစ၍ သောက်ရေများ ပျက်စီးပြောင်းလဲလာခဲ့ရာ ၂၀၁၂ ခုနှစ်တွင် အဆိုးရွားဆုံးဖြစ်လာသည်။ နီညိုရောင်နှင့် အပုပ်နံ့များကြောင့် သောက်ရန်ဝေးစွ၊ ချိုးရေအဖြစ်သုံးရန်ပင် မဝံ့မရဲဖြစ်ကြရသည်။

ထိုဖြစ်စဉ်အပေါ် မြို့နယ်တာဝန်ရှိသူများ၊ စည်ပင်သာယာဝန်ထမ်းများကလည်း နည်းမျိုးစုံဖြင့် ဖြေရှင်းဆောင်ရွက်ကြသည်။ သံမဏိသံခွေဖြင့် ရေစုပ်ပိုက်ခေါင်းကို ကာကွယ်ထားခြင်း၊ ကျောက်ချဉ်နှင့် ဆေးခပ်ခြင်း၊ ကျွဲခေါင်းပင်နှင့် ပကန်ဒိုက်များကို ထိန်းခြင်း၊ ဆယ်တင်ခြင်းတို့ကို စွမ်းအားရှိသမျှ ဆောင်ရွက်သည့်အခါ ရေအနီရောင်ပျောက်၍ ပြန်လည်ကြည်လင်လာသည်ကို တွေ့ရသည်။

ရေသန့်ရပေပြီဟု ဝမ်းမြောက်ကြည်နူး၍မဝသေး၊ မြို့သောက်သုံးရေများ အနီရောင်ပြန်ဖြစ်လာ၍ ဆင်ကန်ရေကန်ကြီးသို့ သွားရောက်လေ့လာရာ လေယူရာတိမ်း၍ မျောပါနေသည့် ဒိုက်ပင်များသည် ပုံတွင်မြင်တွေ့ရသည့်အတိုင်း ရေစုပ်ပိုက်အနီးသို့ စုဝေးရောက်ရှိနေသည်ကို တွေ့ရသည်။

ထင်သာမြင်သာ ပြုပြင်စရာ

အဆိုပါ ဒိုက်ပင်များသည် ၇၈ ဧကရှိ ရေကန်၏ တစ်ဝက်နီးပါးရှိမည်ဟု ခန့်မှန်းရသည်။ လေတိုက်ရာမျောပါ၍ ရေစုပ်ခေါင်းရှိရာ အရပ်ရောက်သည့်အခါ ရေထုညစ်ညမ်းရခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ဤမျှ ထုထည်ကြီးမားနေသော ဒိုက်မျောကြီးများကို ဆယ်တင်ရန် စည်ပင်ဝန်ထမ်းအားဖြင့် မလုံလောက်ပါ။ လူမှုရေးစိတ်ဓာတ်ရှိသူ မိဘပြည်သူများ၏ စွမ်းပကားဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ "သောက်ရေကန်လား ဒိုက်ကန်လား" ဟု ဝေခွဲမရဖြစ်စေသည့် ကျောက်တန်းမြို့ လူထုအား သောက်သုံးရေဖြန့်ဝေရာ ဆင်ကန်ရေကန်ကြီးကို မြို့နယ်တာဝန်ရှိသူများ၏ ဦးဆောင်စီမံမှုနှင့်အတူ လူမှုရေးအဖွဲ့များ၊ စေတနာရှင်ပြည်သူများစွမ်းအားဖြင့် ပါဝင်ပူးပေါင်း ပြုပြင်အလှဆင်သင့်ပါသည်။

စိုးဝင်း (ကျောက်တန်း)

အလိမ္မာ စာမှာရှိ

မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများချစ်ကြည်ရေးအသင်း စမတောင်ရှိ မဟာပရဟိတဖွံ့ဖြိုးရေးဂေဟာသို့ ငွေကျပ် ၉၆ သိန်းလှူဒါန်း

နေပြည်တော် ဇန်နဝါရီ ၆

ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း (Myanmar ASEAN Women's Friendship Association)က နေပြည်တော် လယ်ဝေးမြို့နယ် စမတောင်ရှိ မဟာပရဟိတဖွံ့ဖြိုးရေးဂေဟာ၌ စက်ရေတွင်းနှင့်ရေပေးဝေရေးလုပ်ငန်းအတွက် အလှူငွေကျပ် ၉၆ သိန်းကို မဟာပရဟိတဖွံ့ဖြိုးရေးဂေဟာမှ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒထံ သွားရောက်လှူဒါန်းသည်။ ယင်းလှူဒါန်းငွေသည် မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်းမှ လှူဒါန်းငွေကျပ်သိန်း ၈၀ နှင့် အာဆီယံအမျိုးသမီးများအသင်း (ရန်ကုန်) မှ လှူဒါန်းငွေကျပ် ၁၆ သိန်းတို့ဖြစ်သည်။

အဆိုပါ ငွေလှူဒါန်းပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၏ဇနီး မြန်မာနိုင်ငံ အာဆီယံအမျိုးသမီးများ ချစ်ကြည်ရေးအသင်း၏ နာယက ဒေါ်လင်းလင်းတင်နှင့် ဒုတိယဝန်ကြီး ဦးဇင်ယော်၏ဇနီး နာယက အဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သီရိ၊ အာဆီယံနိုင်ငံ သံရုံးများမှ သံအမတ်ကြီးများ၏ ဇနီးများ၊ အသင်း၏အလုပ်အမှုဆောင်ကော်မတီအဖွဲ့ဝင်များဖြစ်သော နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာအကြီးအကဲများ၏ ဇနီးများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ခဲ့ကြသည်။

(သတင်းစဉ်)

ဆယ်အိမ်စုမှူးများတွင် အမျိုးသမီးများပါဝင်လာ

ဟုမ္မလင်း ဇန်နဝါရီ ၆

ဟုမ္မလင်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ ဆယ်အိမ်စုမှူးများကို ဒီမိုကရေစီနည်းလမ်းတကျ ရွေးချယ်လျက်ရှိကြောင်း သိရှိရသည်။

၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၃၀ ရက်က ဟုမ္မလင်းမြို့နယ် မြင်သူအုပ်စုတွင် ဆယ်အိမ်စုမှူးနှင့် အုပ်စုအုပ်ချုပ်ရေးမှူးတို့ကို ဥပဒေ နည်းဥပဒေနှင့်အညီ ရွေးချယ်ရာ အမျိုးသမီး ဆယ်အိမ်စုမှူး ခြောက်ဦးအထိ ပါဝင်လာကြောင်း သိရသည်။ အလားတူ အခြားကျေးရွာအုပ်စုများတွင်လည်း အမျိုးသမီးဆယ်အိမ်စုမှူးများ ပါဝင်ကြောင်းသိရသည်။ (၁၁၇)

ပြည်တွင်းသတင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က တံတားဘိုးပိုင်အမှတ် RP1 တိုင်ကို စက်ခလုတ်နှိပ်၍ Vibrohammer ဖြင့် မြေတွင်းရိုက်သွင်းပေးစဉ်။

ရန်ကုန်အနောက်ပိုင်းယာဉ်ကြောပိတ်ဆို့မှုကို ဖြေရှင်းပေးမည့် ဘုရင့်နောင်တံတား အမှတ်(၂) စတင်တည်ဆောက်

ရန်ကုန် ဇန်နဝါရီ ၆

လှိုင်မြစ်ကို ဖြတ်သန်းတည်ဆောက်မည့် ရန်ကုန်-လှိုင်သာယာ အမှတ်(၂) တံတား ပန္နက်တော်တင်တွင်းတော်ဝန်းမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီ ၂၇ မိနစ်က ရန်ကုန်ဘက်ကမ်းရှိ တံတားတည်ဆောက်ရေး စီမံကိန်းအနီး လှိုင်မြစ်ကမ်းဘေး RP1 ဘိုးပိုင်အနီး မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က RP1 ဘိုးပိုင်ကို Vibrohammer ဖြင့် ရိုက်သွင်းရန်အတွက် စက်ခလုတ်နှိပ်ပေးသည်။

၎င်းနောက် ဘုရင့်နောင်တံတား အမှတ် (၂)တည်ဆောက်မည့် အစီအစဉ်ကို တံတားတည်ဆောက်ရေး အထူးစီမံကိန်းကြီးများအဖွဲ့(၅)မှ တာဝန်ခံစီမံကိန်း အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က ပရိုဂျက်တာများဖြင့် ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်နှင့် ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က လိုအပ်သည်များ မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တည်ဆောက်မည့် ဘုရင့်နောင်တံတားအမှတ် (၂)သည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်သို့ ဆက်သွယ်ထားသော ဘုရင့်နောင်တံတား အမှတ်(၁)အနီးယှဉ်လျက် မြစ်ညာဘက် ပေ ၂၀၀ အကွာတွင်ရှိသည်။ ပင်မတံတားအရှည်မှာ ၁၆၂၄ ဒသမ ၁ ပေနှင့် ချဉ်းကပ်တံတားအရှည် မရမ်းကုန်းဘက်ကမ်းတွင် ၉၈၈ ဒသမ ၆၇ ပေ၊ လှိုင်သာယာဘက်ကမ်းတွင် ၁၆၅၅ ဒသမ ၈၁ပေ စုစုပေါင်း တံတားအရှည်မှာ ၄၂၆၈ ဒသမ ၅၈ပေဖြစ်သည်။ တံတားအမျိုးအစားမှာ(ပင်မတံတား) မှာ တံတားအုတ်မြစ်နှင့်အောက်ထည် Bored Pile & R.C.D၊ တံတားအပေါ်ထည် သံမဏိသံပေါင်ဖြစ်ပြီး တံတားအမျိုးအစား (ချဉ်းကပ်တံတား)မှာ တံတားအုတ်မြစ်နှင့် အောက်ထည် Bored Pile၊ တံတားအပေါ်ထည်P.C Girder+R.C concrete ဖြစ်သည်။ မော်တော်ယာဉ်တစ်စီးချင်းဝန်အလေးချိန်မှာ ၇၅ တန်ဖြစ်သည်။ လေးလမ်းသွား ကားလမ်းအကျယ် ၄၈ ပေနှင့် လူသွားလမ်းအကျယ်(တစ်ဖက်လျှင်)ခြောက်ပေ ပါရှိသည်။ ရေလမ်းကင်းလွတ်အကျယ် ပေ ၃၇၀ ၊ ရေလမ်းကင်းလွတ်အမြင့် (အမြင့်ဆုံးရေအမှတ်မှ) ၁၁ မီတာ (၃၆ ပေ) ဖြစ်သည်။

အဆိုပါ ဘုရင့်နောင်တံတား အမှတ် (၂) ပြီးသွားလျှင် ရန်ကုန်မှ ဧရာဝတီနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်သို့ သွားလာနေကြသည့် ကုန်တင်ကားကြီးများကို အမှတ်(၂) တံတားသစ်ကြီးမှ ဖြတ်သန်းသွားလာခွင့်ပြုမည်ဖြစ်ပြီး လက်ရှိ အမှတ် (၁) ဘုရင့်နောင်တံတားဟောင်းပေါ်တွင် ကုန်တင်ကားကြီးများ ဖြတ်သန်းခွင့်ပြုတော့မည် မဟုတ်ဘဲ ကားလေးများသာ ဖြတ်သန်းခွင့်ပြုတော့မည်ဟု သိရသည်။

လက်ရှိ ဘုရင့်နောင်တံတား အမှတ်(၁)သည် နှစ်လမ်းသွားသာဖြစ်၍ တိုးတက်များပြားလာသော လူစီးကားများနှင့် ကုန်တင်ကားကြီးများ သွားလာမှုများသောကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ အမြဲတမ်းဖြစ်လျက်ရှိနေသဖြင့် ယခုကဲ့သို့ ဘုရင့်နောင်တံတားအမှတ်(၂)ကို ဘုရင့်နောင်တံတား အမှတ် (၁) နှင့် ယှဉ်လျက် မြစ်ညာဘက် ပေ၂၀၀ အကွာတွင် တည်ဆောက်မည်ဖြစ်ပြီး အဆိုပါ တံတားကြီးကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားအထူးစီမံကိန်းကြီးအဖွဲ့(၅)က တာဝန်ယူ၍အချိန်တိုအတွင်း ပြီးစီးအောင် တည်ဆောက်သွားမည်ဟု သိရသည်။

သတင်းနှင့်ဓာတ်ပုံ - ခရမ်းစိုးမြင့်

နေ့စဉ်ထုတ်သတင်းစာများ အချိန်မီနေ့ချင်းရောက် ဖြန့်ချိပေးနေ

မန္တလေး ဇန်နဝါရီ ၆

၂၀၁၃ ခုနှစ် ဇန်နဝါရီလ ၁ ရက်မှ စတင်၍ ကိုယ်ပွားမန္တလေးသတင်းစာတိုက်မှ ရောင်စုံစက်သစ်ဖြင့် ပုံနှိပ်ဖြန့်ချိလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံ ရောင်စုံသတင်းစာများကို ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိကျောက်မဲ၊သီပေါ၊ လားရှိုး၊ မူဆယ်၊ သိန္နီ၊ နမ္မတူ၊ ကွန်းလုံ၊ ကွတ်ခိုင်၊ ကွမ်းလုံ၊ နမ့်ခမ်းနှင့် မိုးမိတ် စသည့် ၁၀မြို့နယ်တို့အား ဝင်းနားမှန်လုံမော်တော်ယာဉ်လိုင်းနှင့် မိုးမိတ်လိုင်းကားဖြင့် ပူးပေါင်းကူညီပို့ဆောင်ပေးလျက်ရှိရာ သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ အချိန်မီနေ့ချင်းရောက်ရှိပြီး သက်ဆိုင်ရာ သတင်းစာကိုယ်စားလှယ်များက ပို့ဆောင်ဖြန့်ချိပေးမှုဖြင့် ပြည်သူများက ရောင်စုံသတင်းစာများကို ဆောလျင်စွာဖတ်ရှုနေရကြောင်း၊ အလားတူ ကချင်ပြည်နယ်အတွင်းရှိ မြစ်ကြီးနား၊ မိုးညှင်းနှင့် ဟိုပင်စသည့်မြို့နယ် သုံးမြို့နယ်ကို ရထားဖြင့်လည်းကောင်း၊ ဗန်းမော်၊ မိုးမောက်နှင့် ရွှေကူစသည့် မြို့နယ်သုံးမြို့နယ်တို့ကို မော်တော်ယာဉ်လိုင်းကားဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအတွင်းရှိ ပခုက္ကူ၊ မြိုင်၊ ရေစကြိုနှင့်ပေါက် စသည့် လေးမြို့နယ်တို့ကို မော်တော်ယာဉ်လိုင်းကားဖြင့်လည်းကောင်း၊ ချင်းပြည်နယ်အတွင်းရှိ မင်းတပ်၊ ကျောက်ထု၊ ဖလမ်း၊ ဟားခါး စသည့်လေးမြို့နယ်ကို မော်တော်ယာဉ်လိုင်းကားဖြင့် လည်းကောင်း အသီးသီး နေ့ချင်းပို့ဆောင်ပေးလျက်ရှိကြောင်း သိရှိရသည်။ **(ယာပုံ)**

တင်မောင်(မန္တလေး-ကိုယ်ပွား)

ပညာရေးစုံညီပွဲတော် ကချင်ပြည်နယ်၌ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကချင်ပြည်နယ် ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၃ ရက်က မြစ်ကြီးနားမြို့ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ကျင်းပရာ**(အောက်ပုံ)** ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းတက် ရောက်ချီးမြှင့်၍ ပညာရေးစုံညီပွဲတော်တွင် ခင်းကျင်းပြသထားသည့် ကွန်ပျူတာခန်း၊ သိပ္ပံခန်း၊ ရသခန်း၊ သင်ထောက်ကူ ပြခန်းနှင့် အိမ်တွင်းမှုလက်မှုပြခန်းတို့ကို ကြည့်ရှုအားပေးသည်။

ပညာရေးစုံညီပွဲတော်ကို အဆိုပါကျောင်းရှိ အင်ဂျန်းခန်းမဆောင်၌ ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမတို့အား တာဝန်ရှိသူတို့နှင့်အတူ ဆုများ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျိုင်းတုံမြို့ရှိ စာပေရေချမ်းစင်ပြည်သူများ အထူးနှစ်ခြိုက်

ကျိုင်းတုံ ဇန်နဝါရီ ၆

ရှမ်းပြည်နယ် ကျိုင်းတုံမြို့ တွဲဖက်ပြည်နယ် ပြန်/ဆက်၏ ဦးဆောင်လမ်းညွှန်မှု၊ ခရိုင် ပြန်/ဆက်၏ ကြီးကြပ်မှု၊ မြို့နယ် ပြန်/ဆက်၏ စီစဉ်ဆောင်ရွက်ထားရှိမှုဖြင့် ပြည်သူကို ဗဟိုပြုသော ပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းဖြစ်သည့် စာပေရေချမ်းစင်ကို ကျိုင်းတုံမြို့ အမှတ်(၁)ရပ်ကွက် အဝေးပြေးယာဉ်ရပ်နားစခန်းဝင်းအတွင်းရှိ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မော်တော်ယာဉ်လိုင်းပေါင်းစုံထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီရုံးအဆောက်အအုံတွင် ပြည်သူများ စာပေဗဟုသုတတိုးပွားစေရန် ရည်ရွယ်လျက် နိုဝင်ဘာ ၁ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ပြည်သူများ၊ စာပေဝါသနာရှင်များ စာပေဖတ်ရှုရင်း စကားလက်ဆုံပြောဆိုကာဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

"ပြည်သူတွေအဖို့ ခရီးမထွက်ခွာခင်မှာ အပျင်းလည်းပြေ၊ ဗဟုသုတလည်း ရစေတာမို့ အခုလို စာပေရေချမ်းစင် ဖွင့်လှစ်ပေးထားတာဟာ တော်တော်ကောင်းပါတယ်ဗျာ" ဟု တာချီလိတ်မြို့သို့ ခရီးသွားမည့် လားဟူ တိုင်းရင်းသား ဦးကျာလယ်လှဝင်းက ပြောကြားသည်။

"ကျိုင်းတုံမြို့မှာ ဂျာနယ်တစ်စောင် ရောင်းဈေးနှုန်းက ငွေကျပ် ၈၀၀ ရှိတာမို့ အပတ်စဉ်ထုတ် ဂျာနယ်အစုံကို ဝယ်ဖတ်နိုင်ဖို့ မလွယ်ကူခဲ့ပါဘူး။ အခုဆိုရင် စာပေရေချမ်းစင်ကျေးဇူးကြောင့် အပတ်စဉ်ထုတ် ဂျာနယ်မျိုးစုံကို အားပါးတရ ဖတ်ရှုနိုင်ပြီမို့လို့ စာပေရေချမ်းစင်ထားရှိပေးခြင်းဖြင့် ကျွန်တော်တို့လို စာပေဝါသနာရှင်တွေအနေနဲ့ အထူးပဲ ဝမ်းသာပီတိဖြစ်နေပါတယ်"ဟု အထက်တန်းပြ(ကာယ)ဆရာ ဦးနေဝင်းက ပြောကြားသည်ကိုလည်း ကြည်နူးဖွယ် ကြားသိခဲ့ရသည်။

အဆိုပါ ပြည်သူ့ဝန်ဆောင်မှု စာပေရေချမ်းစင်တွင် နေ့စဉ်ထုတ်သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ မဂ္ဂဇင်းများ၊ ရသစာပေများ၊ ရုပ်ပြကာတွန်းများကို အခမဲ့ဖတ်ရှုနိုင်အောင် စားပွဲများ၊ ပလတ်စတစ်ထိုင်ခုံများဖြင့် ခင်းကျင်းထားရှိကာ အမိုးအကာအောက်တွင် ပြည်သူများ၊ စာပေဝါသနာရှင်များ စိတ်အေးချမ်းသာစွာဖြင့် စာပေဖတ်ရှုနိုင်အောင် စနစ်တကျစီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရှိရသည်။

နိုင်နိုင်အောင်ဝေ

အိမ်ရာအဆောက်အအုံနေထိုင်မှုနှင့် မော်တော်ယာဉ်ပြပွဲ ၂၀၁၃ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၆

ပြောင်းလဲလာသော ဈေးကွက်စီးပွားရေးစနစ်အရ အဆင့်မြင့် ထုတ်ကုန်ပစ္စည်းများ၊ ဝန်ဆောင်မှုများ ပြည်သူလူထုမှ တိုက်ရိုက်သိရှိနိုင်ပြီး ဈေးကွက်သစ်များ ပေါ်ထွန်းလာရေးရည်ရွယ်ကာ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဇန်နဝါရီ ၁၀ ရက် မှ ၁၃ ရက်အထိ HOUSING, LIVING & AUTOMOBILE ပြပွဲ 2013 အိမ်ရာအဆောက်အအုံနေထိုင်မှုနှင့် မော်တော်ယာဉ်ပြပွဲ ၂၀၁၃ကို စည်ကားသိုက်မြိုက်စွာ ခင်းကျင်းပြသမည်ဖြစ်သည်။

ပြပွဲကို ဇန်နဝါရီ ၁၀ ရက်မှ ၁၃ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ဖွင့်လှစ်ပြသမည်ဖြစ်ရာ သိရှိလိုသည်များကို ဖုန်း-၀၉-၈၆၂၆၀၈၀၊ ၀၉-၄၉၂၂၁၈၅၄ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(၃၄၉)

ပန်းချီ ပန်းပုအနုပညာပြပွဲ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံလုံးဆိုင်ရာသင်းလုံးကျွတ် ပန်းချီ ပန်းပု အနုပညာပြပွဲဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက ဖွင့်လှစ်ခဲ့သည်။

အဆိုပါပြပွဲတွင် တစ်နိုင်ငံလုံးမှ ပန်းချီ ပန်းပုအနုပညာရှင် ၇၀၂ ဦးတို့က ပန်းချီကား ၉၉၂ ကား၊ ပန်းပု ၁၅၄ ခု အပါအဝင် ပန်းဆယ်မျိုးနှင့် စပ်လျဉ်းသည့် အနုပညာပစ္စည်းပေါင်း ၁၀၀၀ ကျော်ကို ခင်းကျင်းပြသထားသည်။

ပြပွဲကို ဇန်နဝါရီ ၇ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ည ၉ နာရီအတွင်း ခင်းကျင်းပြသထားမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရှိရသည်။ **(ကိုချစ်)**

Mother's Home Education Centre
အမေ့အိမ်
အမေတစ်ယောက်၏စေတနာ၊ မေတ္တာနှင့်မခြား၊ သင်ကြား/လေ့ကျင့် စီမံ အုပ်ချုပ်သော
'အမေ့အိမ်အဆင့်မြင့်တော်ဝါ' ၏ (၁၆) ကြိမ်မြောက်ဆုနှင်းသဘင် ကို
ပညာရေးဝန်ကြီးဌာန ခွင့်ပြုချက်အမှတ် တက-၁၃/၀၉/၀၁၇ ဖြင့် ဖွင့်လှစ်ခွင့်ရရှိသော
ကိုယ်ပိုင်အထက်တန်းကျောင်းဖွင့်လှစ်ခြင်းအထိမ်းအမှတ်
ပညာရေးအလှူ နှင့်အတူ ကျင်းပမည်ဖြစ်ပါ၍
အာသာခံဖိတ်ကြားအပ်ပါသည်
(၃) ဦးနှင့် ဂုဏ်ထူးရှင်များ၊ ကျောင်းသား/သူဟောင်းများ ဆရာမ ဒေါ်မိုးမိုးထံသို့ သတင်းပို့ပါရန်။
ကျား/မ ဘော်ဒါဆောင် - အမှတ်(၆၂၇/၆၂၉)၊ ကံတော်ရိပ်သာလမ်း၊ ၁၆/၄ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: 09-514 6359, 09-731 22 777, 01-571547
ကိုယ်ပိုင်အထက်တန်းကျောင်း - တိုက်(အေ/၁-၂)၊ ဇာလီတောင်အိမ်ရာ၊ သုမင်္ဂလာလမ်းမကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ Tel: 09-493 140 99

နိုင်ငံတကာသတင်း

ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်းတိုက်ခတ် လူ ၅၀၀ ခန့်အားကယ်ဆယ်

မနီလာ ဇန်နဝါရီ ၆

ဖိလစ်ပိုင်နိုင်ငံ တောင်ပိုင်းနှင့် အနောက်ပိုင်းတွင် ဆိုနာမူအမည်ရှိ အပူပိုင်းမုန်တိုင်းတစ်ခု ဝင်ရောက်တိုက်ခတ်မှုကြောင့် တစ်ဦးသေဆုံးပြီး မိသားစုဝင်ပေါင်း တစ်ရာကျော်ခန့်ကို ကယ်ဆယ်ရေးများ ဆောင်ရွက်ပေးခဲ့ရကြောင်း ဖိလစ်ပိုင်အမျိုးသား သဘာဝဘေးအန္တရာယ် သက်သာလျော့ပါးရေးနှင့် စီမံကွပ်ကဲရေးကောင်စီဌာနက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားသည်။

အဆိုပါ မုန်တိုင်းကြောင့် သေဆုံးသူမှာ ဖိလစ်ပိုင်နိုင်ငံအနောက်ပိုင်း ရီဇယ်မြို့ အိုင်ရန်ကျေးရွာမှ ပက်ထရိုဖရန်စီစကိုအမည်ရှိ အသက် ၃၅ နှစ်အရွယ် အမျိုးသားတစ်ဦးဖြစ်သည်။ မုန်တိုင်းတိုက်ခတ်စဉ် ၎င်း၏ကိုယ်ပေါ်သို့ အုန်းပင်တစ်ပင် ပြိုလဲကျပြီးနောက် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း ယင်းဌာနက ပြောကြားသည်။

ထိုအတောအတွင်း ဆိုနာမူအပူပိုင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် မိုးများအဆက်မပြတ်ရွာသွန်းပြီး ရေလွှမ်းမှုများဖြစ်ပေါ်ကာ နိုင်ငံတောင်ပိုင်းကွက်ဇုန်မြို့ရှိ ဘတ်စကက်ဘောကွင်းတစ်ခုမှ မိသားစုဝင်ပေါင်း တစ်ရာခန့် သို့မဟုတ် လူပေါင်း ၅၀၀ ခန့်ကို ကယ်ဆယ်ခဲ့ရကြောင်း အဆိုပါဌာနမှ ပြောကြားသည်။

ထို့အပြင် ဖိလစ်ပိုင်အနောက်ပိုင်း ပလာဝမ်ကျွန်းရှိ ပူအာတိုစီးတီး၊ အဘွန်ရန်၊ ဘရော့ကက်စ်ပွိုင့်နှင့် ကွက်ဇုန်မြို့တို့တွင် ခါတ်အားပြတ်တောက်မှုများ ကြုံတွေ့ခဲ့သည်ဟု ဆိုသည်။ အဆိုပါ အပူပိုင်းမုန်တိုင်းသည် ဖိလစ်ပိုင်ဧရိယာအတွင်းမှ ထွက်ခွာသွားပြီဖြစ်ကြောင်း ဖိလစ်ပိုင် မိုးလေဝသခန့်မှန်းရေးဌာနက ပြောကြားသည်။ **(ဆင်ဟွာ)**

အနောက်နိုင်ငံများ ဝင်ရောက်စွက်ဖက်မှုဟန့်တားရန် ရုရှားနိုင်ငံက ဆီးရီးယားသို့ စစ်သင်္ဘောငါးစင်းစေလွှတ်

မော်စကို ဇန်နဝါရီ ၆

ရုရှားစစ်သင်္ဘောများသည် ဆီးရီးယားနိုင်ငံအတွင်း အနောက်နိုင်ငံများ၏ စစ်ရေးအရ ဝင်ရောက်စွက်ဖက်မှုကို ဟန့်တားနိုင်ရန် မြေထဲပင်လယ် ဆီးရီးယားကမ်းလွန်သို့ဆိုက်ရောက်ဖြန့်ကြက်လျက်ရှိကြောင်း**(အပေါ်ပုံ)** ဇန်နဝါရီ ၆ ရက်က ပရက်စ်တီဗွီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

ရုရှားနိုင်ငံက အဆိုပါဒေသသို့ စစ်သင်္ဘောငါးစင်း စေလွှတ်ထားသည်။ သင်္ဘောများပေါ်တွင် စစ်ယာဉ်များနှင့် ရာနှင့်ချီသော မရိန်းတပ်ဖွဲ့ဝင်များ တင်ဆောင်လာသည်။ ၎င်းသင်္ဘောများသည် မကြာမီ မြေထဲပင်လယ်ဒေသ အရှေ့ပိုင်းတွင် တိုက်ခိုက်ရေးရေယာဉ်များဖြစ်လာနိုင်သည်ဟု ရုရှားသံတမန်တစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက်ဆန်းဒေးတိုင်း(မ်) သတင်းစာက ဖော်ပြသည်။

ဆီးရီးယားအခြေအနေသည် အီစတာ ပွဲတော်မတိုင်မီ အဆိုးရွားဆုံးအခြေအနေသို့ ရောက်ရှိနိုင်သည့်အတွက် ရုရှားနိုင်ငံအနေဖြင့်လည်း အသင့်အနေအထားပြင်ဆင်ထားသင့်ကြောင်း အမည်မဖော်လိုသူ ရုရှားသံတမန်က ပြောကြားသည်။

ဆီးရီးယားရေပိုင်နက်အနီး ရုရှားရေတပ်ရှိနေခြင်းကြောင့် အနောက်နိုင်ငံများက ဆီးရီးယားအစိုးရကို ဆန့်ကျင်တိုက်ခိုက်နေသော စစ်သွေးကြွများအား ကူညီရန် ဝင်ရောက်တပ်ဖြန့်ကြက်မှုကို ဟန့်တားပေးနိုင်လိမ့်မည် ဖြစ်ကြောင်းလည်း အဆိုပါရုရှားသံတမန်က ထပ်လောင်း ပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဆီးရီးယားသမ္မတ ဘာရှာအာဆတ် ပြည်သူများသို့ ရုပ်မြင်သံကြားမိန့်ခွန်းပြောမည်

ဒမတ်စကတ် ဇန်နဝါရီ ၆

ဆီးရီးယားသမ္မတ ဘာရှာအာဆတ်သည် ၎င်းအားဆန့်ကျင်သည့် ဆူပူအုံကြွမှုများကို တိုက်ခိုက်ချေမှုန်းနေစဉ် လတ်တလောကာလအတွင်းမှာပင် တိုင်းပြည်သို့ မိန့်ခွန်းပြောကြားရန်ရှိကြောင်း နိုင်ငံပိုင်မီဒီယာက ဇန်နဝါရီ ၆ ရက်တွင် သတင်းဖော်ပြသည်။

ဆီးရီးယားနိုင်ငံနှင့် နယ်မြေဒေသတစ်ခုလုံးတွင် နောက်ဆုံးပြုပြင်ပြောင်းလဲရေးများကို ဖြေဆိုမည့်မိန့်ခွန်းတစ်ရပ်ဖြစ်သည်ဟု စနနာသတင်းအေဂျင်စီက ဆိုသည်။ မြို့တော် ဒမတ်စကတ်အနီးတစ်ဝိုက်တွင် တိုက်ပွဲများပြင်းပြင်းထန်ထန်ဖြစ်ပွားနေစဉ်အတွင်း သမ္မတ အာဆတ်သည် ရုပ်မြင်သံကြားမှတစ်ဆင့် ပြည်သူသို့ မိန့်ခွန်းပြောကြားရန် စီစဉ်ခြင်းဖြစ်သည်။

ဆီးရီးယားနိုင်ငံအတွင်း သမ္မတအာဆတ်အား တော်လှန်ပုန်ကန်သည့် ဆူပူအုံကြွမှုများတွင် လူပေါင်း ၆၀၀၀၀ ကျော် သေဆုံးကြောင်း ကုလသမဂ္ဂက ခန့်မှန်းထားသည်။ ဆီးရီးယားဆူပူအုံကြွမှုများသည် ၂၀၁၁ ခုနှစ် မတ်လအတွင်းက စတင်ခဲ့ခြင်းဖြစ်သည်။ ယခုရုပ်မြင်သံကြားမှတစ်ဆင့် မိန့်ခွန်းပြောကြားခြင်းသည် ပြီးခဲ့သည့်နှစ် ဇွန်လနောက်ပိုင်း သမ္မတအာဆတ်၏ ပထမဆုံးလူထုမိန့်ခွန်းတစ်ရပ် ဖြစ်လာမည်ဖြစ်သည်။ ပြီးခဲ့သည့် နိုဝင်ဘာလ အတွင်းကပြုလုပ်ခဲ့သည့် ရုရှားရုပ်မြင်သံကြားနှင့် အင်တာဗျူးတွင် သမ္မတ၏ လူထုသို့နောက်ဆုံးပြောဆိုခဲ့သည်။ ထိုအင်တာဗျူးတွင် အာဆတ်က ၎င်းသည် ကွယ်လွန်သည်အထိ ဆီးရီးယားနိုင်ငံအတွင်းမှာပင် နေထိုင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **(ဘီဘီစီ)**

ကင်ညာသင်္ဘောကွန်တိန်နာတစ်ခုအတွင်း ဆင်စွယ်များ ဟောင်ကောင်အရာရှိများ သိမ်းဆည်းရမိ

ဟောင်ကောင် ဇန်နဝါရီ ၆

ကင်ညာနိုင်ငံမှ သင်္ဘောဖြင့် တင်ဆောင်လာသည့် ကွန်တိန်နာတစ်ခုအတွင်း မှောင်ခိုဆင်စွယ် တစ်တန်ကျော်ကိုသိမ်းဆည်းရမိခဲ့ကြောင်း၊ယင်းဖမ်းဆီးရမိမှုသည် သုံးလကျော်အတွင်း ဟောင်ကောင်မြို့၏ တတိယမြောက်အများဆုံးဖြစ်ကြောင်း ဟောင်ကောင်မှ တာဝန်ရှိသူများက ဒီဇင်ဘာ ၄ ရက်တွင် ပြောကြားသည်။

အလေးချိန် ၁ ဒသမ ၃ တန်ရှိ ဆင်စွယ် အပိုင်းအစပေါင်း ၇၇၉ ချောင်းကို ဇန်နဝါရီ ၃ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါဆင်စွယ်များကို သင်္ဘောကွန်တိန်နာတစ်ခုအတွင်း သစ်သားသေတ္တာငါးလုံးတွင် ဖြတ်တောက်ထည့်ထားခြင်းဖြစ်ကြောင်း ဟောင်ကောင်အကောက်ခွန်အရာရှိများက ဇန်နဝါရီ ၄ ရက်တွင် ပြောကြားသည်။

ဖမ်းဆီးရမိသော ဆင်စွယ်များ၏ ခန့်မှန်းတန်ဖိုးမှာ ဟောင်ကောင်ဒေါ်လာ ၁၀ ဒသမ ၆ သန်း(အမေရိကန် ဒေါ်လာ ၁ ဒသမ ၄ သန်း) ရှိသည်ဟု ဆိုသည်။

ဟောင်ကောင် အာဏာပိုင်များသည် အောက်တိုဘာလအတွင်းက ကင်ညာနှင့် တန်ဇန်းနီးယားကုန်ပစ္စည်းများမှ ဆင်စွယ်အပိုင်းအစ ၁၂၉၀ ချောင်းရှိ စုစုပေါင်း အလေးချိန် ၃ ဒသမ ၈၁ တန်ကို စံချိန်တင် ဖမ်းဆီးရမိပြီးနောက် ယခုအကြိမ်သည် သုံးလအတွင်း တတိယမြောက် ဖမ်းဆီးရမိမှုဖြစ်လာသည်။

နိုဝင်ဘာလအတွင်းကလည်း ဟောင်ကောင် အကောက်ခွန်အရာရှိများက တန်ဇန်းနီးယားမှ ရောက်ရှိလာသော သင်္ဘောကွန်တိန်နာတစ်ခုအတွင်း အလေးချိန် ၁ ဒသမ ၃ တန်ရှိ ဆင်စွယ်အပိုင်းအစပေါင်း ၅၉၆ ချောင်းကို ကြားဖြတ်ဖမ်းဆီး ရမိခဲ့သည်။ **(အေပီ)**

ကင်ညာနိုင်ငံမှ ရောက်ရှိလာသော ကွန်တိန်နာတစ်ခုအတွင်းမှ ဟောင်ကောင်အရာရှိများ သိမ်းဆည်းရမိခဲ့သည့် တရားမဝင် ဆင်စွယ်များကို ဤသို့တွေ့ရသည်။

၂၀၁၂ ခုနှစ်အတွင်း နိုင်ဂျီးရီးယား၌ သတင်းထောက် ၁၃ ဦးသေဆုံးခဲ့

လေဂို့စ် ဇန်နဝါရီ ၆

နိုင်ဂျီးရီးယားနိုင်ငံတွင် ၂၀၁၂ ခုနှစ်အတွင်း သတင်းနှင့်ဓာတ်ပုံရယူရေးအတွက် တာဝန်ထမ်းဆောင်ရင်း သေဆုံးသွားသော သတင်းထောက်ပေါင်း ၁၃ ဦးရှိကြောင်း နိုင်ဂျီးရီးယား စာနယ်ဇင်းသမဂ္ဂ (အင်န်ယူဂျေ)က ဇန်နဝါရီ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

နိုင်ဂျီးရီးယားနိုင်ငံသည် ၁၉၆၀ ခုနှစ်က လွတ်လပ်ရေး ရရှိခဲ့ပြီးနောက်ပိုင်း သတင်းထောက်များသေဆုံးမှုမှာ အမြင့်မားဆုံးဦးရေဖြစ်ကြောင်း လေဂို့စ်မြို့တွင် ကျင်းပသည့်သတင်းထောက်များ တွေ့ဆုံပွဲ၌ အင်န်ယူဂျေ ဥက္ကဋ္ဌ မိုဟာမက်ဂါဘာက ထုတ်ဖော်ပြောကြားသည်။

သေဆုံးမှုအများဆုံး

နိုင်ဂျီးရီးယားနိုင်ငံ၌ ၂၀၁၂ ခုနှစ်အတွင်း ပဋိပက္ခဖြစ်မှုများကြောင့် ပြည်သူများသေဆုံးမှုများပြားသည့် နှစ်ဖြစ်ခဲ့သလို သတင်းထောက်များ သေဆုံးမှုလည်း အများဆုံးဖြစ်ခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

၂၀၁၂ ခုနှစ် နိုင်ဂျီးရီးယားနိုင်ငံအတွင်း သတင်းထောက်များ သေဆုံးမှုများပြားခဲ့သဖြင့် စိတ်မချမ်းမြေ့ဖွယ်ရာ နှစ်တစ်နှစ်ဖြစ်ခဲ့ကြောင်း၊ ထိုအဖြစ်ဆိုးမျိုး နောက်ထပ် ထပ်မံမဖြစ်စေလိုကြောင်း ၎င်းကပင် ဖြည့်စွက်ပြောကြားခဲ့သည်။

ထို့အတူ ၂၀၁၂ ခုနှစ်အတွင်း ကမ္ဘာတစ်ဝန်းတွင် သတင်းထောက်များ သေဆုံးမှု စုစုပေါင်း ၁၂၁ ဦးရှိခဲ့ကြောင်း နိုင်ငံတကာသတင်းထောက်များအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်ဟု အင်န်ယူဂျေဥက္ကဋ္ဌက ပြောကြားသည်။ **(ဆင်ဟွာ)**

တရုတ်၌ နှစ်ပေါင်း ၂၀ ကျော်အတွင်း အအေးဆုံးရာသီဥတု ကြုံတွေ့

ပေကျင်း ဇန်နဝါရီ ၆

တရုတ်နိုင်ငံတွင် ၂၀၁၂ ခုနှစ် နိုဝင်ဘာလကုန်ပိုင်းမှစ၍ စံချိန်တင်ထားခဲ့သော အပူချိန်သည် ၂၈ နှစ်တာကာလအတွင်း အနိမ့်ဆုံးဖြစ်ခဲ့ကြောင်း တရုတ်နိုင်ငံ မိုးလေဝသဌာနက ဇန်နဝါရီ ၅ ရက်တွင် ပြောကြားခဲ့သည်။

နိုဝင်ဘာလ၏ နောက်ဆုံး ၁၀ ရက်မှစ၍ ပျမ်းမျှအပူချိန် အနုတ် ၃ ဒသမ ၈ ဒီဂရီဆဲလ်စီးရပ်ရှိနေခဲ့ရာ ပြီးခဲ့သည့် စံချိန်တင်ပျမ်းမျှအပူချိန် အောက် ၁ ဒသမ ၃ ဒီဂရီလျော့နည်းခဲ့သည်ဟု ဆိုသည်။ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းဒေသများတွင် အပူချိန်ကျဆင်းမှုကြုံတွေ့ခဲ့သည်မှာ ၄၃ နှစ် ကြာမြင့်နေပြီ ဖြစ်ကြောင်း သိရသည်။ ပြီးခဲ့သောနှစ်များ၏ စံချိန်တင်ပျမ်းမျှအပူချိန်အောက် ၃ ဒသမ ၇ ဒီဂရီလျော့နည်းကာ အနုတ် ၁၅ ဒသမ ၃ ဒီဂရီဆဲလ်စီးရပ်သို့ ရောက်ရှိနေသည်။ **(အောက်ပုံ)**

တရုတ်နိုင်ငံမြောက်ပိုင်းတွင်မူ အအေးဆုံးဆောင်းရာသီများကို ၄၂ နှစ်ကြာမျှ တွေ့ကြုံနေခဲ့ပြီး ယခင်နှစ်များ၏ ပျမ်းမျှအဆင့်အောက် ၂ ဒသမ ၄ ဒီဂရီ လျော့နည်းကာ အပူချိန် အနုတ် ၇ ဒသမ ၄ ဒီဂရီဆဲလ်စီးရပ်ရောက်ရှိနေသည်။

လာမည့် သီတင်းပတ်တွင် တရုတ်နိုင်ငံမြောက်ပိုင်း၏ ရာသီဥတုအခြေအနေမှာ ပြန်လည်ကောင်းမွန်လာမည်ဟု ခန့်မှန်းထားသော်လည်း တောင်ပိုင်းဒေသများတွင်မူ တိမ်ထူထပ်ခြင်း၊ မိုးများခြင်းနှင့် ဆီးနှင်းကျဆင်းခြင်းတို့ ဆက်လက်ကြုံတွေ့ရဖွယ်ရှိနေသည်ဟု အဆိုပါဗဟိုဌာနမှ ပြောကြားခဲ့သည်။ **(ဆင်ဟွာ)**

တင်မောင်လွင်
ရေးသားသည်



စောင့်မျှော်ရမည့် ဗဟိုအာဖရိကသမ္မတ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ

တိုး
ရေးသားသည်

တည်ငြိမ်မှုကင်းသည့် ဗဟိုအာဖရိက သမ္မတနိုင်ငံ (စီအေအာရ်)မှ လက်နက်ကိုင်အုပ်စု မဟာမိတ်အဖွဲ့၏ တိုက်ခိုက်လုယက် အကြမ်းဖက်မှုများကြောင့် အရပ်သူ အရပ်သားများ အကာအကွယ်ပေးရေးကိစ္စမှာ စိတ်မအေးစရာ ဖြစ်ကြောင်း ကုလသမဂ္ဂလူသားချင်းစာနာရေးရုံး(အိုစီအိတ်ချ်အေ)က ထုတ်ပြန်ကြေညာလိုက်သည်။ နိုင်ငံအရှေ့ မြောက်ပိုင်းမှ မြို့တော်ဘန်ဂူးသို့ ဦးတည်လျက် မြို့သုံးလေးမြို့ကို တိုက်ခိုက်ကြောင်း ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်မှ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂ ရက်အထိ ကာလအတွင်း ရရှိသော သတင်းများအရ သိရသည်။

နိုင်ငံ၏ အဆိုပါ နယ်မြေဒေသတွင် ပြည်သူ ၃၁၆၀၀၀ မှီတင်းနေထိုင်ပြီး မြို့တော်ဘန်ဂူး၏ လူဦးရေမှာ ၇၀၀၀၀၀ ခန့်ရှိရာ တိုက်ပွဲပိုမိုအရှိန် မြင့်လာမည်ကို စိုးရိမ်နေကြရသည်။ တိုက်ပွဲစတင်ဖြစ်ပွားရာ အင်ဒီဂီမြို့တွင်းနှင့် အနီးတစ်ဝိုက် မြို့တော်ဘန်ဂူး အပါအဝင် ဒေသအများအပြား၌ နေထိုင်သူများသည် ထိတ်လန့်ကြောက်ရွံ့ကြသဖြင့် အချို့မှာ နယ်စပ်ဖြတ်ကျော်ပြီး ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံ (ဒီအာရ်စီ)နှင့် ကင်မရွန်းနိုင်ငံများသို့ ရောက်ရှိကုန်သည်။

ဤအတောအတွင်း ကုလသမဂ္ဂက ဗဟို အာဖရိက သမ္မတနိုင်ငံ (စီအေအာရ်) အစိုးရနှင့် သူပုန်တို့အနေဖြင့် တွေ့ဆုံဆွေးနွေးပြီး အကြမ်းဖက်မှုများ ရပ်ရန်နှင့် လက်ရှိ အကျပ်အတည်းကို ဖြေရှင်းကြရန် တိုက်တွန်းလိုက်သည်။ စီအေအာရ်၏ အခြေအနေကို မိမိတို့ မျက်ခြည်မပြတ် စောင့်ကြည့်လေ့လာလျက် ရှိကြောင်း၊ အကြမ်းဖက်မှုကို ရှောင်ရှားပြီး ငြိမ်းချမ်းစွာ ဖြေရှင်းရေးကို ဦးတည်သည့် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ကြရန် နှစ်ဖက်စလုံးကို တိုက်တွန်းကြောင်း၊ ထို့ပြင် လိုင်ဘရီဗီး အလုံးစုံ ငြိမ်းချမ်းရေး သဘောတူ စာချုပ်ကို လေးစားကြရန်လည်း တိုက်တွန်းလိုက်သည်။

၂၀၀၈ ခုနှစ် လိုင်ဘရီဗီး အလုံးစုံ ငြိမ်းချမ်းရေး သဘောတူစာချုပ်ကို ဗဟိုအာဖရိက သမ္မတနိုင်ငံ အစိုးရရော၊ အဓိက သူပုန်အုပ်စုများပါ လက်မှတ်ထိုးခဲ့သည်။ ဗဟို အာဖရိက သမ္မတနိုင်ငံ အရေးနှင့်စပ်လျဉ်း၍ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းနှင့် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြီးခဲ့သည့် ရက်သတ္တပတ်က ငြိမ်းချမ်းစွာ အဖြေရှာရန် တိုက်တွန်း အပြီးတွင် ကုလသမဂ္ဂက အထက်ပါအတိုင်း ထပ်မံတိုက်တွန်းခြင်း ဖြစ်သည်။

အစိုးရနှင့် သူပုန်အုပ်စုများအကြား တွေ့ဆုံဆွေးနွေးရန် နိုင်ငံတကာ အသိုက်အဝန်းက တိုက်တွန်းသည့် အားလျော်စွာ သူပုန်အုပ်စုများက မြို့တော်သို့ ချီတက်မှုကို ရပ်လိုက်ပြီး အစိုးရနှင့်ငြိမ်းချမ်းရေး ဆွေးနွေးရန် သဘောတူသည်။ ဗဟို အာဖရိက သမ္မတနိုင်ငံ(စီအေအာရ်) သမ္မတ ဖရန်ဆွာဘိုဇစ်သည် ယခင် ငြိမ်းချမ်းရေး သဘောတူညီချက်ကို ကတိဖျက်ပြီး ဆန့်ကျင်ဘက်များကို ဆက်လက် ချေမှုန်းနေသည်ဟူသော စွပ်စွဲချက်ဖြင့် သူပုန်အုပ်စုများက ရက်သတ္တပတ်သုံးပတ်ကြာ အကြမ်းဖက်တိုက်ခိုက်ပြီးနောက် ဆီလီကာသူပုန်တို့သည် မြို့တော်ဘန်ဂူး အနီးအမြောက်တစ်ကမ်းစာအထိ ရောက်ရှိလာခြင်း ဖြစ်သည်။

သူပုန်တို့ မြို့တော် ဘန်ဂူးသို့ ချီတက်မှုကို ရပ်ဆိုင်းရန် ဆုံးဖြတ်လိုက်ပြီဖြစ်သည်။ သမ္မတ ဖရန်ဆွာဘိုဇစ်အား ရာထူးမှ ဖယ်ရှားရေး သဘောထားကို ဆက်လက်ထားရှိရန်၊ အစိုးရနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် ဂါဘွန်နိုင်ငံသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်မည်ဟု ကြေညာသည်။ သမ္မတ ဖရန်ဆွာဘိုဇစ်ကလည်း အကြမ်းဖက်သမားများနှင့် ငြိမ်းချမ်းရေး ဆွေးနွေးရန် ကမ်းလှမ်းလိုက်ပြီးနောက် သူ၏ သမ္မတသက်တမ်း ၂၀၁၆ ခုနှစ် ကုန်ဆုံးသည်အထိ ဆက်လက်တာဝန်ထမ်းဆောင်ရမည်ဆိုလျှင် အကြမ်းဖက်သမားတို့ ပါဝင်သည့် ညွန့်ပေါင်းအစိုးရဖွဲ့ပေးမည်ဟု ကတိပြုလိုက်သည်။ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂ ရက်က သမ္မတ ဘိုဇစ်သည် သူ၏ စစ်ဦးစီးချုပ်ကို ရာထူးမှ ဖယ်ရှားလိုက်ပြီး သူ့သားထံမှ ကာကွယ်ရေးဝန်ကြီးတာဝန်ကိုပါ ရယူလိုက်သည်။

ထိုအတောအတွင်း ဗဟိုအာဖရိက နိုင်ငံများက ဗဟိုအာဖရိကသမ္မတနိုင်ငံ (စီအေအာရ်)စစ်တပ်ကို အားဖြည့်ရန် စီအေအာရ်မြို့တော် ဘန်ဂူးနှင့် အကြမ်းဖက်တပ်များ ခြေကုပ်ယူထားသည့် ဆီဘတ်မြို့တို့အကြား တည်ရှိသော ဒါမာရာမြို့သို့ တပ်ဖွဲ့ဝင်များ စတင်စေလွှတ်သည်။ ဒါမာရာမြို့အနီးသို့ အကြမ်းဖက်သမားများ ချဉ်းကပ်လာလျှင် အကြမ်းဖက်သမားတို့ကို ချေမှုန်းပစ်မည်ဖြစ်ကြောင်း သမ္မတ ဖရန်ဆွာဘိုဇစ်၏ မဟာမိတ်ချက်သမ္မတ ဒက်ဘီက သတိပေးလိုက်သည်။ တောင်အာဖရိကနိုင်ငံကလည်း ချက်ချင်းအတိုက်ရပ်ပြီး သိမ်းပိုက်ထားသည့် မြို့ကြီးများမှ ရုပ်သိမ်းပေးရန် လက်နက်ကိုင်များအား တိုက်တွန်းလိုက်သည်။

ဗဟိုအာဖရိကသမ္မတနိုင်ငံ (စီအေအာရ်) အစိုးရနှင့် လက်နက်ကိုင် အုပ်စုများအကြား တွေ့ဆုံဆွေးနွေးရန် နှစ်ဖက်စလုံး သဘောတူညီထားပြီးဖြစ်သော်လည်း ပြဿနာပြေလည်အောင် အဖြေရှာရာတွင် နှစ်ဖက်စလုံးက ကိုယ့်ရပ်တည်ချက်အတိုင်းကိုယ် ရပ်တည်မည့်လက္ခဏာ ရှိသည်။

တွေ့ဆုံပွဲအတွင်း သမ္မတဘိုဇစ်ကို ရာထူးမှ ဆင်းပေးရန် တောင်းဆိုလျှင် ပယ်ချမည်ဖြစ်ကြောင်း သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ တည်ငြိမ်မှုကင်းလာသည့် ထိုနိုင်ငံမှ အမေရိကန် သံရုံးဝန်ထမ်းများကို ပြီးခဲ့သည့် ရက်သတ္တပတ်ကပင် ပြန်ခေါ်သွားသည်။ အစိုးရနှင့် လက်နက်ကိုင်များအကြား ငြိမ်းချမ်းရေးဆွေးနွေးပွဲမှာ လာမည့်ရက်သတ္တပတ်တွင် စမည်ဟု မျှော်လင့်ရသော်လည်း ရက်အတိအကျ မသတ်မှတ်ရသေးပေ။ သို့သော် ငြိမ်းချမ်းစွာ အဖြေရှာရန် ပြည်သူများက လိုလားလျက်ရှိပါသည်။

နိုင်ငံတကာသတင်း

ဗင်နီဇွဲလားညီလာခံ ယာယီသမ္မတရွေးချယ်

ဗင်နီဇွဲလား အမျိုးသားညီလာခံက ၎င်း၏ခေါင်းဆောင်ကို ရွေးချယ်ရန် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ဇန်နဝါရီ ၅ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါညီလာခံက ကျူးဘားနိုင်ငံတွင် ကင်ဆာရောဂါခွဲစိတ်ကုသမှုခံယူထားသော သမ္မတ ဟူဂိုချာဗက်ဇ်၏ နေရာတွင် ယာယီခန့်ထားရန် ရွေးချယ်ခဲ့သည်။ ၎င်းညီလာခံက မစ္စတာချာဗက်ဇ်၏ ထိပ်တန်းမဟာမိတ် ဒီယို့စ်ဒါဒို ကာဘယ်လိုအား ယာယီသမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့သည်။

အတိုက်အခံခေါင်းဆောင်များက သမ္မတချာဗက်ဇ်အနေဖြင့် ဇန်နဝါရီ ၁၀ ရက်တွင် သမ္မတသက်တမ်းသစ် ကျမ်းသစ္စာကျိန်ဆိုနိုင်ခြင်းမရှိလျှင် ရွေးကောက်ပွဲသစ်ကျင်းပရန် ဆော်ဩတိုက်တွန်းလိုက်သည်။

မစ္စတာကာဘယ်လိုသည် ဗင်နီဇွဲလားယာယီသမ္မတဖြစ်လာမည် ဖြစ်သည်။ ဒုတိယသမ္မတ နီကိုလက်မာဒူရိုအနေဖြင့် အတိုက်အခံများ၏ ရွေးကောက်ပွဲသစ်ကျင်းပရန် တောင်းဆိုလာခြင်းအပေါ် ငြင်းဆိုလိုက်သည်။ တရားရုံးချုပ်ကလည်း မစ္စတာ ချာဗက်ဇ်အနေဖြင့် မကြာမီ ကျမ်းသစ္စာကျိန်ဆိုနိုင်စွမ်းရှိသည်ဟုဆိုသည်။

အီရန်အား အရေးယူပိတ်ဆို့မှု တရုတ်က အမေရိကန်ကို ပြင်းထန်စွာဝေဖန်

အီရန်နိုင်ငံအား အရေးယူပိတ်ဆို့မှုအသစ် ချမှတ်ခဲ့ခြင်းအပေါ် တရုတ်က အမေရိကန်အပေါ် အပြင်းအထန် ဝေဖန်ပြောဆိုခဲ့ကြောင်း ဇန်နဝါရီ ၄ ရက်က ပရက်စ်တီဗွီ သတင်းတွင် ဖော်ပြသည်။ တရုတ်နိုင်ငံအနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်အပေါ် အရေးယူပိတ်ဆို့ခြင်းကို လက်မခံနိုင်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဟွာချွန်ရင်က ဇန်နဝါရီ ၄ ရက်တွင် ပေကျင်းမြို့၌ သတင်းထောက်များအား ပြောကြားခဲ့သည်။ အီရန်နိုင်ငံနှင့် P5+1 အုပ်စု (ဗြိတိန်၊ တရုတ်၊ ပြင်သစ်၊ ရုရှားနှင့် အမေရိကန်+ဂျာမနီ)တို့အကြား အီရန်နျူကလီးယား အစီအစဉ်နှင့် ပတ်သက်၍ ဆွေးနွေးမှု ပြန်လည်စတင်ရန်လည်း တရုတ်နိုင်ငံအနေဖြင့် ဆော်ဩတိုက်တွန်းထားကြောင်း သူမက ပြောကြားသည်။

မိမိတို့ တရုတ်နိုင်ငံအနေဖြင့် အီရန်နျူကလီးယားပြဿနာအပေါ် စေ့စပ်ဆွေးနွေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် ဖြေရှင်းရန် အကောင်းဆုံးနည်းလမ်းဖြစ်လိမ့်မည်ဟု ရှုမြင်ထားပါကြောင်း ဟွာက ပြောကြားသည်။

အဆိုပါ အရေးယူမှုတွင် ၂၀၁၃ ခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၆၃၃ ဘီလီယံတန်ဖိုးရှိ စစ်အသုံးစရိတ်လည်း ပါဝင်သည်။ ယင်းကို အမေရိကန် သမ္မတ အိုဘားမားက ဇန်နဝါရီ ၂ ရက် ညပိုင်းတွင် ဥပဒေတစ်ရပ်အဖြစ် လက်မှတ်ရေးထိုးထားသည်။

အိန္ဒိယနှင့်ပါကစ္စတန်တပ်များ အပြန်အလှန်ပစ်ခတ်

အိန္ဒိယနှင့်ပါကစ္စတန်တပ်များသည် အငြင်းပွားရာကက်ရှ်မီးယားဒေသ၌ ထိန်းချုပ်မျဉ်းကိုဖြတ်၍ အပြန်အလှန်ပစ်ခတ်ခဲ့ကြကြောင်း ဇန်နဝါရီ ၆ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ အိန္ဒိယတပ်များသည် ပါကစ္စတန် ထိန်းချုပ်ထားရာ ကက်ရှ်မီးယားဒေသ ဟာဂျီပီယာအပိုင်းရှိ စစ်စခန်းတစ်ခုကို ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိသွားသည်ဟု ပါကစ္စတန်တို့က ပြောကြားသည်။

တစ်ဖန် ပါကစ္စတန်တပ်များကလည်း အိန္ဒိယစစ်စခန်းကို ပစ်ခတ်ခဲ့သည်ဟု ဆိုသည်။ ကက်ရှ်မီးယားဒေသသည် အိန္ဒိယနှင့် ပါကစ္စတန်တို့ နှစ်ပေါင်း ၆၀ ကျော်ကြာ အငြင်းပွားနေသည့်ဒေသဖြစ်သည်။ ယင်းဒေသ၌ နှစ်ဖက်တပ်ဖွဲ့ဝင်များ အပြန်အလှန်ပစ်ခတ်နေကြကြောင်း ပါကစ္စတန်စစ်တပ် ပြည်သူ့ဆက်ဆံရေးရုံးက ပြောကြားသည်။ ကက်ရှ်မီးယားဒေသသည် ၂၀၀၃ ခုနှစ်က နှစ်ဖက်အပစ်အခတ် ရပ်စဲရေး သဘောတူထားသည်။

မြင့်မောင်စိုး - ရေးသည်

ကိုယ်အလေးချိန် ထိန်းသိမ်းလိုသူများ အရက်သောက်သုံးမှုကို ချင့်ချိန်သင့်သည်ဟုဆို

ကိုယ်အလေးချိန် ထိန်းသိမ်းသူများအနေဖြင့် အရက်သေစာ သောက်သုံးမှုကို ပို၍သတိပြု ချင့်ချိန်သင့်ကြောင်း ပညာရှင်များက ပြောကြားသည်။ အရက်သေစာတွင် ပါဝင်သည့် ကယ်လိုရီဓာတ်များသည် ခန္ဓာကိုယ်ဝဖြိုးစေသည့် ဒုတိယ အကြောင်းရင်းတစ်ချက်ဟု ဆိုသည်။

ကမ္ဘာ့ကင်ဆာ သုတေသနအဖွဲ့၏ အဆိုအရ အရက်သောက်သူများစားသုံးသည့် ကယ်လိုရီစုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းခန့်ကို အယ်လ်ကိုဟောမှ ရရှိကြောင်း သိရသည်။ ချောကလက်ဂျုံကြွမ်းပေါင်မုန့်နှစ်လုံး စားသုံးခြင်းဖြင့် ရရှိသည့် ကယ်လိုရီ ပမာဏသည် ဝိုင်တစ်ခွက်စာ သောက်သုံးခြင်းနှင့် ညီမျှသည်။ ဝိုင်ခွက်ကြီးတစ်ခွက် သောက်သုံးခြင်းဖြင့် ကယ်လိုရီ ၁၇၀ ကျော် ရရှိစေသည်။ ထိုကယ်လိုရီပမာဏလောင်ကျွမ်းစေရန်မှာ နာရီဝက်ထက်မနည်း ခပ်သွက်သွက် လမ်းလျှောက်ပေးရန် လိုအပ်သည်ဟု ပါရဂူများက ပြောကြားသည်။ အရက်သေစာသည် ဟင်းလျာအစားအစာများကဲ့သို့ ကယ်လိုရီပါဝင်မှု မများပြားသော်လည်း အာဟာရတန်ဖိုးမရှိကြောင်း ကမ္ဘာ့ကင်ဆာသုတေသနအဖွဲ့က ဆိုသည်။

ထို့ကြောင့် အစာချင့်ချိန်စားသောက်သူများအနေဖြင့် ယမကာ သောက်သုံးမှုတွင် ချင့်ချိန်နိုင်းဆသင့်ပြီး အရက်သေစာ သောက်ခြင်းဖြင့် ကယ်လိုရီ များပြားနိုင်သည်ကိုလည်း သတိပြုသင့်ကြောင်း အဆိုပါအဖွဲ့က ပြောကြားသည်။ ပြီးခဲ့သည့် သတင်းအချက်အလက် ကောက်ယူမှုများအရ အရက်သေစာတွင် ကယ်လိုရီ ပါဝင်မှု၏ ဂရုမပြုကြသူများပြားကြောင်း၊ နေ့စဉ်စားသောက်မှု ကယ်လိုရီပမာဏ တွက်ချက်ရာတွင်လည်း အရက်သောက်သုံးမှုကို ထည့်တွက်ခြင်း မရှိသည်ကို တွေ့ရကြောင်း ၎င်းတို့အဖွဲ့က ဖြည့်စွက် ပြောကြားသည်။ လူတစ်ဦး၏ တစ်နေ့ စားသုံးရန် လိုအပ်သည့်ကယ်လိုရီပမာဏသည် အမျိုးသားတွင် ကယ်လိုရီ ၂၅၀၀ ဝန်းကျင်လိုအပ်ပြီး အမျိုးသမီးတွင် ၂၀၀၀ ဝန်းကျင်လိုအပ်ကြောင်း သိရှိရသည်။ (အင်တာနက်)

မောင်သံဆင့် - ရေးသည်

အင်္ဂါဂြိုဟ် မျက်နှာပြင်ရှိထူးခြားသောကျောက်တုံး ကျူရီရိုစီတီယာဉ်စတင်လေ့လာနေ

အင်္ဂါဂြိုဟ် လေ့လာရေးအတွက် နာဆာမှစေလွှတ်ထားသော ကျူရီရိုစီတီ လေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ရှိ ကျောက်တုံးတစ်တုံးကိုလေ့လာရန် အနီးဆုံးအနေအထားသို့ ရောက်ရှိကာ လေ့လာမှုများစတင်ပြုလုပ်နေပြီ ဖြစ်ကြောင်း နာဆာအာကာသသိပ္ပံပညာရှင်များက သတင်းထုတ်ပြန်သည်။

ကျူရီရိုစီတီလေ့လာရေးယာဉ်သည် အကျယ် ၆၅၀ မီတာ ရှိသောနေရာ အကျယ်အဝန်းတွင် လှုပ်ရှားသွားလာမှု ပြုလုပ်လျက်ရှိပြီး မြေချိုင့်ဝှမ်း တစ်ခုအတွင်းသို့လည်း ဆင်းသက်လေ့လာမှုများပြုလုပ်သွားရန် ပြင်ဆင်လျက်ရှိသည်။ လောလောဆယ်တွင် ထိုထူးခြားသော ကျောက်တုံးတစ်တုံးကို လေ့လာမှုများ စတင်ပြုလုပ်နေပြီဖြစ်သည်။

အဆိုပါလေ့လာရေးယာဉ်၏ စက်ရုပ်လက်မောင်းတံက ၎င်းကျောက်တုံးအား အနီးကပ်ထိတွေ့မှုများ ပြုလုပ်ကာလေ့လာမှုများ စတင်ဆောင်ရွက်ရာတွင် ကျောက်တုံးအတွင်း ငါးစင်တီမီတာအနက်မှ ကျောက်သား နမူနာများကို ယူကာ စုဆောင်းမှု ပြုလုပ်လျက်ရှိသည်။ ယင်းကျောက်သား နမူနာများအား ကျူရီရိုစီတီ လေ့လာရေးယာဉ်တွင် ပါရှိသော ဓာတ်ခွဲခန်းတွင် သုတေသနပြုမည်ဖြစ်သည်။

ပြောကြား

ယင်းကျောက်တုံး၏ကျောက်သားများကို ရယူသုတေသနပြုမှုရလဒ်များကို လာမည့်သီတင်းပတ်၌ သိရှိရမည် ဖြစ်ကြောင်း နာဆာ အာကာသသိပ္ပံပညာရှင် ဂျွန်ဂရော့ဇင်ဂါက ပြောကြားသည်။ ထို့သို့ စစ်ဆေးသုတေသနပြုရာတွင် ကျူရီရိုစီတီလေ့လာရေးယာဉ်၏ ဓာတ်ခွဲခန်းတွင် ပါရှိသောရောင်ခြည်သုံးရောင်စုံကင်မရာနှင့် လေဆာရောင်ခြည်သုံး မီတာတို့ဖြင့် စစ်ဆေး သုတေသနပြုမည် ဖြစ်သည်။ ယခု ရွေးချယ်လေ့လာနေသော ကျောက်တုံးမှာ အင်္ဂါဂြိုဟ်မျက်နှာပြင် ပေါ်တွင် အခြားကျောက်တုံးများနှင့် မတူဘဲ ထူးခြားသော ပုံသဏ္ဌာန်နှင့် အရွယ်အစားတို့ရှိနေသဖြင့် အိတ်စရေး ရောင်ခြည်တိုင်းမီတာဖြင့်လည်း စစ်ဆေးလေ့လာသွားရန် စီစဉ်ထားခြင်း ဖြစ်သည်။

ကျူရီရိုစီတီလေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်သို့ ပြီးခဲ့သည့်နှစ် ဩဂုတ်လကတည်းက ရောက်ရှိနေခြင်းဖြစ်ပြီး အင်္ဂါဂြိုဟ်မျက်နှာပြင်အနေအထား၊ မြေအမျိုးအစားနှင့် ရာသီဥတု အခြေအနေတို့ကို လေ့လာနေခဲ့ခြင်း ဖြစ်သည်။ ယခုလေ့လာနေသော ကျောက်တုံး၏ အနေအထားရလဒ်များကို သိရှိရပါက မြေပြင်စခန်းသို့ ဓာတ်ပုံနှင့် သတင်းအချက်အလက်များ ပြန်လည်ပေးပို့သွားမည်ဖြစ်သည်။

အာကာဟိန်း - ရေးသည်





ပြည်တွင်းသတင်း

တပ်မတော်အခြေခံပညာအထက်တန်းကျောင်း ရွှေနတ်တောင်၏ဘုရင့်နောင်ကျောင်းဆောင်သစ်ဖွင့်ပွဲကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

မွန်ပြည်နယ် မော်လမြိုင်မြို့ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တပ်မတော် အခြေခံပညာအထက်တန်းကျောင်း ရွှေနတ်တောင်၏ ဘုရင့်နောင်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းက အဆိုပါကျောင်းဆောင်သစ်၌ ကျင်းပရာ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးကျင်ဖေ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဆန်းချစ်နှင့် ပြည်နယ် ပညာရေးညွှန်ကြားရေးမှူးတို့က မင်္ဂလာအချိန်တွင် ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ကျောင်းဆောင်သစ်ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်ကို ကြည့်ရှုသည်။

ယခုဖွင့်လှစ်ခဲ့သည့် ဘုရင့်နောင်ကျောင်းဆောင်သစ်ကို ၂၀၁၁ ခုနှစ် ဧပြီ ၆ ရက်တွင် မွန်ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်တင်မောင်ဝင်း၊ ဒုတိယတိုင်းမှူးနှင့် ဦးစီးအရာရှိကြီးများက ပန္နက်တင် မင်္ဂလာအခမ်းအနားဖြင့် ပန္နက်တင်ပေးခဲ့ကြပြီး လပ်ကီးမြန်မာ ဆောက်လုပ်ရေးကုမ္ပဏီမှလုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်က လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် ဖွင့်လှစ်နိုင်ခဲ့သည်။ အဆိုပါအဆောက်အအုံမှာ အလျားပေ ၁၄၀၊ အနံပေ ၃၀နှင့် အမြင့် ၂၄ ပေရှိ အာရ်စီနှစ်ထပ်ဖြစ်ပြီး နိုင်ငံတော်မှ ခွင့်ပြုငွေကျပ်သိန်း ၁၆၈၀ ဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မော်လမြိုင်မြို့ အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် ၂၀၁၃ ခုနှစ် ပြည်နယ်အဆင့်ပညာရေးစုံညီပွဲတော်နှင့် ပြည်နယ်ဂုဏ်ဆောင်ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်အနောက်ပိုင်းခရိုင် စမ်းချောင်းမြို့နယ် ကျွန်းတောလမ်း ဘီးလင်းတိုက်သစ်ကျောင်းတွင် ဖွင့်လှစ်ထားသော တနင်္ဂနွေဗုဒ္ဓဓမ္မသင်တန်း ၂၀၁၂ ပညာသင်နှစ် သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၃၁ ရက်က ကျင်းပရာ ဆုရရှိကြသော သင်တန်းသား သင်တန်းသူလေးများအား သင်တန်းတာဝန်ခံ ဆရာတော် ဒေါက်တာအရှင်ဝဏ္ဏသီရိက ဂုဏ်ပြုဆုများချီးမြှင့်စဉ်။ (ဝ၀၇)

ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်း ရှင်သန်ခြင်းအထိမ်းအမှတ်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ပြည်တွင်းရှိဆန်စပါးစိုက်ပျိုးသူများ ထုတ်လုပ်သူများကို ဗဟိုပြု၍ မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်း ဖွဲ့စည်းနိုင်ခြင်း၊ အသင်းမှတ်ပုံတင် ဖွဲ့စည်းရှင်သန်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အဆောက်အအုံလေးလွှာ၌ ကျင်းပသည်။

အခမ်းအနားကို မြန်မာနိုင်ငံစက်မှုကုန်သည်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းအောင်နှင့်ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ **(ဝဲပုံ)**

အဆိုပါအသင်းကို မြန်မာနိုင်ငံအတွင်း ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်လာရေးနှင့် နိုင်ငံတော်နှင့် ဆန်စပါးစိုက်ပျိုးထုတ်လုပ်သူများအကြား ပေါင်းကူးသဖွယ် ဆောင်ရွက်ပေးနိုင်ရန်စသည့် ရည်ရွယ်ချက် ၁၂ ရပ်ဖြင့် ၂၀၀၅ ခုနှစ်မှစတင်၍ မှတ်ပုံတင်လျှောက်ထားလာခဲ့ရာ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် မှတ်ပုံတင်ခွင့် ကျရောက်ခြင်းဖြစ်၍ ဆန်စပါးထုတ်လုပ်ခြင်းကို အခြေခံသောနိုင်ငံတော်နှင့်ပြည်သူများအကျိုးအတွက် ပိုမိုဆောင်ရွက်သွားနိုင်တော့မည် ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင်က အခမ်းအနားအပြီးတွင် မြန်မာ့အလင်းသတင်းအဖွဲ့သို့ ပြောကြားခဲ့သည်။ **(တင်ဝင်းလေး-ကြည့်မြင်တိုင်)**

ကသာမြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအချို့တွင် ဓာတ်မီးတိုင်များ လဲလှယ်ခြင်းနှင့် ထရမ်စဖော်မာများ တပ်ဆင်ပေးလျက်ရှိ

ကသာ ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းရှိ ကသာမြို့သည် ခရိုင်မြို့ကြီးတစ်မြို့ဖြစ်သည်နှင့်အညီ မြို့အင်္ဂါရပ်နှင့် ညီ ညွတ်စေရေးအတွက် လမ်း၊ တံတား၊ အဆောက်အအုံများကို တိုးချဲ့ဆောက်လုပ်နေခြင်းသာမက မြို့ပေါ်ရပ်ကွက်နေ ပြည်သူများ၊ ကျေးလက်ဒေသနေပြည်သူများ လျှပ်စစ်ဓာတ်အား သုံးစွဲမှုအဆင်ပြေစေရေးအတွက် ဓာတ်မီးတိုင်များ လဲလှယ်တပ်ဆင်ခြင်း၊ ထရမ်စဖော်မာများ ထားရှိတပ်ဆင်ပေးခြင်းတို့အား တာဝန်ရှိသူများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကသာမြို့နယ်တွင် နေထိုင်သူများ လျှပ်စစ်ဓာတ်အားကောင်းမွန်စွာ အသုံးပြုနိုင်ရေးအတွက် မြို့နယ်အတွင်းသို့ သွယ်ယူထားသော ဓာတ်အားလိုင်းများ ကောင်းမွန်စေရေး လိုင်းရှင်းဆောင်ရွက်ခြင်း၊ မြို့တွင်းရှိ ဟောင်းနွမ်းဓါတ်တိုင်များအား အသစ်လဲလှယ်ခြင်း၊ ထရမ်စဖော်မာများ တိုးချဲ့တပ်ဆင်ပေးခြင်းတို့ကြောင့် မြို့နေလူထုအတွက် လျှပ်စစ်မီးရရှိသုံးစွဲရာတွင် ယခင်အချိန်ထက် ပိုမိုအဆင်ပြေလာခဲ့ကြသည်။ ထို့အပြင် မြို့နှင့်နီးစပ်သောကျေးရွာအချို့တွင် ထရမ်စဖော်မာများ တပ်ဆင်ချထားပေးပြီး ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးရှိစေရန်ဆောင်ရွက်ကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးသည့်အတွက် ကျေးလက်နေပြည်သူများသည်လည်း လျှပ်စစ်မီးသုံးစွဲနိုင်၍ ယခင်အချိန်ကထက် လူနေမှုအဆင့်အတန်းမြင့်မားလာကာ ရုပ်သံအစီအစဉ်များ ကြည့်ရှုရ၍ အသိပညာဗဟုသုတတိုးပွားပြီး ပျော်ရွှင်ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **ငွေအိုး(ကသာ)**

ကြံခင်းမြို့နယ်တွင် ကွန်ကရစ်လမ်းသစ်ဖွင့်

ကြံခင်း ဇန်နဝါရီ ၆

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် သိပ္ပံလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဇန်နဝါရီ ၃ ရက် နံနက် ၈ နာရီတွင် အဆိုပါလမ်းရှိ မုခ်ဦး၌ ကျင်းပရာ ကြံခင်းမြို့နယ် အုပ်ချုပ်ရေးမှူးက အမှာစကားပြောကြားကာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိက သိပ္ပံလမ်း ကွန်ကရစ်လမ်းခင်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ရပ်ကွက်ပြည်သူများကိုယ်စား ရပ်မိရပ်ဖတစ်ဦးမှ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ **(မြန်မာ့အလင်း)**

ဘဝအမောပြေ

ကျွန်တော့်ဆရာ

လန်ဒန်မြို့၏ ညသန်းခေါင်အချိန်တွင် လမ်းပေါ်၌ လူနှစ်ဦးကို ရဲတပ်ဖွဲ့ဝင်များက တွေ့ပြီးမေးလေသည်။

ရဲတပ်ဖွဲ့ဝင်။ ။ ခင်ဗျားတို့ ဘယ်ကပြန်လာတာလဲ။
ပထမလူ ။ ။ ဟိုဘက်လမ်းထိပ်ကပါ။
ရဲတပ်ဖွဲ့ဝင် ။ ။ ဘာသွားလုပ်တာလဲ။
ပထမလူ ။ ။ စာသင်ကြားပြီး ပြန်လာတာပါ။
ရဲတပ်ဖွဲ့ဝင်။ ။ မယုံဘူး‥ လိမ်မပြောနဲ့။
ပထမလူ ။ ။ မလိမ်ပါဘူး၊ အမှန်စကားဖြစ်ပါတယ်။
ရဲတပ်ဖွဲ့ဝင်။ ။ ဒါဆို‥ သူက ဘယ်သူလဲ။
ပထမလူ ။ ။ ကျွန်တော့်တပည့်လေးပါ။
ရဲတပ်ဖွဲ့ဝင်။ ။ ကဲ‥ မင်းမှန်မှန်ပြောစမ်း။
ဒုတိယလူ ။ ။ ဟုတ်ကဲ့။
ရဲတပ်ဖွဲ့ဝင်။ ။ သူက မင်းရဲ့ ဆရာလား။
ဒုတိယလူ။ ။ ဟုတ်ပါတယ်။
ရဲတပ်ဖွဲ့ဝင်။ ။ ဘာတွေသင်ပေးတာလဲ။
ဒုတိယလူ။ ။ ဘယ်အိမ်ကို ဘယ်လိုဖောက်ထွင်းရမယ်ဆိုတာပါ‥ ။
ရဲတပ်ဖွဲ့ဝင်။ ။ " ဟေ "။

ဝေယံဦး - ရေးသည်

လယ်ယာမြေအခြားနည်းအသုံးပြုမည့် သူများသို့

တရားဥပဒေစိုးမိုးမှုရှိမှ တိုင်းပြည်တိုးတက်မည်၊ နိုင်ငံသားတစ်ဦးချင်းအပေါ်၌ တာဝန်ရှိကြောင်း ကြားနေရသည်။ ထို့အတူ ပြဋ္ဌာန်းထားသည့်၊ ပြဋ္ဌာန်းလျက်ရှိသည့် ဥပဒေတစ်ခုချင်းအပေါ်၌ လေးစား လိုက်နာရန်မှာလည်း နိုင်ငံသားတစ်ဦးချင်းအပေါ်၌ တာဝန်ရှိပါသည်။ ထို့အပြင် နိုင်ငံသားတိုင်းသည်ဖွဲ့စည်းပုံအခြေခံဥပဒေအခန်း(၈)၌ ပြဋ္ဌာန်းထားသည့် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များကို သိရှိနားလည်ထားရန် လွန်စွာလိုအပ်ပေသည်။

ဒေသဖွံ့ဖြိုးလာမှုနှင့် ဒွန်တွဲ၍ အိမ်ရာမြေဈေးများ အဆမတန်ကြီးမြင့်လာသကဲ့သို့ လယ်ယာမြေတန်ဖိုးများလည်း အဆမတန် မြင့်မားလာသည်ကို တွေ့မြင်ကြရမည်ဖြစ်သည်။ ညောင်ဦး- မြင်းခြံ-ပခုက္ကူကားလမ်းတစ်လျှောက် ဧရာဝတီတံတား (ပခုက္ကူ) အနီး ကားလမ်းဘေး ယာမြေကွက်များ ယခင်တစ် ဧက ငွေကျပ် ခုနစ်သိန်းဝန်းကျင်ခန့်သာရှိခဲ့ရာမှ ယခုအခါ ငွေကျပ်သိန်းတစ်ရာကျော်အထိ ဈေးပေါက်လာကြောင်း တလောကပဲ သတင်းဆောင်းပါးတစ်ပုဒ်၌ ဖတ်လိုက်ရပါသည်။ လယ်ယာမြေတန်ဖိုးမြင့်မားလာခြင်းနှင့် ပတ်သက်၍ တောင်သူလယ်သမားထုအတွက် မုဒိတာပွားမိသော်လည်း အခြားတစ်ဖက်၌ ဥပဒေမဲ့ အရမ်းကာရော အခြားနည်း အသုံးပြုမှုများကြောင့် လယ်ယာမြေများ တစ်နေ့တခြားဆုံးရှုံးလျော့ပါးနေရခြင်းကိုမူ ထိထိရောက်ရောက်ကာကွယ်သင့်သည်။ ခေတ်အဆက်ဆက် ဥပဒေနှင့်အညီမဟုတ်ဘဲ နည်းလမ်းအမျိုးမျိုးဖြင့် လယ်ယာမြေအခြားနည်းအသုံးပြုမှုများသည် လက်ညှိုးထိုးမလွဲ နေရာတိုင်း၌ ရှိနေသည်။ လယ်ယာမြေပြဿနာအကြောင်း သတင်းဆောင်းပါးအဖုံဖုံကိုလည်း သတင်းမီဒီယာအစုံစုံ၌ ထိပ်ကနေရာယူထားသော သတင်းတစ်ပုဒ်အဖြစ် နေ့စဉ်လိုလိုကြားသိဖတ်ရှုနေကြရသည်။

ယခုတလော လယ်ယာမြေကို ဥပဒေမဲ့ ရောင်းဝယ်ခြင်းသတင်းများက ဟိုမှသည်မှ ကျယ်ကျယ်ပြန့်ပြန့်ကြားသိနေရသကဲ့သို့ ယခုနောက်ပိုင်း ပြောင်ပြောင်တင်းတင်း ကြော်ငြာထည့်သွင်းရောင်းချသည်အထိ အတင့်ရဲလာနေကြကြောင်း တွေ့မြင်ဖတ်ရှုနေရပေသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၇) ပုဒ်မ ၃၇ အရ နိုင်ငံတော်သည် မြေယာအားလုံး၏ ပင်ရင်းပိုင်ရှင်ဖြစ်လျက်ရှိနေပါသေးသည်။ ၂၀၁၂ ခုနှစ် မတ်လ ၃၀ ရက်က ပြဋ္ဌာန်းလိုက်သည့် လယ်ယာမြေဥပဒေ ပုဒ်မ ၁၂၊ ပုဒ်မခွဲ(ဂ)အရ လယ်ယာမြေကို ဥပဒေပြဋ္ဌာန်းချက်ပါ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ လုပ်ပိုင်ခွင့်ကိုသာ (စိုက်ပျိုးလုပ်ကိုင်ရန် အလို့ငှာကိုသာ) ရောင်း၊ ဝယ်၊ ပေါင်၊ နှံ၊ ငှားရမ်းခွင့်နှင့်လဲလှယ်ခွင့်ရှိသည်။ လုပ်ပိုင်ခွင့်မရရှိမီကာလအတွင်း ယင်းသို့ ပြုလုပ်ခွင့်မရှိကြောင်းကိုလည်း ပုဒ်မ-၁၂၊ ပုဒ်မခွဲ(ည)၌ အတိအလင်း ပြဋ္ဌာန်းထားရှိသည်။ ယခုအချိန်တွင် လယ်ယာမြေလုပ်ပိုင်ခွင့် လက်မှတ်ထုတ်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဌာနမှ ကြိုးပမ်းအားထုတ်နေသည်မှာ ကနဦးခြေလှမ်း စလုံးရေးစ ကာလအဆင့်၌သာ ရှိပါသေးသည်။

လယ်ယာမြေ အခြားနည်းအသုံးပြုရန်လိုအပ်သည့် အထူးသဖြင့် စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် လယ်ယာမြေ ဥပဒေအခန်း(၄)၊ ပုဒ်မ-၁၂၊ ပုဒ်မခွဲ(ဆ) ၌ "လယ်ယာမြေကို ခွင့်ပြုမိန့်မရရှိဘဲ အခြားနည်းသုံးစွဲခြင်းမပြုရ" ဟု ပြဋ္ဌာန်းထားခြင်းကို သတိချပ်သင့်ပြီး ခွင့်ပြုမိန့်ရရှိပြီးမှသာ လယ်ယာမြေပေါ်၌ မိမိတို့ရည်မှန်းထားသည့် စီးပွားရေးလုပ်ငန်းများကို စတင်အကောင်အထည်ဖော်သင့်ပြီး တည်ဆဲဥပဒေနှင့်လည်း ညီညွတ်မှုရှိပါကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပေသည်။

မြေလုလင်(ပခုက္ကူ)

ဘုရားထီးဆောင်းစေတီ ဗုဒ္ဓပူဇနီယပွဲ ကျင်းပ

ညောင်ဦး ဇန်နဝါရီ ၆

ညောင်ဦးမြို့နယ် တောင်ဘကျေးရွာ ဘုရားထီးဆောင်းစေတီ ဗုဒ္ဓပူဇနီယပွဲတော်ကို ဇန်နဝါရီ ၅ ရက် နံနက်ပိုင်းက ကျင်းပရာ ရွာဦးကျောင်း ဆရာတော် ဘဒ္ဒန္တကေလာသနှင့် ပင့်သံဃာတော် ၃၉ ပါးတို့ ကြွရောက်တော်မူကြပြီး အလှူရှင်များက ဆရာတော် သံဃာတော်များအား ဆွမ်းလုံးသပိတ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူ ပူဇော်ကြ၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကြောင်း သိရှိရသည်။ **သီဟကျော်(ပုဂံ)**

စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၆

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက်ရှိ ကမ်းလက်များ ပရဟိတအဖွဲ့ (နေပြည်တော်)၏ စီစဉ်မှုဖြင့် စာဖတ်ရှုနိမြှင့်တင်ရေးနှင့် စာကြည့်တိုက်တည်ဆောက်ရေးအတွက် စာပေဟောပြောပွဲကို ဝန်ထမ်းများရှိရာ ယင်းရပ်ကွက်၌ ဇန်နဝါရီ ၅ ရက် ည ၇ နာရီက ကျင်းပသည်။ အဆိုပါ ဟောပြောပွဲတွင် စာရေးဆရာထက်ခေါင်၊ ရိုးမြင့်(လယ်ဝေး)၊ နန္ဒာမိုးကြယ်၊ မောင်လှမျိုး(ချင်းချောင်းခြံ)နှင့် မောင်ဆန္ဒ(လယ်ဝေး)တို့က ည ၁၂ နာရီခွဲအထိ ဟောပြောကြကြောင်း သိရသည်။ **မောင်မောင်သန်း(ကော့မှူး)**

စာအုပ်စာပေ လူ့မိတ်ဆွေ

ပညာရေးစုံညီပွဲတော်

ရေး ဇန်နဝါရီ ၆

မွန်ပြည်နယ် ရေးမြို့နယ်ပညာရေးစုံညီပွဲတော်ကို ဇန်နဝါရီ ၅ ရက် နံနက် ၈ နာရီခွဲက ရေးမြို့ အထက (၁) ပညာရတနာခန်းမဆောင်၌ ကျင်းပသည်။

စုံညီပွဲတော် တို့နွဲ့ပျော်သီချင်းဖြင့် အထက(၁) ရေးမှ ကျောင်းသား ကျောင်းသူများက သီဆိုဖျော်ဖြေပြီးနောက် ရေးမြို့နယ်ရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်ယိမ်း အကများဖြင့် တင်ဆက်သည်။ ထို့နောက် ဘက်စုံထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ပေးကြောင်း သိရသည်။

နေမျိုးထွဋ်(ရေး)

မော်လူးဒေသ နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း

ကသာ ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် မော်လူးဒေသအတွင်းရှိ နမီးချောင်းရိုးကမ်းဘေးဝဲယာတွင် နှမ်းစိုက်ပျိုးခြင်းဖြင့် စီးပွားရေးလုပ်ကိုင်နေကြသော နှမ်းစိုက်တောင်သူများ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည်။

နှမ်းစိုက်သည့်အခါတွင် ထယ်ကြမ်းဖောက်ပြီး နေလှန်းရသည်။ ထယ်ကြမ်းဖောက်ထားသည့်မြေကို နေလှန်းပြီး ယင်းမြေကို စနစ်တကျ ထွန်ယက်ရသည်။ နှမ်းမစိုက်ခင် မြေခြောက်အောင်ပြုလုပ်ရသည်။ ထိုကဲ့သို့ စိုက်ပျိုးလိုက်သည့်အခါ အောင်မြင်မှု ရရှိကြောင်း၊ အင်းတော်မြို့နယ် မော်လူးဒေသ နမီးချောင်းဘေးဝဲယာတွင် နှမ်းစိုက်ပျိုးထားသည့် ကွင်းငို့ရွာမှ ဒေသခံ တောင်သူတစ်ဦးက ပြောကြားသည်။ **(ဝဲပုံ)**

နမီးချောင်းကမ်းဘေးရှိ နှမ်းခင်းများသည် မြေလည်းကောင်းပြီး နှမ်းစိုက်တောင်သူများကလည်း ဝီရိယကောင်းသဖြင့် စိုက်ပျိုးသည့်နှမ်းများ အောင်မြင်လျက်ရှိကြောင်း အင်းတော်မြို့နယ် မြေစာရင်းဦးစီးဌာန ဦးစီးမှူး ဦးစောထွေးဦးက ဆိုသည်။

အင်းတော်မြို့နယ်ရှိ နမီးချောင်းကမ်းဘေးဝဲယာရှိ ကွင်းငို့ရွာအနီး နှမ်းစိုက်ပျိုးခြင်းဖြင့် တစ်ပိုင်တစ်နိုင် စီးပွားရေးလုပ်ကိုင်နေကြသော နှမ်းစိုက်တောင်သူများ အောင်မြင်မှုရရှိပြီး နှမ်းရိတ်သိမ်းရန် ပြင်ဆင်နေကြကြောင်း သိရသည်။ **လေပွေနီ(အင်းတော်)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဆေးပညာသတင်းဆန်းများ(၃၅)

ဒေါက်တာကံညွန့်

လှုပ်လှုပ်ရှားရှားနေ အသက်ရှည်

သာမန်အားဖြင့် လူတိုင်းသိနေပြီးတဲ့ ကိုယ်လက်လှုပ်ရှားမှုဟာ ကျန်းမာရေးအတွက် အရေးကြီးပုံကို ဖော်ပြထားတဲ့ The Lancet Medical Journal က ဆောင်းပါးတစ်ပုဒ်ကို တင်ပြချင်ပါတယ်။ ယင်းဆောင်းပါးမှာ ဖော်ပြထားတာကတော့ တစ်ကမ္ဘာလုံးမှာ တစ်နှစ်အတွင်း လူဦးရေငါးသန်းခန့်ဟာ ကိုယ်လက်လှုပ်ရှားမှုနည်းပါးလို့ သေဆုံးနေကြရတယ်လို့ ထောက်ပြထားပါတယ်။ ကိုယ်လက်လှုပ်ရှားမှုဆိုတာ တစ်နေ့ကို နာရီဝက် တစ်ပတ်မှာ ငါးရက် သို့မဟုတ် နည်းနည်းပိုသွက်တဲ့ လှုပ်ရှားမှုကို တစ်နေ့မှာ မိနစ် ၂၀၊ တစ်ပတ်မှာ သုံးရက် ဒါမှမဟုတ် နှစ်မျိုးစလုံး လှုပ်ရှားကစားပေးတာကို ဆိုလိုပါတယ်။ ယခုအခါ ကိုယ်လက်လှုပ်ရှားမှုဟာ အမျိုးသားတွေထက် အမျိုးသမီးတွေမှာ ပိုနည်းလာပြီး ချမ်းသာတဲ့နိုင်ငံတွေမှာ ပိုနည်းလာတယ်လို့ဆိုပါတယ်။ လေ့လာမှုတစ်ခုအရ ၂၀၀၈ ခုနှစ်မှာ ကိုယ်လက်လှုပ်ရှားမှုနဲ့ ဆက်စပ်နေတဲ့ ဆီးချိုရောဂါ၊ နှလုံးရောဂါနဲ့ တချို့ကင်ဆာရောဂါတွေနဲ့ သေဆုံးရတဲ့လူ ၅၇ သန်းထဲမှာ ၅ ဒသမ ၃ သန်းဟာ ကိုယ်လက်လှုပ်ရှားမှု နည်းပါးမှုကြောင့်ဖြစ်တယ်လို့ဆိုပါတယ်။ ကမ္ဘာမှာ အသက် ၁၅ နှစ်အထက် လူဆယ်ယောက်မှာသုံးယောက်ဟာသင့်တော်တဲ့ကိုယ်လက်လှုပ်ရှားမှုမရှိဘူးလို့ဆိုပါတယ်။ ၎င်းလူဦးရေ အရေအတွက်ဟာ ၁ ဒသမ ၅ ဘီလီယံလောက်ရှိမယ်လို့ ခန့်မှန်းထားပါတယ်။

ယခုလောလောဆယ် ခေတ်မီကွန်ပျူတာဂိမ်းဆော့ကစားတဲ့ နည်းပညာတွေ တိုးပွားလာတာနဲ့အမျှ အသက် ၁၃ နှစ်မှ ၁၅ နှစ်အတွင်း လူငယ်ငါးယောက်မှာ လေးယောက်ဟာ ကိုယ်လက်လှုပ်ရှားမှု နည်းနေတာကိုတွေ့ရခြင်းဟာ အထူးစိုးရိမ်စရာအခြေအနေ ဖြစ်တယ်လို့လည်း ထောက်ပြထားပါတယ်။

ကိုယ်လက်လှုပ်ရှားမှု နည်းခြင်းဟာ ဆေးလိပ်သောက်ခြင်း၊ အလွန်ဝခြင်းတို့လိုပဲ ကိုယ်ခန္ဓာမှာ ရောဂါဖြစ်စေပြီး နှလုံးရောဂါဖြစ်သူအားလုံးရဲ့ ၆ ရာခိုင်နှုန်း၊ အမှတ် (၂) ဆီးချိုဝေဒနာရှင်အားလုံးရဲ့ ၇ ရာခိုင်နှုန်း၊ ရင်သားနှင့် အူမကြီးကင်ဆာရောဂါရှင်တွေအားလုံးရဲ့ ၁၀ ရာခိုင်နှုန်းရှိတယ်ဆိုတာ သတိထားသင့်ကြောင်း ရေးသားထားတာကို တင်ပြလိုက်ရပါတယ်။

ဓာတ်ခွဲခန်းက ထုတ်လုပ်တဲ့နှလုံးတု

အခုလည်း သိပ္ပံပညာရှင်တွေဟာ နှလုံးရောဂါရှင်တွေအတွက် အားတက်စရာအောင်မြင်မှုလမ်းစတစ်ခု တွေ့ရှိခဲ့ပြန်ပါပြီ။ ဒါကိုတော့ အမေရိကန်နိုင်ငံ Harvard University က သုတေသနပညာရှင်က တွေ့ရှိခဲ့တာပါ။ သူတို့ဟာ နှလုံးအစားထိုးပြုလုပ်နိုင်မယ့် လူ့နှလုံးသားနဲ့တူတဲ့ နှလုံးကို ဓါတ်ခွဲခန်းမှာ မွေးယူဖို့ ကြိုးစားနေခဲ့ကြတာပါ။ သူတို့အမြင်မှာနှလုံးကြွက်သားလို ကျုံ့လိုက်ကြွလိုက်လုပ်နိုင်တဲ့ သတ္တဝါတွေထဲမှာ အနီးစပ်ဆုံးတူနေတဲ့ ပင်လယ်ရေချူ Jelly Fish ကို စမ်းသပ်ထုတ်ယူဖို့ ကြိုးစားခဲ့ကြပါတယ်။ ဒါဟာယခု အောင်မြင်ခဲ့ပါပြီ။ ကြွက်ရဲ့နှလုံး ကြွက်သားဆဲလ်နှင့် Silicon ပေါင်းစပ်ပြီး ဓာတ်ခွဲခန်းမှာ မွေးမြူခဲ့တာ တကယ့်Jelly Fish နဲ့ လှုပ်ရှားမှုကအစတူတဲ့ ရုပ်ဝတ္ထုလေး တစ်ခုကို မွေးထုတ်ပေးနိုင်ခဲ့ပါပြီ။ ဒါဟာ နှလုံးအစစ်လို ပြုလုပ်ပေးနိုင်တဲ့ နှလုံးတစ်ခုကို ဓါတ်ခွဲခန်းမှာ မွေးထုတ်နိုင်ဖို့ အလွန်နီးစပ်နေပြီဆိုတာ Nature Biotechnology ဂျာနယ်မှာ ဖော်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

စိတ်ကျရောဂါကုဆေး အန္တရာယ်ရှိ

အခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ စိတ်ကျရောဂါဝေဒနာအတွက် ပေးနေရတဲ့ Anti Deprenant ဆေးတွေရဲ့ အန္တရာယ်အကြောင်းပါ။ ၎င်းဆေးတွေဟာ စိတ်ကျရောဂါရှိတဲ့ လူတွေကို ပေးနေတာဟာ အကျိုးသက်ရောက်မှုရှိပေမယ့် အပြစ်ဖြစ်နိုင်တာက ပိုများနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒီလေ့လာချက်တွေကိုတော့ ဗင်ကူးမားမြို့ MC Master University က ဆေးပညာရှင်တွေရဲ့ တွေ့ရှိချက်ကို Frontier in Psychology ဂျာနယ်မှာဖော်ပြထားတာပါ။ ၎င်းတို့အဆိုအရ ဒီဆေးသုံးစွဲသူ သက်ကြီးရွယ်အိုတွေဟာ ဒီဆေးမသုံးသူတွေထက် သေဆုံးချိန်စောတယ်လို့ ဆိုပါတယ်။

ဒီဆေးရဲ့အာနိသင်ဟာ ဦးနှောက်နဲ့ ကိုယ်ခန္ဓာထဲမှာ Serotonin ဆိုတဲ့ ဓာတ်ကို ပိုများစေပြီး စိတ်ကျရောဂါကို ပျောက်အောင်လုပ်ထားတာဖြစ်ပြီး အဲဒီ Serotonin များနေခြင်းကြောင့် ကလေးတွေမှာ၊ ကိုယ်ဝန်ဆောင်တွေမှာ ကလေးကိုယ်ခန္ဓာဖွံ့ဖြိုးမှုနှေးပြီး အသက်ကြီးသူတွေမှာ ပုံမမှန်တဲ့ သွေးထွက်လွန်မှု၊ ၎င်းနှင့်အတူ လေဖြတ်မှုတွေဖြစ်နိုင်တယ်လို့ ဆိုထားပါတယ်။ ဒါကြောင့် (Depression)ခေါ်တဲ့ စိတ်ကျရောဂါကို ကုသရာမှာ လူနာရဲ့ အခြေအနေပေါ်မူတည်ပြီး ချင့်ချိန်သုံးစွဲသင့်တယ်လို့ ထောက်ပြထားကြောင်း တင်ပြလိုက်ရပါတယ်။

သင့်တင့်မျှတတဲ့ အစားအစာနေ့စဉ်စားပါ

လူတိုင်း လူတိုင်းဟာ သင့်တင့်မျှတတဲ့ အစားအစာ Balanced and Nutrient Diet ကို စားသုံးဖို့ အရေးကြီးပါတယ်။ ဒါပေမယ့် အသက်အရွယ်ကြီးသူတွေမှာ ပိုလိုအပ်တယ်။ အသက်အရွယ်ကြီးသူတွေနဲ့ ပတ်သက်ပြီး နေ့စဉ်စားသုံးတဲ့အခါ ပါဝင်ရမယ့် အစားအစာတို့ကို အမေရိကန်နိုင်ငံ Academy of Nutrition and Dietetics အသင်းကြီးက အကြံပြုထားတာကို တင်ပြပါရစေ။ ၎င်းတို့ကတော့ Vit D and Calcium၊ Low Fat Daiory Product (စိမ်းလန်းတဲ့ အသီးအရွက်တွေနဲ့ ပုစွန်၊ ငါး)၊ Vitamin B12 ၊ Fibre (အမျှင်ဓာတ်ပါသော အစားအစာ) အသီးအနှံ+ ဟင်းသီး ဟင်းရွက်၊ ဂျုံ၊ ဆန်၊ အစေ့၊ Potassium အသီးအနှံနှင့် ဟင်းသီးဟင်းရွက်၊ Polyunsaturated or monunsaturated fats ဖြစ်ပါတယ်။ ဒါတွေ ပါအောင် နေ့စဉ်စားသုံးနိုင်ပါက ကျန်းမာရေးအတွက် ပိုမိုကောင်းမွန်နိုင်ကြောင်း တင်ပြလိုက်ရပါတယ်။

အရက်နှင့် အယ်လ်ဇိုင်းမား

အရက်သောက်သုံးသူတွေအတွက် လေ့လာချက်အသစ်တွေလည်း ပေါ်ထွက်လာပါတယ်။ အရက်ဟာ အလယ်အလတ် သောက်သုံးသူတွေမှာတောင် အသက်ကြီးလာရင် ဖြစ်ပေါ်တတ်တဲ့ ဦးနှောက်ရဲ့ရောဂါတစ်ခုဖြစ်တဲ့ အမေ့လွန်ရောဂါ (Dementia) Alzheimer ရောဂါတို့ ဖြစ်ပေါ်လာဖို့ အခြေအနေ ပိုများတယ်လို့ ဆိုပါတယ်။ များများစားစားမူးအောင် သုံးသူတွေမှာတော့ တစ်လတစ်ကြိမ် ဒီလိုသောက်လိုက်တာနဲ့ကို ပိုဖြစ်နိုင်တဲ့ အခြေအနေရှိတယ်လို့ သိရပါတယ်။ ဒါတွေကတော့ Alzheimer's Association International Conference မှာ တင်သွင်းခဲ့တဲ့ စာတမ်းတွေထဲကပါ။

လေ့လာထားချက်တွေကလည်း အင်္ဂလန်နဲ့ အမေရိကန်နှစ်နိုင်ငံက သီးခြားစီလေ့လာထားတဲ့ တွေ့ရှိချက်တွေပါ။ ပထမဦးစွာ အင်္ဂလန်နိုင်ငံက လေ့လာထားချက်ကိုတင်ပြပါရစေ။ အင်္ဂလန်နိုင်ငံက အသက် ၆၀ ဝန်းကျင် အမျိုးသမီး ၁၃၀၀ ကို နှစ် ၂၀ကြာ လေ့လာခဲ့ကြပါတယ်။ အဲဒီ ၁၃၀၀ ထဲက အရက်ကို အလယ်အလတ်သောက်သုံးသူ (တစ်ပတ်မှာ ၇ ကြိမ်ကနေ ၁၄ ကြိမ်) သောက်သူ အမျိုးသမီးတွေမှာ ယင်းဦးနှောက်နဲ့ ပတ်သက်တဲ့ ရောဂါဖြစ်စပြုပြီး ဖြစ်နိုင်ခြေရှိနေတာကို တွေ့ရပြီး ဒီထက်ပိုသောက်တဲ့ အမျိုးသမီးမှာ Dementia ရောဂါသိသိသာသာဖြစ်တဲ့ ရာနှုန်းများနေတာကို တွေ့ရတယ်လို့ ဆိုပါတယ်။

Sanfrancisco,Viterans Health Institute က အမေရိကန်မှာ ပြုလုပ်ခဲ့တဲ့ လေ့လာချက်တစ်ခုမှာတော့ အရက်သောက်သုံးသူ အမျိုးသား၊ အမျိုးသမီး ၅၀၇၅ ဦးကို လေ့လာခဲ့ကြတာပါ။ သူတို့တွေ့ရှိချက်မှာလည်း တစ်လမှာတစ်ကြိမ် အလွန်အကျူး သောက်သုံးသူတွေမှာ ဖြစ်နိုင်ခြေလုံးဝရှိနေပြီး တစ်လမှာ နှစ်ကြိမ် ယင်းကဲ့သို့ သောက်သူတွေမှာ ဖြစ်နိုင်ခြေ နှစ်ဆပိုသွားနိုင်တယ်လို့ ဆိုပါတယ်။ အရက်သောက်သုံးသူနဲ့ ဦးနှောက်အမေ့လွန်ရောဂါ ဆက်စပ်တယ်ဆိုတာကိုလည်းသေချာအောင် အတည်ပြုနိုင်ခဲ့တယ်လို့ဆိုပါတယ်။ အရက်ဟာ သွေးထဲက Cholestrol ဓာတ်ကိုမြင့်စေပြီး သွေးတိုးရောဂါကို ပိုဆိုးစေကာ ဦးနှောက်က သွေးကြောငယ်တွေကို များစွာထိခိုက်သွားစေပြီး Vascular Diementia ခေါ်တဲ့ ရောဂါဖြစ်စေတာလို့ ထောက်ပြထားကြပါတယ်။

ဒီတွေ့ရှိချက်တွေက အရက်သောက်သုံးခြင်းဟာ အသက်ကြီးလာရင် ဦးနှောက်အတွက် ပိုကောင်းတယ်ဆိုတဲ့ ထင်မြင်ချက်တစ်ခုကိုလည်း လွဲမှားတယ်ဆိုတာ ထောက်ပြလိုက်ပါတယ်။

ဒါပေမယ့် မဖြစ်မနေ သောက်သုံးချင်သူတွေအတွက်ပဲ အမျိုးသားတွေမှာ တစ်နေ့မှာ 3 unit ထက် ပိုမသောက်မိဖို့နဲ့ အမျိုးသမီးတွေ 2 unit ထက် ပိုမသောက်မိအောင်ထိန်းဖို့ သတိပေးထားကြောင်း တင်ပြလိုက်ရပါတယ်။

ဆေးသောက်ရင် အရက်မသောက်နဲ့

နောက်သတင်း တစ်ပုဒ်ကလည်း နေ့စဉ် အရက်သောက်သုံးနေကြသူတွေအတွက် သတိထားစရာပါ။ အရက်ကို နေ့စဉ်သောက်နေကျ ဆေးဝါးတွေနဲ့ အတူတွဲပြီး မသောက်သုံးသင့်ကြောင်း လေ့လာထားချက်ပါ။ လေ့လာချက်အရ အရက်နဲ့အတူ တွဲသောက်လိုက်ရင် တချို့ဆေးဟာ အာနိသင်သုံးဆလောက်ပိုနိုင်တယ်ဆိုတဲ့ တွေ့ရှိချက်ပါ။ ဒါကိုတော့ Australia နိုင်ငံ Monash University က ဆေးပညာရှင်တွေ လေ့လာချက်ကို Journal of Molecular Pharmaceutics မှာ ဖော်ပြထားတာပါ။ ၎င်းလေ့လာချက်အရ သောက်လိုက်တဲ့ အရက်ဟာ ပြင်းထန်မှု အမျိုးအစားအလိုက် ကိုယ်ခန္ဓာထဲက Enzymes နှင့် တချို့ဓာတုပစ္စည်းတွေကို ပြောင်းလဲစေပြီး နေ့စဉ်အများသုံးနေတဲ့ ဆေးအမျိုးပေါင်း ၅၀၀၀ ကျော်နဲ့ ပေါင်းစပ်မှုဖြစ်သွားနိုင်တယ်လို့ ဆိုပါတယ်။ တချို့ဆေးတွေဟာ အရက်ကြောင့် အစာအိမ်လမ်းကြောင်းမှာ ကောင်းစွာပျော်ဝင်ဖို့ နှေးကွေးစေတယ်လို့ ဆိုပါတယ်။ တချို့ဆေးတွေထဲက ဆေးအမျိုးပေါင်း ၂၂ မျိုးလောက်ဟာ အရက်ကြောင့် ပိုပြီးစုပ်ဝင်သွားနိုင်တယ်လို့ ဆိုပါတယ်။ ဒီလိုအရက်ကြောင့် အစာအိမ်ထဲမှာ ပိုစုပ်သွားနိုင်တဲ့ ဆေးတွေဟာ Acid ဓာတ်များများပါတဲ့ ဆေးတွေဖြစ်ပြီး ယင်းဆေးတွေထဲမှာ သွေးမခဲအောင်သုံးရတဲ့ Aspirin Warfarin အကိုက်အခဲနှင့် အရောင်ပျော့စေတဲ့ Naproxen နှင့် ကင်ဆာရောဂါတချို့မှာ အသုံးပြုရတဲ့ Tamoxifen တို့ပါဝင်ကြောင်း တင်ပြလိုက်ရပါတယ်။

အရက်ဖြတ်ဆေးနှစ်မျိုး

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ အရက်စွဲနေသူတွေအတွက် ဆေးစွမ်းကောင်း နှစ်ခုကို တွေ့ရတဲ့ သတင်းပါ။ ဒါကတော့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်က ဆေးပညာရှင်တွေက လူပေါင်း ၁၁၀၀၀ ကို လေ့လာပြီး တွေ့ရှိခဲ့တာ ဖြစ်ပါတယ်။ ဒီဆေးနှစ်မျိုးကတော့ ဈေးကွက်ထဲမှာ Campral လို့ ခေါ်တဲ့ acamprosate ဆေးနှင့် Re Via လို့ခေါ်တဲ့ Nalt rexone ဆေးတို့ဖြစ်ပါတယ်။ ဒီဆေးနှစ်မျိုးစလုံးဟာ အရက်နှင့်တွဲသောက်နိုင်ပြီး နောက်အရက်ကို တဖြည်းဖြည်းဖြတ်ယူနိုင်တဲ့ဆေးတွေပါ။ ဒီဆေးတွေဟာ လူခန္ဓာကိုယ်ကိုလည်း ဘာမှမထိခိုက်နိုင်ပဲ အရက်ဖြတ်လိုက်တဲ့ ဆေးတွေဖြစ်ပါတယ်။ အရက်စွဲနေသူတွေမှာ ဒီဆေးနှစ်မျိုးကို စမ်းသပ်မှုပေါင်း ၆၄ နေရာလုပ်ပြီး အတည်ပြုချက်ရယူခဲ့ကြတာပါ။ ဒီဆေးနှစ်မျိုးမှာ အရက်ပြတ်ဖို့ acamprosate ဆေးက ပိုအစွမ်းထက်တာကို တွေ့ရပြီး Natrexone ဆေးကတော့ အရက်ဖြတ်ပြီး အရက်ကိုတောင့်တနေတဲ့ စိတ်ဆန္ဒကို ဖြတ်တာမှာ ပိုအစွမ်းထက်တယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဒီဆေးနှစ်မျိုးစလုံး ဟာ အရက်စွဲပြီး အရက်ဖြတ်လိုသူတွေအတွက် အထူးအားထားရမယ့် ဆေးနှစ်မျိုးဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

လေဖြတ်ရင် ချက်ချင်းကုပါ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ လေဖြတ်ခြင်း (Stroke) ဖြစ်တဲ့ လူနာတွေဟာ ရောဂါလက္ခဏာပေါ်လာတာနဲ့ ချက်ချင်းကုသမှုခံယူနိုင်ရင် ပြန်ကောင်းလာနိုင်ဖို့ ပိုရှိပြီး အသက်ဆုံးရှုံးရဖို့ နည်းနိုင်တယ်ဆိုတဲ့ လေ့လာချက်တစ်ခုပါပဲ။ ဒီလေ့လာချက်ကိုတော့ Canadian Institute of Health Infermation က ထုတ်ပြန်လိုက်တာ ဖြစ်ပါတယ်။ ဒီလေ့လာချက်မှာ ကနေဒါနိုင်ငံ Ontario ပြည်နယ်က လူနာပေါင်း ၆၂၀၀၀ ကို ၂၀၀၆ ခုနှစ်ကနေ ၂၀၁၀ ခုနှစ်အတွင်း လေ့လာခဲ့ကြတာလို့ ဆိုပါတယ်။ ယင်းလေ့လာချက်မှာ လေဖြတ်လူနာသုံးယောက်မှာ တစ်ယောက်ဟာ ဆေးရုံကို ချက်ချင်းမရောက်နိုင်ခဲ့ကြဘူးလို့ ဆိုပါတယ်။ လူနာအားလုံးရဲ့ ၁/၃ လောက်သာ သုံးနာရီကငါးနာရီကြာပြီးမှ ရောက်ခဲ့ကြတာလို့ ဆိုပါတယ်။ သူတို့ဟာ လေ့လာချက်အရ ယခုအခါ လေဖြတ်ရောဂါကြောင့် အသက်ဆုံးရှုံးရမှု သိသိသာသာလျော့နည်းလာပြီး လေဖြတ်နာကို လက္ခဏာတွေပေါ်လာပြီး ချက်ချင်းကုသနိုင်ရင် လူကောင်းပကတိဖြစ်အောင် ကုနိုင်တဲ့ အခြေအနေရှိနိုင်တယ်လို့ ဆိုပါတယ်။ လေဖြတ်ခြင်းရဲ့ ရှေ့ပြေးလက္ခဏာတွေကတော့ ခြေတွေ၊ လက်တွေအားမရှိသလိုဖြစ်လာခြင်း၊ မျက်နှာတစ်ခြမ်း ရုတ်တရက်ထုံလာခြင်း (numberon sensation)၊ခြေလက်ထုံကျဉ်လာခြင်း၊ စကားမပီမသဖြစ်လာခြင်း၊ မျက်စိတွင် အရိပ်နှစ်ခုပေါ်လာခြင်း (Diplopia)၊ မျက်စိဝေဝါးသွားခြင်း၊ ရုတ်တရက် ခေါင်းကိုက်ခေါင်းမူးဖြစ်လာခြင်းတို့ ဖြစ်ကြောင်း တင်ပြလိုက်ပါတယ်။

ကင်ဆာကုဆေးစွမ်းကောင်းတွေ့ရှိ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကင်ဆာရောဂါကို ကုသရာမှာ ထိရောက်မယ့် ဆေးတစ်ခုကို တွေ့ရတယ်ဆိုတဲ့သတင်းပါ။ ဒီတွေ့ရှိချက်ကိုတော့ စင်ကာပူနိုင်ငံ National University of Singapore(NUS) Department of Biological Science မှ သိပ္ပံပညာရှင်တွေက တွေ့ရှိခဲ့တာဖြစ်ပါတယ်။ သူတို့ဟာ BPTES လို့အမည်ပေးထားတဲ့ ဆေး Compound တစ်ခုတွေ့ရှိခဲ့ပြီး ဒီ Compound ဟာ ကင်ဆာအဖု အကျိတ်ကို အာဟာရပြတ်အောင်ပြုလုပ်ပြီး ကင်ဆာဆဲလ်တွေသေစေတာလို့ ဆိုပါတယ်။ ဒီဆေးရဲ့ အာနိသင်ဟာကျောက်ကပ်နှင့် ရင်သားကင်ဆာမျိုးတွေမှာ ပိုမိုထိရောက်နိုင်ပြီး တခြား ကင်ဆာဆေးတစ်မျိုးနဲ့ ပူးတွဲ အသုံးပြုနိုင်တယ်လို့ဆိုပါတယ်။ ဒီဆေးရဲ့ ဘေးထွက်ဆိုးကျိုး၊ အာနိသင်အချိန်အဆတွေကို ထပ်ပြီးလေ့လာရဦးမှာဖြစ်ပေမယ့် ကင်ဆာရောဂါကို တိုက်ဖျက်ရာမှာတော့ ထိရောက်မယ့် ဆေးစွမ်းကောင်းတစ်ခုဖြစ်မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

အာရှအာဖရိကမှ ငှက်ဖျားဆေးအတုများ

နောက်ဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ကမ္ဘာတစ်လွှား ငှက်ဖျားရောဂါအဖြစ်များတဲ့ အာရှနှင့် အာဖရိကနိုင်ငံတွေမှာ သုံးစွဲနေကြတဲ့ ငှက်ဖျားရောဂါဆေးတွေရဲ့ ၃၆ ရာခိုင်နှုန်းတွေဟာ ဆေးအတုတွေ သို့မဟုတ် အာနိသင်မပြည့်ဝတဲ့ဆေးတွေ ဖြစ်နေတယ်ဆိုတဲ့ သတင်းပါ။ ဒါကိုတော့ US National Institute of Health က လေ့လာထားချက်ကို Lancet Infectious Disease Journal မှာ ဖော်ပြထားတာပါ။ ထိုင်း၊ ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ်နှင့် အာဖရိကတိုက် ဆာဟာရနိုင်ငံတွေမှာ ငှက်ဖျားဝေဒနာရှင်တွေ ဆေးယဉ်ပါးမှုပြဿနာကြုံနေရတာနဲ့ ပတ်သက်ပြီး လေ့လာထားတဲ့ စာတမ်းဖြစ်ပါတယ်။ ငှက်ဖျားရောဂါကုသရာမှာ အထိရောက်ဆုံးဆေးဖြစ်တဲ့ Artinisinin ဆေးကို ထုတ်လုပ်ရာမှာ အာနိသင်မပြည့်ဝတာ၊ တချို့ဆေးတွေဟာ အတုအယောင်ဖြစ်နေတာကြောင့် ဆေးယဉ်ပါးမှုပြဿနာ ပေါ်ပေါက်ခဲ့ရတာလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO က ထောက်ပြထားပါတယ်။ ဆေးအတုနှင့် ပတ်သက်ပြီး တိုးတက်ပြီးနိုင်ငံတွေမှာ တစ်ရာခိုင်နှုန်းလောက်သာ ရှိပေမယ့် ကျန်တဲ့နိုင်ငံတွေမှာတော့ ၁၀ ရာခိုင်နှုန်းလောက်ရှိနေတယ်လို့ ဆိုပါတယ်။

အရှေ့တောင်အာရှနိုင်ငံတွေမှာ သုံးစွဲနေတဲ့ ငှက်ဖျားရောဂါ ဆေးခုနစ်မျိုးရဲ့ နမူနာ ၁၄၃၇ ခုကို စစ်ဆေးကြည့်တဲ့အခါ သုံးပုံတစ်ပုံကျော်က အာနိသင် မပြည့်ဝတဲ့ဆေးဖြစ်ပြီး နောက်သုံးပုံတစ်ပုံကတော့ အတုအယောင်ဆေးတွေဖြစ်တယ်လို့ ဆိုပါတယ်။ အဲဒီလိုပဲ အာဖရိကတိုက် ဆာဟာရဒေသက နိုင်ငံ ၂၁ နိုင်ငံမှာ သုံးစွဲနေတဲ့ ဆေးနမူနာ ၂၅၀၀ ကို စမ်းကြည့်တဲ့အခါ သုံးပုံတစ်ပုံက အာနိသင်မပြည့်ဝတဲ ငါးပုံတစ်ပုံကတော့ အတုတွေဖြစ်နေတယ်ဆိုတာ တင်ပြရင်း ယခုအပတ် ဆေးပညာသတင်းဆန်းများကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှ ကြီးမှူးကျင်းပသော အားကစားပြိုင်ပွဲနှင့် ပျော်ပွဲရွှင်ပွဲကို ဇန်နဝါရီ ၄ ရက်က တပ်ဖွဲ့အားကစားကွင်း၌ ကျင်းပရာ အမျိုးသမီးလွန်ဆွဲပွဲ အကြိတ်အနယ်ယှဉ်ပြိုင်စဉ်။ (ဝ၄၉)

ရွှေခြသေ့်လူငယ်လူမှုကူညီရေးအဖွဲ့သို့မော်တော်ယာဉ်ပေးအပ်လှူဒါန်း

တမူး ဇန်နဝါရီ ၆

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် တမူးမြို့နယ်အတွင်းရှိ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာကိစ္စများ ဘာသာ၊ သာသနာရေးဆိုင်ရာ ကိစ္စများနှင့် အခြားအလှူ မင်္ဂလာပွဲများတွင် အသုံးပြုနိုင်ရန်အတွက် (တမူး-ကလေး-ကလေးဝ) ပြေးဆွဲနေသော ရဲဝင့်အောင်မော်တော်ယာဉ်ငယ်အသင်းမှ (Super Custom) အမျိုးအစား မော်တော်ယာဉ်တစ်စီးကို တမူးမြို့ ရွှေခြသေ့် လူငယ်လူမှုကူညီရေးအဖွဲ့သို့ ဒီဇင်ဘာ ၂၅ ရက်က ပေးအပ်လှူဒါန်းခဲ့သည်။

လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလှူရှင်များမှ ထည့်ဝင်မတည်ရန်ပုံငွေကျပ် ၁၂၉၅၀၀၀ ဖြင့် ထူထောင်ထားရှိပြီး အဖွဲ့အနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုတွင် အဖွဲ့ပိုင်ယာဉ်ဖြင့် မြို့တွင်းမြို့ပြင် လူနာများ သယ်ယူပို့ဆောင်ပေးခြင်း၊ နာရေးအတွက် သံဃာတော် ပင့်ဆောင်ရေးယာဉ်အဖြစ်လည်းကောင်း၊ ဝေယျာဝစ္စဆောင်ရွက်သည့် ယာဉ်အဖြစ်လည်းကောင်း၊ တမူးမြို့ရှိ အခြားလူမှုရေး အဖွဲ့အစည်းများနှင့် ပူးပေါင်းကူညီ ဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို ဇန်နဝါရီ ၁ ရက် မှ စတင်ပြီး မည်သူမဆို၊ မည်သည့်အဖွဲ့အစည်းမဆို၊ လူမှုရေးအကူအညီ လိုအပ်သူများအား တတ်နိုင်သမျှကူညီ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(ဝင်းနိုင်)

စာပေမြင့်မှ လူမျိုးတင့်မည်

ပြည်တွင်းသတင်း

❋ ရှေ့ဖုံးမှ

ဒေသခံပြည်သူများ၏ဆန္ဒနှင့် လိုအပ်ချက်များ၊ ပြည်သူ့အသံများကို နားထောင်ကာ ဖြည့်ဆည်းပေးနိုင်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးနိုင်စေရန်အတွက် လာရောက်ရခြင်းဖြစ်ကြောင်း၊ အားလုံးသိရှိပြီးဖြစ်သည့်အတိုင်း မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ပေါ်ပေါက်လာစေရန်အတွက် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြောင်း၊ နိုင်ငံတော်တွင် ၂၀၁၀ ခုနှစ် နိုဝင်ဘာလက အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ယင်းရွေးကောက်ပွဲကြီးအပြီးတွင် ပြည်သူက ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် လွှတ်တော်များ ပေါ်ပေါက်လာခဲ့ကြောင်း၊ ယင်းလွှတ်တော်များက နိုင်ငံတော်အတွက် အုပ်ချုပ်ရေးကဏ္ဍတွင် တာဝန်ယူမည့် နိုင်ငံတော်သမ္မတတစ်ဦးကို ရွေးချယ်ပေးနိုင်ခဲ့ကြောင်း၊ နိုင်ငံတော်သမ္မတကတစ်ဆင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တရားစီရင်ရေးကဏ္ဍတွင် တာဝန်ယူဆောင်ရွက်ရမည့် အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများကို ဆက်လက်ရွေးချယ်ကာ ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးခဲ့ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံသားများ၏အကျိုးစီးပွားကို ဖြစ်နိုင်သမျှ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိနေသကဲ့သို့ မိမိတို့လွှတ်တော်အနေဖြင့်လည်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ပေးနိုင်မည့်ဥပဒေများကို ပြဋ္ဌာန်းပေးနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

မိမိတို့လွှတ်တော်အတွင်း နိုင်ငံရေးပါတီ (၁၇)ခုရှိနေသော်လည်း နေထိုင်ရာ ဒေသနှင့်ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ကိုးကွယ်သည့်ဘာသာစွဲများ မထားရှိကြဘဲ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရန်အတွက် စည်းစည်းလုံးလုံး ဆောင်ရွက်လျက်ရှိနေကြောင်း၊ အလားတူ အခြားသောအဖွဲ့အစည်းများအချင်းချင်း အပြန်အလှန်ထိန်းကျောင်း ဆောင်ရွက်နိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ယခုကဲ့သို့ လွှတ်တော်များနားနေချိန်တွင် ပြည်သူများ၏ လိုအပ်ချက်၊ အခက်အခဲများ ဖြေရှင်းပေးနိုင်ရန်အတွက်နှင့် ပြည်သူ့အသံကို နားထောင်နိုင်ရန်အတွက် ကွင်းဆင်းလေ့လာစူးစမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ၎င်းအပြင် ဆင်းရဲမှုလျှော့ချရေးအတွက် လယ်သမားများ၏ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် အခြားသော စီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း။

ပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လွှတ်တော်က လုပ်ငန်း(၃)ရပ်ဖြင့် ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မေးခွန်းများမေးမြန်းခြင်း၊ အဆိုများတင်သွင်းခြင်းနှင့် ဥပဒေများပြဋ္ဌာန်းခြင်းတို့ကို တစိုက်မတ်မတ်လုပ်ဆောင်ကာ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ရွက်ဆောင်သယ်ပိုးလျက်ရှိကြောင်းဖြင့် အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် မအူပင်ခရိုင်အတွင်းရှိ မအူပင်၊ ပန်းတနော်၊ ညောင်တုန်းနှင့် ဓနုဖြူမြို့နယ်များမှ ဒေသခံ မြို့မိ မြို့ဖနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးတို့က ဒေသဖွံ့ဖြိုးရေးအတွက် ဦးစားပေးဆောင်ရွက်ပေးရန် လိုလားသည့်အကြောင်းအရာ အချက်အလက်များကို ကဏ္ဍအလိုက် အသီးသီးတင်ပြဆွေးနွေးကြရာ သက်ဆိုင်ရာဝန်ကြီးဌာနအသီးသီးမှ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက တင်ပြဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြန်လည်ရှင်းလင်းဖြေကြားပေးကြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် မိမိတို့ပြည်သူ့ကိုယ်စားလှယ်များနှင့် အစိုးရအဖွဲ့အနေဖြင့် ပြည်သူသဘောထား ဆန္ဒများအား အလေးထား၍ လိုအပ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လိုအပ်ချက်များကို အကောင်အထည်ဖော်ရန် ပြည်ထောင်စုအစိုးရက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရာတွင် ဦးစားပေးဆောင်ရွက်သင့်သည့်ကိစ္စများကို ဦးစားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေနှင့်ရော လွှတ်တော်အနေဖြင့်ပါ ဖြစ်သင့်ဖြစ်ထိုက်သည့်ကိစ္စရပ်များကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လတ်တလော ဆောင်ရွက်၍ရနိုင်သည့် ကိစ္စရပ်များအား ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လတ်တလောဆောင်ရွက်၍ မရရှိနိုင်သည့်ကိစ္စများအား ဆက်လက်ညှိနှိုင်း ကြိုးပမ်းပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့လွှတ်တော်နှင့်အစိုးရအဖွဲ့အနေဖြင့် နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် လူ့အခွင့်အရေးကိစ္စရပ်များကို အလေးထား ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒီမိုကရေစီစနစ်ကို ကျင့်သုံးဆောင်ရွက်ရာတွင် အခြားသူများကို ထိခိုက်စေနိုင်သည့် ကိစ္စရပ်များအား မပြုလုပ်မိရန် လိုအပ်ပါကြောင်း၊ တရားဥပဒေနှင့် စည်းမျဉ်း စည်းကမ်းများအား လိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း၊ စည်းမျဉ်း စည်းကမ်းနှင့် တရားဥပဒေကို လေးစားလိုက်နာသော နိုင်ငံများတွင်သာ ဒီမိုကရေစီစနစ် ရှင်သန်ပါကြောင်း၊ ထို့ကြောင့် ဒီမိုကရေစီစနစ် ရှင်သန်ရေးအတွက် တရားဥပဒေကို လေးစားလိုက်နာ၍ တရားဥပဒေစိုးမိုးရန်လိုအပ်ပါကြောင်း၊ ထို့အပြင် မိမိတို့နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် အားလုံးကိုယ်စီ စည်းလုံးညီညွတ်စွာ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လည်း လိုအပ်ပါကြောင်းဖြင့် ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့သည်။ **(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း မအူပင်မြို့နယ် တိုးရွှေဝါခန်းမ၌ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

လုပ်ငန်းစဉ်၏ရည်ရွယ်ချက်နှင့် မှန်မှန်ကန်ကန်ဆောင်ရွက်နေမှုများ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် မီဒီယာများက အသိပေးတင်ပြ

နေပြည်တော် ဇန်နဝါရီ ၆

လှုပ်ရှားရှာဖွေတားဆီးရေးအဖွဲ့ (Mobile Team) များဖြင့် မူဆယ်-မန္တလေး လမ်းကြောင်းတွင် ၁-၁၁-၂၀၁၂ ရက်မှလည်းကောင်း၊ မြဝတီ-ရန်ကုန် လမ်းကြောင်းတွင် ၂၀-၁၂-၂၀၁၂ ရက်မှ လည်းကောင်း စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ဆောင်ရွက်ရာတွင် တရားဝင် တင်သွင်းခွင့်ပြုနိုင်သည့် ပစ္စည်းများကို ဖမ်းဆီး/သိမ်းဆည်းခြင်း မပြုဘဲ လိုင်စင်ဂျူတီပြန်လည်ပြုလုပ်စေ၍ ဖြတ်သန်းခွင့်ပြုသောစနစ်ကို ကျင့်သုံးခဲ့ပြီး နှစ်လ ပညာပေးကာလ ကျော်လွန်ပြီးနောက် အရေးယူမှုများ ထိထိရောက်ရောက် ဆောင်ရွက်သွားတော့မည်ဖြစ်ကြောင်းဖြင့် တရားမဝင် ကုန်သွယ်မှု တားဆီးထိန်းချုပ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဝင်းမြင့် **(ဝဲပုံ)**က ယနေ့နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် အဗျားဗိုလ်တဲကျေးရွာ ပရဟိတစာသင်ကျောင်း၌ စားသုံးသူ အကာအကွယ်ပေးရေးနှင့် ကုန်သွယ်မှုများတားဆီးထိန်းချုပ် လှုပ်ရှားရှာဖွေအဖွဲ့ (Mobile Team) များအား တွေ့ဆုံရာတွင် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများနှင့်အညီ မှန်ကန်စွာလိုက်နာဆောင်ရွက်ကြရန်ဖြစ်ပြီး ပြည်သူများနှင့် ဆက်ဆံရာတွင် မှန်မှန်ကန်ကန် ဆောင်ရွက်နေသူများအတွက် အဆင်မပြေနစ်နာမှုများမရှိအောင်၊ စိတ်ဆင်းရဲမှု မဖြစ်အောင် ဆောင်ရွက်သွားကြရန်နှင့် အခက်အခဲများကိုစုပေါင်းဖြေရှင်းသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်သမ္မတက ကောင်းမွန်သောအုပ်ချုပ်မှုစနစ် တိုးတက်အောင် ဆောင်ရွက်ရမည့်အချက်များအနက် လာဘ်ပေး လာဘ်ယူမှုများ ထိထိရောက်ရောက် တားဆီးသွားရန်၊ နိုင်ငံ့ဝန်ထမ်းသားကောင်းများအနေဖြင့် အမျိုးသားရေးစိတ်ဓာတ်ဖြင့် တိုင်းပြည်နှင့်လူမျိုးဂုဏ်သိက္ခာ ပြန်လည်မြှင့်တင်ရန် လမ်းညွှန်မှာကြားခဲ့သည်ကို လုပ်ငန်းအဖွဲ့များက အလေးထားလိုက်နာကြရန်ဖြစ်ကြောင်း၊ ပြည်သူဗဟိုပြုပုံစံဖြင့် ပြည်သူများ မည်ကဲ့သို့ ဖြစ်စေချင်သည်ကို အမြဲလေ့လာနားထောင်ပြီး ပြင်ဆင်ဆောင်ရွက်နိုင်ရန် အကြံပြုတင်ပြကြရန်လိုကြောင်း။

ယခုအဖွဲ့တွင် စတုတ္ထမဏ္ဍိုင်ဖြစ်သော သတင်းမီဒီယာများကိုပါ ထည့်သွင်း ဖွဲ့စည်းထားခြင်းကြောင့် ဌာနဆိုင်ရာများ၏ လုပ်ငန်းအားနည်းချက်များ၊ ပြင်ဆင်ရန်ရှိသည်များကို ဝိုင်းဝန်းအကြံပြုဆွေးနွေးပေးရန် ဖြစ်သကဲ့သို့ ယခုလုပ်ငန်းစဉ်၏ ရည်ရွယ်ချက်နှင့် မှန်မှန်ကန်ကန် ဆောင်ရွက်နေမှုများကို အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့် သိရှိစေရန် သတင်းမီဒီယာများက ပြည်သူသို့အသိပေး တင်ပြသွားစေလိုကြောင်း၊ အစိုးရသစ်အနေဖြင့် ဖြေလျှော့မှုများ အဆင့်ဆင့် ဆောင်ရွက်ပေးခဲ့ကြောင်း၊ သို့ရာတွင် တရားမဝင် ကုန်သွယ်မှုများ များပြားလာခြင်းကြောင့် အခွန်ပေးဆောင်၍ တရားဝင်ကုန်သွယ်နေသူများအား အကာအကွယ်ပေးရန် လိုအပ်လာသကဲ့သို့ အန္တရာယ်ဖြစ်စေသည့် စားသောက်ကုန်များနှင့် ကုန်ပစ္စည်းပါဝင်နေ၍ စားသုံးသူ အကာအကွယ်ပေးရန်လည်း လိုအပ်နေကြောင်း၊ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ ဆုံးရှုံးနေခြင်းများကြောင့် ယခုကဲ့သို့ စီစဉ်ရခြင်းဖြစ်ကြောင်းကိုလည်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီးသက်ထွန်းနှင့် ဦးကျော်မြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက လက်ရှိညှိနှိုင်းဆောင်ရွက်ပေးရန် ရှိသည်များနှင့် လုပ်ငန်းကိစ္စရပ်များကို ရှင်းလင်းတင်ပြကြပြီး သတင်းမီဒီယာများ၏ အကြံပြုဆွေးနွေးမေးမြန်းချက်များကို ပြန်လည် ရှင်းလင်းဖြေကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စစ်ဆေးရေးလုပ်ငန်းလက်တွေ့ဆောင်ရွက်နေသော ဝေါမြို့နယ် ညောင်ခါးရှည်လမ်းဆုံသို့ ကွင်းဆင်းကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လေကြောင်းတွင် အသုံးပြုမည့် ဘရာဇီးနိုင်ငံထုတ် လေယာဉ် ဒုတိယအစင်း ရောက်ရှိ

ရန်ကုန် ဇန်နဝါရီ ၆

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းတွင်အသုံးပြုရန်အတွက် အမေရိကန်နိုင်ငံ GE Capital Aviation Services (GECAS) မှ ငှားရမ်းထားသော ဘရာဇီးနိုင်ငံထုတ် Embraer 190-AF လေယာဉ် XY-AGP ဒုတိယအစင်းသည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အမေရိကန်နိုင်ငံသားလေယာဉ်မှူးများဖြစ်သည့် Mr.Cornelius Joseph Stanton နှင့် Mr. Miner III Harlow James တို့က ပျံသန်းမောင်းနှင်ရောက်ရှိလာရာ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် တာဝန်ရှိသူများက ကြိုဆိုလွှဲပြောင်းလက်ခံခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❋ ရှေ့ဖုံးမှ

မြေနေရာကို ကွင်းဆင်းလေ့လာမှုများပြုလုပ်လျက်ရှိသည်။ အဆိုပါ မြေနေရာမှာ အကျယ်အဝန်း ဧက ၂၀၀ ခန့်သာရှိရာ မြေအကျယ်အဝန်းနည်းပါးသဖြင့် ဟိုတယ်ဇုန်သစ်တွင် ရင်းနှီးမြှုပ်နှံလုပ်ကိုင်မည့်လုပ်ငန်းရှင်များက စိတ်ဝင်စားမှုလျော့နည်းလျက်ရှိသည်။

ဟိုတယ်ဇုန်အသစ်အတွက် အနည်းဆုံး မြေဧက ၅၀၀ ကျော်ရှိသည့် မြေအကျယ်အဝန်းရှိမှသာ ဟိုတယ်ဇုန်လုပ်ငန်းများ အကောင်အထည်ဖော်လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ယခင်က ရန်ကုန်မြို့အရှေ့ပိုင်းတွင် မြေအကျယ်အဝန်းဧက ၈၀၀ ခန့်ရှိသောနေရာအား ဟိုတယ်ဇုန် ပြုလုပ်နိုင်ရေးအတွက် လေ့လာမှုများ ပြုလုပ်ခဲ့သော်လည်း လယ်ယာမြေများပါ အကျုံးဝင်နေသဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိခဲ့ချေ။

ယခုအခါ ရန်ကုန်ဟိုတယ်ဇုန် အစီအစဉ်ဖြင့် ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)ယုဇနဥယျာဉ်အနီး မြေနေရာ ဧက ၂၀၀ ခန့်ပေါ်တွင် ဟိုတယ်ဇုန်သစ်အသေးတစ်ခု အကောင်အထည်ဖော် တည်ဆောက်သွားရန် စီစဉ်လျက်ရှိသည်။

လောလောဆယ် စီးပွားရေးမြို့တော်ရန်ကုန်တွင် ခရီးသွားဧည့်သည်များ၊ စီးပွားရေးလုပ်ငန်းဖြင့် လာရောက်သူများ၊ လူမှုရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများဖြင့် လာရောက်သူများ စသည်ဖြင့် များပြားလာလျက်ရှိရာ လက်ရှိရန်ကုန်၌ တည်ရှိနေသော ဟိုတယ်များဖြင့် လုံလောက်မှုမရှိနိုင်သည့် အနေအထား ဖြစ်လာသည်။

လက်ရှိအချိန်၌ စီးပွားရေးမြို့တော်ရန်ကုန်တွင် ကြယ်ငါးပွင့်အဆင့် ဟိုတယ်ငါးလုံး၊ ကြယ်လေးပွင့်အဆင့် ဟိုတယ်ခြောက်လုံး၊ ကြယ်သုံးပွင့်အဆင့် ဟိုတယ် ၁၃ လုံး၊ ကြယ်နှစ်ပွင့်အဆင့် ဟိုတယ် ၂၁ လုံးနှင့် ကြယ်တစ်ပွင့်အဆင့် ဟိုတယ် ၂၈ လုံးတို့ရှိနေသည့်အပြင် မိုတယ်နှင့်အင်းများလည်းရှိနေကြောင်း ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ထုတ်ပြန်သော စာရင်းအင်းများ၌ ဖော်ပြထားသည်။ **(မြန်မာ့အလင်း)**

ပြည်တွင်းသတင်း

❊ *ကျောဖုံးမှ*

ငြိမ်းချမ်းရေးစတင်ဆွေးနွေးစဉ်ကတည်းကပင် အောင်မြင်မှုရရှိစေရန် ဆန္ဒပြုခဲ့ပါကြောင်း၊ ကရင်ပြည်နယ်အေးချမ်းသာယာရေးအတွက် တပ်မတော်အနေဖြင့် တတ်နိုင်သည့်ဘက်မှ အားပေးကူညီမည်ဟုဆုံးဖြတ်ချက်ချထားပြီး ဖြစ်ပါကြောင်း၊ မိမိရောက်သည့်နေရာတိုင်းတွင်လည်း တိုင်းပြည်တည်ငြိမ်အေးချမ်းဖို့အတွက် ပြောကြားခဲ့ပါကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်ရေးအတွက် ငြိမ်းချမ်းရေးအား ခိုင်ခိုင်မာမာဖြစ်စေချင်ပါကြောင်း၊ ငြိမ်းချမ်းသောဒေသများသို့ တပ်မတော်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့များစေလွှတ်၍ ဒေသခံတိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ အောင်မြင်မှုများစွာ ရရှိပါကြောင်း၊ ကရင်ပြည်နယ်ရှိ အချို့နေရာများတွင်လည်း ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ တပ်မတော်အနေဖြင့် ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျန်းမာရေးနှင့် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးရန် ဆန္ဒရှိပါကြောင်း၊ လူတစ်ဦးတွင် ရိုးသားမှု၊ ကတိတည်မှုသည် အရေးကြီးပြီး ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည်လည်း စိတ်တူသဘောတူရှိကြသူများဖြစ်ပါကြောင်း၊ တပ်မတော်သည် နေရာဒေသပေါင်းစုံမှ ရောက်ရှိလာကြသော ပြည်ထောင်စုသားတိုင်းရင်းသားများဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စု တပ်မတော်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုစိတ်ဓာတ်ထားရှိကြရမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှ ဖွံ့ဖြိုးတိုးတက်မည်ဖြစ်၍ ထာဝရငြိမ်းချမ်းရေးရရှိပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းကာ ဖွံ့ဖြိုးတိုးတက်စေချင်သော စိတ်ဆန္ဒအမြဲရှိပါကြောင်း၊ ယခုနှစ်သစ်သည် ငြိမ်းချမ်းရေးနှစ်၊ မင်္ဂလာရှိသောနှစ်သစ်ဟု အပြည့်အဝယုံကြည်ပါကြောင်းဖြင့် ပဏာမဆွေးနွေးပြောကြားသည်။

ထို့နောက် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌက KNU အနေဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှေ့ဆက်သွားမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားရန် လာရောက်တွေ့ဆုံခြင်းဖြစ်ပါကြောင်း၊ ကရင်ပြည်နယ်အတွင်း အပစ်အခတ်ရပ်စဲရေးစတင်ဆွေးနွေးချိန်မှစ၍ သေနတ်သံမကြားသလောက် ဖြစ်ခဲ့ပါကြောင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) အနေဖြင့် ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအား နောက်ဆုတ်ဖို့မရှိဘဲ ကောင်းသည်ထက်ကောင်းအောင်၊ ခိုင်မာသည်ထက်ခိုင်မာအောင် တည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) ညီလာခံပြီးသည့်နောက် ကော်မတီ(၇)ရပ် ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေး ကော်မတီကိုလည်း ပြန်လည်ဖွဲ့စည်းရန် စီစဉ်ထားရှိပြီး ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ အထွေထွေအတွင်းရေးမှူးချုပ် ဖဒိုစော ကွယ်ထူးဝင်း၊ အတွင်းရေးမှူး(၂) ဖဒိုစောမန်းမန်း၊ ဗဟိုကော်မတီဝင် ဖဒိုမန်းညိမ်းမောင်တို့က ငြိမ်းချမ်းရေးခိုင်မာစေရန်အတွက် နှစ်ဖက်လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ အသေးစိတ်ပြန်လည်ညှိနှိုင်းထားရှိလိုပါကြောင်း၊ တစ်ဖက်နှင့်တစ်ဖက် နားလည်မှုတည်ဆောက်ချိန်တွင် စည်းကမ်းတစ်ခုကန့်ထားနိုင်က အဆင်ပြေနိုင်မည် ဖြစ်ပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်လာပါမှ ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်မှုရှိလာမည်ဖြစ်ပါကြောင်း၊ တပ်မတော်မှ နယ်လှည့်ဆေးကုသရေးအဖွဲ့နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ဆေးအဖွဲ့များပူးပေါင်း၍ ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများအား ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသော ပဋိပက္ခမှာ ငြိမ်းချမ်းရေးဖော်ဆောင်မှုအတွက် အဟန့်အတားတစ်ခုလို ဖြစ်နေပါကြောင်း၊ ရာစုနှစ် တစ်ဝက်ကျော် ပြည်တွင်းစစ်ဖြစ်ခဲ့၍ တိုင်းရင်းသားအချင်းချင်း တစ်ဦးနှင့်တစ်ဦး သံသယများ အနည်းငယ် ကျန်ရှိနေပါကြောင်း၊ နိုင်ငံတော်၏ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းမှုအား စောင့်ကြည့်နေသူများအတွက် ကချင်ပြည်နယ်အရေးသည် သံသယဖြစ်ဖွယ်ဖြစ်လာနိုင်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော်အနေဖြင့် ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ဖွဲ့စည်းဆောင်ရွက်မည့် ကော်မတီ(၇)ခုနှင့် တူညီသက်ဆိုင်သည့်ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ တိုင်းပြည်ချစ်စိတ်ရှိသူတိုင်းသည် တိုင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်သလို ကရင်အမျိုးသားအစည်းအရုံး (KNU) မှ ငြိမ်းချမ်းရေးရယူခြင်းသည်လည်း ကရင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်စေလို၍ဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့အားလုံး ရိုးသားမှု၊ ကတိတည်မှုရှိရှိဖြင့် ကောင်းသည့်ဘက်ကို ဦးတည်ဖော်ဆောင်သွားမည် ဖြစ်ပါကြောင်း၊ စည်းကမ်းဆိုသည့်ဘောင်ကန့်ထားပါက စည်းခြားထားသလိုဖြစ်ပြီး အတားအဆီးတစ်ခုဖြစ်သွားနိုင်ပါကြောင်း၊ စည်းကမ်းထက် အားလုံးပူးပေါင်းဆောင်ရွက်ပါက ပို၍လေးနက်မည်ဟု ယုံကြည်ယူဆပါကြောင်း၊ မိမိတို့အားလုံးသည် ပြည်ထောင်စုဆိုသည့် မိသားစုတစ်ခုအတွင်းမှဖြစ်၍ ချစ်ချစ်ခင်ခင် ရင်းရင်းနှီးနှီးရှိချင်ပါကြောင်း၊ တူညီသောရည်မှန်းချက်ကိုပေါင်း၍ လုပ်ကိုင်ကြခြင်းဖြစ်သဖြင့် မိသားစုအားလုံး တစ်နေ့နေ့ဆုံရပ်တစ်ခုတွင် ဆုံကြရမည်ဖြစ်ပါကြောင်း၊ တပ်မတော်၏တာဝန်မှာ နိုင်ငံတော်ကို ကာကွယ်ရန်၊ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်ဖြစ်ပါကြောင်း၊ KIA မှ စစ်ရေးနှင့် မသက်ဆိုင်သော ပစ်မှတ်များ၊ တရားဥပဒေ စိုးမိုးရေးဆောင်ရွက်နေသော အစိုးရဌာနများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များကို တိုက်ခိုက်လာသဖြင့် တပ်မတော်အနေဖြင့် ပြည်သူများ၏ အသက်အိုးအိမ်လုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး၊ နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးအတွက် မိမိကိုယ်ကို ခုခံကာကွယ်မှုနှင့် စစ်ရေးအရ ပြန်လည်တုံ့ပြန်မှုများကို မလွှဲမရှောင်သာ ပြုလုပ်ခဲ့ရခြင်း ဖြစ်ပါကြောင်း၊ ၎င်းတို့သည် အမွေလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများကိုလည်း ပြုလုပ်ခဲ့ပါကြောင်း၊ ငြိမ်းချမ်းရေးကို မထိခိုက်စေလို၍ တစ်နှစ်လုံး သည်းခံဆောင် ရွက်ခဲ့ပါကြောင်း၊ ယခုအခါ ကချင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်ရေးလုံခြုံမှုကို များစွာထိခိုက်လာခဲ့ပါကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်ထောင်စုနိုင်ငံဖြစ်၍ ဒို့တာဝန် အရေးသုံးပါးကို အထိပါး မခံနိုင်ပါကြောင်း၊ ဒို့တာဝန်အရေးသုံးပါးသည် ပြည်ထောင်စုသားအားလုံး၏ အမျိုးသားရေးတာဝန်ဖြစ်သဖြင့် ယင်းတာဝန်အပေါ် တိုင်းရင်းသားအားလုံး ဦးတည်ဆောင်ရွက်ပါကမည်သည့်ပြဿနာမှ မဖြစ်လာနိုင်ပါကြောင်း၊ ကချင်ပြည်နယ်အတွင်း မြေပြင်တွင်ဖြစ်ပွားနေသော ဖြစ်စဉ်များနှင့် မီဒီယာများတွင် ဖော်ပြနေသော အခြေအနေများသည် မတူညီမှုများရှိသဖြင့် ကရင်အမျိုးသား အစည်းအရုံး (KNU) အနေဖြင့် လက်တွေ့မြေပြင်အခြေအနေအား သွားရောက်ကြည့်ရှုနိုင်ပါကြောင်း၊ ကရင်အမျိုးသားအစည်းအရုံး (KNU) သည် ငြိမ်းချမ်းရေးမရခင်ကတည်းက ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးကိစ္စများထိခိုက်မှုမရှိအောင် ဆောင်ရွက်သောစိတ်ထားရှိ၍ မိမိတို့အနေဖြင့် ချီးကျူးပါကြောင်း၊ တိုင်းရင်းသားများအနေဖြင့် မိမိတို့စာပေ၊ စကား၊ ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်မှုကို မိမိအားပေးထောက်ခံပါကြောင်း၊ ထို့အပြင် ပြည်ထောင်စု၏ အဓိကစာပေနှင့် စကားဖြစ်သည့် မြန်မာစာပေ၊ မြန်မာစကားပြောဆိုသင်ယူမှုများကိုလည်း စာသင်ကျောင်းများကအစအားပေးသင်ကြားရမည့်အပြင် နိုင်ငံတကာသုံး အင်္ဂလိပ်စာနှင့် ယခုခေတ်ကွန်ပျူတာနည်းပညာများကိုလည်း သင်ယူရန်လိုပါကြောင်း၊ ကချင်ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး ဆောင်ရွက်မှုများကိုပင် နှောင့်ယှက်မှုများရှိခဲ့ပါကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး တိုးတက်စေချင်သော ဆန္ဒအပြည့်အဝရှိပါကြောင်း၊ ကချင်ပြည်နယ်အတွင်းတွင်လည်း ငြိမ်းချမ်းရေးရရှိမည်ဟု ယုံကြည်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီး မူတူးစေးဖိုးနှင့် အဖွဲ့ဝင်များအား နံနက်စာဖြင့် တည်ခင်းဧည့်ခံသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံ ရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ကရင်အမျိုးသားအစည်းအရုံး (KNU) ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြစဉ်။ (သတင်းစဉ်)

uRef a&rae? cgawmfDSaxmywfjifsm; jyifOD;vGifpkdyfr&dt mifjrif vsuf&S

ပြင်ဦးလွင် ဇန်နဝါရီ ၆

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်နှင့် တစ်မိုင်အကွာရှိ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြင်ဦးလွင်မြို့နယ် သစ်တောဦးစီးဌာနမှ သစ်တောဒေသအစုအဖွဲ့ပိုင် တည်ထောင်ခွင့်ပြုထားသော ဦးဝင်းကြည်ပိုင် ဧက ၅၀ စိုက်ခင်းတွင် သစ်တောဦးစီးဌာနမှ ချမှတ်ပေးအပ်ခဲ့သော စီမံချက်နှင့်အညီ နှစ်တိုနှစ်ရှည်ပင်များ စိုက်ပျိုးထားရှိရာ အောင်မြင်လျက်ရှိသည်ကို တွေ့မြင်ရသည်။ **(ယာပုံ)**

ဧက ၅၀ စိုက်ခင်းပိုင်ရှင် ဦးဝင်းကြည်က နှစ်ရှည်ပင်များဖြစ်သည့် ကျွန်း၊ ရေမနေ၊ ခါတော်မီနှင့် ထောပတ်ပင်များအား မြို့နယ်သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၏ ပံ့ပိုးကူညီမှုရယူ၍ ကိုယ်တိုင်ပျိုးထောင်လျက် သစ်ပင်များစိုက်ပျိုးမည့်မြေနေရာအား ပြုပြင်၍ အတန်းလိုက်ကိုယ်တိုင်စိုက်ပျိုးခဲ့သည်။ ဧက ၂၀ ကျော် အတန်းစိုက်ပျိုးခဲ့သည့် ကျွန်း၊ ရေမနေ၊ ခါတော်မီနှင့် ထောပတ်ပင်များ အောင်မြင်ဖြစ်ထွန်းလျက်ရှိနေပြီး ကြားညှပ်အပင်များအဖြစ် သစ်မွှေးနှင့် ကော်ဖီစိုက်ပျိုးထားရှိရာ လေးနှစ်သားအရွယ်တွင် သစ်မွှေးပင်များအတန်းအလိုက် ဖြစ်ထွန်းလျက် အမြင့်ပေ ၁၄ ပေအရွယ်ရှိနေပြီဖြစ်ပြီး ကော်ဖီပင်များမှာလည်း လေးနှစ်သားအရွယ်တွင် အသီးများဝေဆာသီးနေလျက်ရှိသည်။

ဒေသမျိုးများ ပျိုးထောင်၍ စိုက်ပျိုးထားရှိသော ဧက ၂၀ လက်ဖက်စိုက်ခင်းမှာလည်း လက်ဖက်မစိုက်ပျိုးခင် မြေအမျိုးအစားပြုပြင်၍ ခါတော်မီအပင်များ တန်းလိုက်စိုက်ပျိုးလျက်ကြားညှပ်အပင်အဖြစ် လက်ဖက်ပင်များစိုက်ပျိုးခဲ့ရာ သုံးနှစ်သားအရွယ်တွင် ဖြစ်ထွန်းအောင်မြင်နေပြီး တရုတ်ပြည်မှ လက်ဖက်မျိုးကိုလည်း စမ်းသပ်အဖြစ် ငါးဧကစိုက်ပျိုးထားရှိရာ အောင်မြင်စရှိနေပြီကို တွေ့ရှိရသည်။

အစုအဖွဲ့ပိုင်ဧက ၅၀ အတွင်း၌ ဒေသမျိုး သဘော်ပင်များ၊ ယိုးဒယားပိန္နဲ၊ သရက်ပင်များလည်း ဖြစ်ထွန်းအောင်မြင်နေပြီး သဘော်ပင်များသည် အသီးသီးရာ၌ တစ်ပင်လျှင် အလုံး ၁၅ လုံးမှ ၂၀ အထိ သီးနေပြီး သဘော်သီးတစ်လုံးလျှင် အရွယ်/အရှည် ၁၅ လက်မ၊ လုံးပတ် ၂၄ လက်မခန့်အရွယ် သီးနေလျက်ရှိသည်ဟု တွေ့မြင်ရသည်။

(ဝ၃၂)

(65)Epajrmu vwvya&;ae *Pjyk r&mNrKü u , tm;u , u; uw&mvr;oprsm;zi

နေပြည်တော် ဇန်နဝါရီ ၆

(၆၅) နှစ်မြောက်လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီးမုံရွာမြို့ ကွေ့ကြီးအမှတ် (၁) လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီး ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီး ဦးတင်ဝင်း၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးတင့်လှိုင်မြင့်နှင့် လမ်းဖြစ်မြောက်ရေး ကော်မတီဝင် ဦးမောင်မောင်တို့က ကတ္တရာလမ်းသစ်မှခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ကတ္တရာလမ်းသစ်ကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါကွေ့ကြီးရပ်ကွက် အမှတ်(၁)လမ်းသည် အရှည် ၂၃၁၅ ပေနှင့် အကျယ် ၁၄ ပေဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၇၂ ဒသမ ၈ သိန်းဖြစ်သည်။

တက်ရောက်အားပေး

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကင်းရပ်ကွက် သီရိမြိုင်လမ်း ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်း ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ ရန်ကင်းရပ်ကွက် သီရိမြိုင်လမ်းသည် အရှည်ပေ ၁၂၀၀ နှင့် အကျယ် ၁၂ ပေဖြစ်ပြီး စုစုပေါင်းကုန်ကျငွေကျပ် ၄၃ ဒသမ ၈ သိန်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရန်ကင်းရပ်ကွက် အမှတ်(၁၁)မူလတန်းကျောင်း၌ ပညာပါရမီကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ကျောင်းကော်မတီဝင်များနှင့် တွေ့ဆုံသည်။

အမှာစကားပြောကြား

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် တိုင်းဒေသကြီးလွှတ်တော်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် တိုင်းဒေသကြီးအစိုးရအဖွဲ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် အမှာစကားပြောကြားသည်။

မွန်းလွဲပိုင်းတွင် မုံရွာစက်မှုဇုန်၌ ရတနာမိုးမြင့် စက္ကူစက်ရုံ ဖွင့်ပွဲအခမ်းအနားကျင်းပရာ တိုင်းဒေသကြီးသစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီး ဦးသန်းထိုက်၊ တိုင်းဒေသကြီးလျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျော်ဝင်းနှင့် စက္ကူစက်ရုံလုပ်ငန်းရှင် ဦးထွန်းထွန်းတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က စက္ကူစက်ရုံမှခ်ဦးကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကာ စက္ကူစက်ရုံအတွင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ရတနာမိုးမြင့် စက္ကူစက်ရုံဖွင့်ပွဲ ဒုတိယပိုင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားခဲ့သည်။

တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ဇန်နဝါရီ ၃ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသော ၂၀၁၃ ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးစုံညီပွဲတော်အခမ်းအနားသို့ တက်ရောက်၍ အိမ်တွင်းမှုနှင့် လက်မှုပညာပြခန်း၊ ပန်းချီပြခန်း၊ သစ်သီးဝလံနှင့် ပန်းပြခန်း၊ သင်ထောက်ကူပြခန်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်တာဝန်ရှိသူများက ပြည်ထောင်စုအဆင့် ကျောင်းသားအားကစားပြိုင်ပွဲတွင် ထူးချွန်ဆုရသူများနှင့် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တိုင်းဒေသကြီးအဆင့်ပြိုင်ပွဲများတွင် ထူးချွန်ဆုရ ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

opawmopyi 'cspci EppOpuys;t vw;

ပြည်တွင်းသတင်း

တွေ့မရှောင် (နဂါးမာန်) ၏ ဘယ်ခြေကန်ချက်ကို ဖိုးကေ (မန္တလေး) ကာကွယ်ထားစဉ်။ (မြန်မာ့အလင်း)

✳ ကျောဖုံးမှ

လက်ဝှေ့ဝါသနာရှင်များ အားပေးမှုနှင့် တစ်ပြိုင်နက် တွေ့မရှောင် (နဂါးမာန်)က ဝါရင့်တုတ်ဖိုးကေ (မန္တလေး)ကို ပွဲစသည်နှင့်တစ်ပြိုင်နက် လက်ဝှေ့ပညာ စုံလင်စွာဖြင့် လိုက်လံထိုး သတ်ခဲ့ရာ ပထမအချီ ၂ မိနစ် ၂၀ စက္ကန့်တွင်ပင် အလဲထိုးဖြင့် အနိုင်ရရှိ ခဲ့သည်။ ဝါးရင်းတုတ်ဘယ်လောက်မာမာ သံလုံးနှင့်တွေ့သည့်အခါ မယှဉ်နိုင် အရှုံးပေးခဲ့ရသလို အဆိုပါပွဲကိုအဓိကထား လာရောက်ကြည့်သည့် လက်ဝှေ့ဝါသနာရှင်များမှာလည်း အားမလို အားမရဖြစ်ခဲ့ရသည်။

ဒုတိယတန်း ဒင်္ဂုံရွှေအောင်လံ (ဗိုလ်လု)ပွဲတွင် အာရှမွေ ရွှေတံဆိပ်ဆုရှင် တူးတူး(နဂါးမာန်)နှင့် ဖိုးသားကြီး (မန္တလေး)တို့ပွဲတွင် တူးတူးက ဖိုးသားကြီးအား ငါးချီအပြီးတွင် အမှတ်ဖြင့် အနိုင်ယူ၍ ဒုတိယတန်း ဒင်္ဂုံရွှေအောင်လံဖလားကို သိမ်းပိုက်ခဲ့သည်။

တတိယတန်း ဒင်္ဂုံရွှေအောင်လံ (ဗိုလ်လု)ပွဲတွင် ပြည်နယ်နှင့်တိုင်း ရွှေတံဆိပ်ဆုရှင် ရဲမြင့်အောင်(အဖြူရောင်သွေးသစ်)က မြွားထက်အောင်(မြထက်ကျော်)ကို တတိယအချီ ၂ မိနစ် ၅၇ စက္ကန့်တွင် အလဲထိုးဖြင့် အနိုင်ယူ၍ ဒင်္ဂုံရွှေအောင်လံဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည်။

အထူးဒင်္ဂုံရွှေအောင်လံ (ပြည်ပ) နိုင်ငံ ပွဲစဉ်များတွင် အာရှမွေငွေဆုရှင် ထွန်းထွန်းမင်း(မြန်မာ)က ဖူးခက်မွေ ထိုင်းချန်ပီယံ ဖဲလစ်(ဂျာမနီ)ကို ဒုတိယအချီ ၁ မိနစ် ၄၄ စက္ကန့်တွင် အလဲထိုးဖြင့်လည်းကောင်း၊ ဒင်္ဂုံရွှေအောင်လံဆုရှင် ထွန်းထွန်း(မြန်မာ)က အီရန်နှင့် အာရှမွေထိုင်းချန်ပီယံ အက်ရှ်ခန်အမ်တီဒါဘီ (အီရန်) ကို ပထမအချီ ၅၂ စက္ကန့်မှာပင် အလဲထိုးဖြင့် အနိုင်ရရှိပြီး မြန်မာ့သတ္တိကို ကမ္ဘာသို့သိအောင် ပြသနိုင်ခဲ့သည်။

လေးချိုစိန်ခေါ်ပွဲများတွင် အောင်သူရိန် (Top One) က ရဲရင့်ထွန်း (မုဒုံသား)ကို ပထမအချီ ၂ မိနစ် ၄၄ စက္ကန့် မှာပင် အလဲထိုးဖြင့်လည်းကောင်း၊ ဇွဲမောင်မောင် (အဖြူရောင်သွေးသစ်) နှင့် သက်ကို (ဝါဆို)တို့ပွဲတွင်လည်း လေးချီအပြီးတွင် သရေဖြင့်လည်းကောင်း၊ စလူကာ(ဝါဆို)နှင့် ရှမ်းသွေးလေး (Top One) တို့ပွဲတွင်လည်း မည်သူမျှ အနိုင်ယှဉ်ပြိုင်ထိုးသတ်နိုင် ခြင်းမရှိ၍ သရေဖြင့် ကျေနပ်ခဲ့ကြရသည်။

အဆိုပါ ဒင်္ဂုံရွှေအောင်လံ ရိုးရာလက်ဝှေ့ပြိုင်ပွဲကြီး၂၀၁၃အား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လူကြီးများနှင့် မြန်မာ့ရိုးရာ လက်ဝှေ့အဖွဲ့ချုပ်မှ တာဝန်ရှိသူများ တက်ရောက်အားပေးခဲ့ကြပြီး ဒင်္ဂုံရွှေအောင်လံဆုဖလားများနှင့် ဆုငွေများကို အသီးသီးချီးမြှင့်ခဲ့ကြသည်။

သတင်း-စိန်လွင်အောင်
ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

ကာယဗလနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲ ဆုချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၆

၂၀၁၃ ခုနှစ် (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ကာယဗလနှင့် အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၁၁ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကာယဗလမောင်ပြိုင်ပွဲတွင် ၅၅၊ ၆၀၊ ၆၅၊ ၇၀၊ ၇၅ နှစ်နှင့်အထက် ကီလိုတန်းများ၊ အမျိုးသမီးကာယကြံ့ခိုင်မှုပြိုင်ပွဲတွင် အငယ်တန်း၊ အကြီးတန်း၊ အလွတ်တန်းနှင့် သက်ကြီးတန်း အိမ်ထောင်ရှင်များ ယှဉ်ပြိုင်ကြသည်။

ဆက်လက်၍ ကာယဗလမောင်ပြိုင်ပွဲ ၅၅ ကီလိုတန်းတွင် ပထမ လွင်မောင်အေး၊ ဒုတိယ တင့်ဇော်၊ တတိယ မင်းချစ်ချစ်တို့ကလည်းကောင်း၊ ၆၀ ကီလိုတန်းတွင် ပထမ ရန်နိုင်စိုး၊ ဒုတိယ နေသူရ၊ တတိယ နေသူအောင်တို့ကလည်းကောင်း၊ ၆၅ ကီလိုတန်းပြိုင်ပွဲတွင် ပထမ မောင်မောင်ရွှေ၊ ဒုတိယ ကျော်ကျော်ထက်၊ တတိယ ကျော်ကျော်လင်းတို့ကလည်းကောင်း၊ ၇၀ ကီလိုတန်းပြိုင်ပွဲတွင် ပထမ စန်းလွင်ထွေး၊ ဒုတိယ အောင်ထက်လင်း၊ တတိယ ဇင်မင်းထွန်းတို့ကလည်းကောင်း၊ ၇၅ ကီလိုနှင့်အထက် ပြိုင်ပွဲတွင် ပထမ ညီညီ၊ ဒုတိယ ပြည့်ဖြိုးဝင်း၊ တတိယ နိုင်မင်းသိန်းတို့ကလည်းကောင်း၊ အမျိုးသမီး ကာယကြံ့ခိုင်မှုပြိုင်ပွဲ အငယ်တန်းပြိုင်ပွဲတွင် ပထမ ထူးအဥ္ဇလီ၊ ဒုတိယ နှင်းမိုးအိမ်၊ တတိယ အေးအေးနိုင်တို့ကလည်းကောင်း၊ အကြီးတန်းပြိုင်ပွဲတွင် ပထမ ယွန်းပြည့်ဝသုန်၊ ဒုတိယ ယွန်းပိုးအိမ်၊ တတိယ အေးချမ်းဖြူတို့ကလည်းကောင်း၊ အလွတ်တန်းပြိုင်ပွဲတွင် ပထမ နှင်းထက်အောင်၊ ဒုတိယ သင်းသင်းခိုင်၊ တတိယ နှင်းနှင်းလတ်တို့ကလည်းကောင်း၊ သက်ကြီးတန်း (အိမ်ထောင်ရှင်) ပြိုင်ပွဲတွင် ပထမ ဒေါ်ဇင်မာ၊ဒုတိယ ဒေါ်မြတ်ကေခိုင်၊ တတိယ ဒေါ်ခင်ခင်ကြည်တို့ကလည်းကောင်း ဆုများရရှိရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြကြောင်း သိရသည်။

တင်စိုး(မြန်မာ့အလင်း)

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကာယဗလနှင့် အမျိုးသမီးကာယအလှပြိုင်ပွဲတွင် အငယ်တန်းပထမဆုရ မထူးအဥ္ဇလီ (လယ်) အကြီးတန်းပထမဆုရ မယွန်းပြည့်ဝသုန် (ယာ)၊ အလွတ်တန်းပထမဆုရ မနှင်းထက်အောင်တို့အား ဆုယူအပြီးတွေ့ရစဉ်။ ဓာတ်ပုံ-တင်စိုး (မြန်မာ့အလင်း)

❖ ကျောဖုံးမှ

နေပြည်တော်အသင်းတွင် မကွေးအသင်းမှ ခေါ်ယူထားသည့် ကွင်းလယ်လူ ကိုနေးအပါအဝင် ဆင်မ်၊ ဂျောင်၊ ဇော်လင်း၊ မိုးဝင်း၊ မင်းမင်းထွန်းတို့ဖြင့် လူစုံပါဝင်ခဲ့ပြီး မကွေးအသင်းတွင်လည်း အသစ်ခေါ်ထားသည့် နိုင်ငံခြားသား ကစားသမားသုံးဦးအပါအဝင် လူစုံပါဝင်ခဲ့သည်။

သွင်းယူခဲ့

နေပြည်တော်အသင်းမှာ ပွဲစကတည်းက ဖိကစားနိုင်ခဲ့ပြီး မကွေးအသင်းမှာ အချိတ်အဆက် လွဲချော်နေ၍ ကစားကွက်တည် မရခဲ့ပေ။ သို့သော် မကွေးအသင်းမှာ ဂိုးရနိုင်သည့် အပိုင်အခွင့်အရေး နှစ်ကြိမ်ရရှိခဲ့သော်လည်း စိုးမင်းနိုင်နှင့် အီမန်စ်တို့ အသုံးမချနိုင်ခဲ့ပေ။ ၂၂မိနစ်တွင် နေပြည်တော်အသင်း ဂိုးစရခဲ့ပြီး ခိုင်ထူးက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီး နောက်ပိုင်းတွင်လည်း နေပြည်တော် အသင်းက ခြေအသာဖြင့်ဆက်လက်ကစားနိုင်ခဲ့သော်လည်း ၇၂ မိနစ်တွင် ကွင်းလယ်လူ ကိုနေး နှစ်ဝါ တစ်နီဖြင့် အထုတ်ခံရ၍ တစ်ယောက် လျော့ဖြင့် ကစားခဲ့ရသည်။ ၈၆ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် နေပြည်တော် ချေပဂိုးပြန်ပေးခဲ့ရပြီး မကွေးအသင်းခေါင်းဆောင် အီမန်စ်က သွင်းယူခဲ့ခြင်းဖြစ်သည်။

(အောင်ဆန်းကွင်း)

ရောဝတီယူနိုက်တက် - ဂိုးမရှိ
မနောမြေ - ဂိုးမရှိ။

ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ရေး ခင်ဦးမြို့နယ်၌ သင်တန်းပေး

ခင်ဦး ဇန်နဝါရီ ၆

ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူး ရွေးချယ်မှုကြီးကြပ်ရေးအဖွဲ့များ သင်တန်းကို စစ်ကိုင်းတိုင်းဒေသကြီး ခင်ဦးမြို့ မြို့နယ်ခန်းမ၌ ဇန်နဝါရီ ၁ ရက် နံ နက် ၁၁ နာရီက ဖွင့်လှစ်ခဲ့သည်။

ဟောပြော

အဆိုပါ သင်တန်းတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းခန့်အောင်၊ မြို့နယ် တရားသူကြီး ဒေါ်ချိုချို၊ ဥပဒေအရာရှိ ဦးအောင်မင်းချွန်၊ မြို့နယ်ပြည်သူ့ရဲတပ် ဖွဲ့မှူး ရဲမှူး သန်းဝင်းတို့က ဟောပြောပို့ချကြသည်။

ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့ပေါ်ရှိ ရပ်ကွက်ပေါင်း (၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၅၉ အုပ်စုတို့မှ တစ်အုပ်စုလျှင် ကြီးကြပ်ရေးအဖွဲ့ဝင် ငါးဦးနှင့် အုပ်စုစာရေးများ တက်ရောက်ကြသည်။

ရပ်/ကျေးအုပ်ချုပ်ရေးမှူး ရွေးချယ်ပွဲကို ဇန်နဝါရီ ၁၅ ရက် နောက်ဆုံးထား ကျင်းပပေးရမည်ဖြစ်ကြောင်း သိရှိရသည်။ **(ရောင်နီတင်ဝင်း)**

တာချီလိတ်၌ ဆိုင်ကယ်အငှားလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအား လိုက်နာရန် အသိပေး

တာချီလိတ် ဇန်နဝါရီ ၆

၁၉၆၄ ခုနှစ် မော်တော်ယာဉ်ဥပဒေ၊ ၁၉၈၉ ခုနှစ် မော်တော်ယာဉ်နည်း ဥပဒေ၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် ၁/၈၉၊ မော်တော်ယာဉ်နည်းဥပဒေများအခန်း (၂)အပိုဒ်(၈)အရ မော်တော်ဆိုင်ကယ်ကို ကိုယ်ပိုင်ယာဉ်အဖြစ်သာ အသုံးပြုခွင့်ရှိပြီး အငှားယာဉ်အဖြစ် အသုံးပြုခွင့်မရှိကြောင်း ဥပဒေမှ အတိအလင်းဖော်ပြထားသော်လည်း အချို့သောမြို့ရွာများတွင် မော်တော်ဆိုင်ကယ်တက္ကစီများအဖြစ် အသင်းအဖွဲ့များ၊ ပုဂ္ဂလိကများက ပြေးဆွဲလျက်ရှိရာ မလိုလားအပ်သော နောက်ဆက်တွဲ ပြဿနာများမဖြစ်ပွားစေရေးအတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင်အတွင်း အငှားမော်တော်ဆိုင်ကယ်အသင်းများ ဖွဲ့စည်းခွင့်မပြုကြောင်း ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၀ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။

သို့ရာတွင်အချို့သောပုဂ္ဂိုလ်များမှာ ကြေညာချက်အား လိုက်နာခြင်းမရှိဘဲ လူမှုကူညီရေးအသင်းအမည်ခံကာ မော်တော်ဆိုင်ကယ်အငှားလုပ်ငန်းအား ပြောင်ပြောင်တင်းတင်းဆောင်ရွက်နေသည့်အတွက် တာချီလိတ်ခရိုင် အုပ်ချုပ်ရေးမှူးဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့် တာဝန်ရှိသူများက ဇန်နဝါရီ ၃ ရက်တွင် တာချီလိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ သက်ဆိုင်သူများအား ခေါ်ယူတွေ့ဆုံကာ **(အပေါ်ဝဲပုံ)** နိုင်ငံတော်မှ ထုတ်ပြန်ထားသော ဥပဒေ၊ နည်းဥပဒေများအား ရိုသေ လေးစားရေး၊ ပြည်နယ်အစိုးရ၏ ကြေညာချက်အား လိုက်နာဆောင်ရွက်ရေးတို့အတွက် အသိပေးပြောကြားခဲ့သည်။ **(၀၆၀)**

အားကစားပြိုင်ပွဲများ ကျိုင်းတုံ၌ကျင်းပ

ကျိုင်းတုံ ဇန်နဝါရီ ၆

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အားကစားပြိုင်ပွဲများကို ရှမ်းပြည်နယ် ကျိုင်းတုံမြို့ မြို့မအားကစားကွင်း၌ ဇန်နဝါရီ ၄ ရက် နံနက် ၈ နာရီတွင် ကျင်းပရာ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး ဦးခင်ဝင်းနှင့်ဇနီး ကျိုင်းတုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဒေါ်ရင်သိန်းတို့က ပြိုင်ပွဲဝင် အားကစားသမားများ၏ ယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးခဲ့သည်။

ဆုချီးမြှင့်ပေးအပ်ပွဲအခမ်းအနားကို နံနက် ၉ နာရီတွင် ဆက်လက်ကျင်းပခဲ့ရာ ကျိုင်းတုံခရိုင်အုပ်ချုပ်ရေးမှူး၊ ကျိုင်းတုံခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ကျိုင်းတုံမြို့နယ် အုပ်ချုပ်ရေးမှူးတို့က ပြိုင်ပွဲတွင် ဆုများရရှိကြသည့် အားကစားသမားများအားဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။ **(နိုင်နိုင်အောင်ဝင်း)**

အကြို အခြေခံမီးသတ်သင်တန်းဆင်းပွဲ ရွှေပြည်သာမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် အကြိုအခြေခံ မီးသတ်သင်တန်း ၂/၂၀၁၂ သင်တန်းဆင်းပွဲ အခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၄ ရက် နံနက်က ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်မီးဘေးကြိုတင်ကာကွယ်တားဆီးရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်မိုးဦးတက်ရောက်အမှာစကားပြောကြားသည်။

သင်တန်းဆင်း အမှာစကားပြောကြားရာတွင် မိဘပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်များကို မီးဘေးအန္တရာယ်မှ ကြိုတင်ကာကွယ်တားဆီးရန်နှင့် သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပြည်သူလူထု၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်မှာကြားခဲ့ပြီး သင်တန်းသား၅၅ဦးအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်းသိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

စာပေဒါနအလှူ

ရန်ကုန် ဇန်နဝါရီ ၆

ရန်ကုန်မြို့သည် လူဦးရေထူထပ်သလောက် စာဖတ်သူပေါများသော မြို့ကြီး တစ်မြို့ဖြစ်သည်။ သတင်းစာ၊ ဂျာနယ်ဟူသည် သုတ/ရသစာပေ အမျိုးအစား ဖြစ်သည်နှင့်အညီ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မဟာဗန္ဓုလလမ်းနှင့် (၄၆)လမ်းထောင့်တွင် ကိုမောင်မူဂျာနယ်ဖြန့်ချိရေးဆိုင်ရှိ၏။ ၎င်းဆိုင်ကလေး၏ စာပေဒါန အလှူမှာ နေ့စဉ်ထုတ်ဂျာနယ်များကို အခမဲ့ဖတ်ရှုရန်အတွက် ခုံပုကလေးများချပြီး မည်သူမဆို ဖတ်ရှုနိုင်ရန် စီစဉ်ပေးထားရာ ပြည်သူများ အသိဉာဏ်ပညာတိုးပွားစေရန် စာပေဖြင့် ဒါနပြုလျက်ရှိသည်။ **(ယာပုံ)**

မြင့်ဦး(အင်းစိန်)

သတိမှတ်ချက်အချို့ကို ခြွင်းချက်ဖြင့် ရှုမြင်ပြီးဆောင်ရွက်ပေးစေလို

ရန်ကုန် ဇန်နဝါရီ ၆

ကောင်တာမှ မထွက်ခွာမီ ငွေစေ့ မစေ့ စစ်ဆေးပါ။ အပြင်ရောက်လျှင် တာဝန်မယူ၊ မေ့ကျန်ပစ္စည်းတာဝန်မယူပါ၊ ပစ္စည်းကိုပြေစာနှင့်တကွ တိုက်ဆိုင်စစ်ဆေးပြီးမှယူပါ စာတန်းကလေးများသည် စာပါအတိုင်းတိကျစွာ ဆောင်ရွက်နေသော စာတန်းများဖြစ်သကဲ့သို့ စာထဲမှာသာရှိသော စာတန်းများဖြစ်သည့် အမှိုက်မပစ်ရ ဒဏ်ငွေကျပ်တစ်သောင်း၊ ကုန်တင်ယာဉ် မဝင်ရ ဒဏ်ငွေကျပ်တစ်သောင်း၊ စသည်တို့သည် အများပြည်သူတို့ နေ့စဉ်ကြုံတွေ့နေရသော စာတန်းများ ဖြစ်ပါသည်။

"အလိမ္မာစာမှာသာရှိသည်" ဟုဆိုနိုင်သော စာတန်းများအကြောင်း များပြားစွာ ရေးသားဖော်ပြကြပြီး ဖြစ်သည့်အတွက် ပြုပြင်သင့်သည့်ခြွင်းချက်များသာ ရေးသားတင်ပြလိုပါသည်။

ဘဏ်တိုင်းငွေရေတွက်စစ်ဆေးပြီးမှ ထွက်ခွာပါဆိုသော ရည်ညွှန်းစာများရှိသော်လည်း သွင်းငွေကိုသာ ဘဏ်ဝန်ထမ်းများက စက်အားလူအားဖြင့် အတိအကျ စစ်ဆေးလေ့ရှိပါသည်။ ပြန်ထုတ်ပေးငွေကို သိန်းရာချီထုတ်ယူသူများ စစ်လေ့မရှိဘဲ ဘဏ်စည်းသက်ေတအတိုင်း ယူလေ့ရှိပါသည်။ ဘဏ်ရှိငွေရေတွက်စက်ကို အသုံးပြုလျှင်ဘဏ်လုပ်ငန်းများ နှောင့်နှေးသွားမည်ဖြစ်ပါသည်။ ယင်းအချက်ကို အခွင့်အရေးတစ်ရပ်အနေဖြင့်ယူကာ ငွေကြေးတန်ဖိုးနည်းသော အရွယ်အစား စက္ကူငယ်အချို့ ရောညှပ်ပါလာခြင်း ရှိတတ်ပါသည်။ ငွေရေတွက်ယူလာခြင်း မပြုမိသည့်အတွက်ကြောင့် ဘဏ်သို့ အကြောင်းပြန်ကြားခြင်း မပြုသည့်အတွက် ယင်းကဲ့သို့ တန်ဖိုးငယ်ငွေစက္ကူများ ရောညှပ်ခြင်း၊ ရွက်ရေမပြည့်ခြင်းများ ရှိတတ်ပါသည်။ ဘဏ်နှင့်ဆက်သွယ်သူများ ငွေထုတ်တိုင်း မသမာမှုများ တွေ့လာပါက ငွေအစားပြန်ရရေးအတွက် မဟုတ်ဘဲ ဖြစ်ရပ်မှန်ကို သက်ဆိုင်ရာဘဏ်သို့ အကြောင်းကြားမှသာ ကြီးကြပ်သူများက မသမာမှုများကို လိုအပ်သလို ကြီးကြပ်လာနိုင်မည် ဖြစ်ပါသည်။ သို့မှသာ စာတန်းပါအချက်အလက်များအပေါ် အခွင့်အရေးယူ လုပ်ဆောင်မှုများ ပပျောက်သွားနိုင်ပါမည်။ အများပြည်သူ ငှားရမ်းစီးနင်းနေသော စီးလုံးငှားတက္ကစီယာဉ်များတွင်လည်း မေ့ကျန်ပစ္စည်း တာဝန်မယူဆိုသော စာတန်းကလေးများသည် သတင်းစာများတွင် ကြော်ငြာအဖြစ်ပါနေသော မေ့ကျန်ပစ္စည်း တက္ကစီပေါ်မှ ပြန်ရလျှင်ပြန်ပေးပါ၊ ကျေးဇူးဆပ်ပါမည်တို့နှင့် ဆက်စပ်နေပါသည်။ တက္ကစီမောင်းသူများ မိမိအပေါ် အပြစ်မရှိရန် ကြိုတင်ကာကွယ်သည့် စာတန်းများဖြစ်နေသော်လည်း တိုးတက်သော နိုင်ငံ တစ်နိုင်ငံဖြစ်သည့် ဂျပန်နိုင်ငံတွင် အငှားကားပေါ်တွင် ပစ္စည်းကျန်ခဲ့ပါက သက်ဆိုင်ရာမှတစ်ဆင့် ပြန်လည်ရရှိသော ရာခိုင်နှုန်းများသည်ဟုသိရရာ အတုယူသင့်ပါသည်။

ဈေးဆိုင်များ လုပ်ငန်းများတွင် ဆက်ဆံနေသော ပြည်သူများ ငွေပေးပြေစာနှင့်ပစ္စည်းယူသည့်နေရာ အလှမ်းဝေးသည့်အခါ ပြေစာပါတံဆိပ်အစား တန်ဖိုးနည်းသော တံဆိပ်နိမ့်များဖြစ်သည့် ပစ္စည်းတူများဖြင့် မှားယွင်းစွာပေးခြင်းကို လက်ခံရရှိတတ်ပါသည်။ ရပ်ဝေးရောက်မှ သိရသည့်အခါ လုံးဝဖြေရှင်း မပေးပါ။

ယနေ့ခေတ်စားနေသော ဗီနိုင်းကြော်ငြာလုပ်ငန်းအချို့တွင်လည်း ဗီနိုင်းကိုမကြည့်မိဘဲ အလိပ်လိုက်ယူသွားမိသော လူကြုံပါးပုဂ္ဂိုလ်တချို့၏ လုပ်ဆောင်မှုကြောင့် လုပ်ငန်းအပ်ရာတွင် ပေးခဲ့သော စာသားအချို့ သိသာထင်ရှားစွာကွက်လပ်ဖြစ်နေသည်ကို ကြုံတွေ့ရာ ပြန်လည်မပြုပြင်ပေးဘဲ စစ်ဆေးမယူမိသည့်အပေါ်တွင်သာ လွှဲချပြောဆိုတတ်ကြပါသည်။ ထို့နည်းတူ လက်နှိပ်စက်အစား အသုံးပြုတွင်ကျယ်လာသော ကွန်ပျူတာ စာစီစာရိုက်လုပ်ငန်းများပေါ်တွင်လည်း လုပ်ငန်းအပ်သူအပေါ် တာဝန်ယူစေသည့် စာကြမ်းစစ်ဆေးခြင်းများရှိသည်။ ကားစီးလုံးငှားစီးသူ၊ စာစီရန်အလုပ်အပ်သူများအနေဖြင့်သောကများမှု၊ အချိန်လုနေရမှုတို့ကြောင့် လစ်ဟင်းမှုများအပေါ် တာဝန်လွှဲချမှုများ ကြုံတွေ့နေရမှုများ များပြားလာပါသည်။

သို့ဖြစ်ရာ သတိမှတ်ချက်များကို ခြွင်းချက်အနေဖြင့် ရှုမြင်ကာ လက်ခံပြင်ဆင်မှုများ ဆောင်ရွက်ပေးလျှင် လုပ်ငန်းများ ပိုမိုအဆင်ပြေအောင်မြင်နိုင်မည်ဖြစ်ကြောင်း ပြည်သူများ သတိချပ်နိုင်စေရန် ဖော်ပြလိုက်ရပါသည်။

(ခင်ဆိုင်)

ပြည်တွင်းသတင်း

ကျေးရွာကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲကျင်းပ

နမ့်စီးအောင်ဒေသ(၆) ရွာစုကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးဖွင့်ပွဲ အခမ်းအနားကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီခွဲက စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် ပေကုန်းကျေးရွာတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်လျှပ်စစ်မှူး ဦးကျော်ကျော်အောင်က လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း၏ ရည်ရွယ်ချက်၊ လိုက်နာရမည့် စည်းကမ်းချက်များ၊ ဆောင်ရန် ရှောင်ရန်စသည်တို့ကို အသေးစိတ်ရှင်းလင်းပြီး မီးလင်းရေးဥက္ကဋ္ဌ ဦးအောင်သန်းက မီးလင်းရေးလုပ်ငန်းကို ၂၀၀၉ ခုနှစ်က စတင်လုပ်ဆောင်ခဲ့ကြောင်း၊ ရွာခြောက်ရွာမှာ ကချင်ပြည်နယ်ဘက်မှ နမ့်စီးအောင်၊ ပင်လုံ၊ သာယာကုန်း၊ မြိုင်သီတာ၊ မြိုင်သာယာတို့ဖြစ်ပြီး စစ်ကိုင်းတိုင်းဒေသကြီးမှ အင်းတော်မြို့နယ် ပေကုန်းရွာတစ်ရွာ ပါဝင်ကြောင်း၊ နိုင်ငံတော်မှ မီတာအလုံး ၅၀၀ ချထားပေးရာ ယခုလက်ရှိ ၃၂၄ လုံး တပ်ဆင်ပြီးဖြစ်ကြောင်း၊ ကျေးရွာအင်အား အိမ်ခြေတစ်ထောင်ကျော်ရှိပြီး ခန့်မှန်းကုန်ကျငွေကျပ် သိန်း ၃၀၀၀ ခန့် ကုန်ကျကြောင်း၊ ဆက်လက်၍ ခရိုင်လျှပ်စစ်မှူး ဦးကျော်ကျော်အောင်က ၂၄ နာရီမီးလင်းရေးခလုတ်ကို ဖွင့်၍ ဓာတ်အားလွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) ညီမင်းထက်(မြန်မာစာ)**

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် ဇန်နဝါရီ ၆

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး၊ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ချင်းပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် -၁ ဒီဂရီစင်တီဂရိတ်နှင့် လွိုင်လင်မြို့တွင် ၂ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် အများအားဖြင့်သာယာနေပြီး၊ ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

ထူးခြားသည့်အခြေအနေမှာ ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ အချိန်တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင်ဖြစ်ပေါ်နေသော အားကောင်းသောအပူပိုင်းမုန်တိုင်း"ဆိုနာမူ" (SONAMU)သည် အပူပိုင်းမုန်တိုင်းအဖြစ်သို့ အားလျော့သွားခဲ့ကာ ဗီယက်နမ်နိုင်ငံ (ဟိုချီမင်းမြို့)၏ အရှေ့တောင်ဘက် မိုင် ၃၂၀ ခန့်အကွာ ပင်လယ်ပြင်ကိုဗဟိုပြုနေသည်။ အဆိုပါမုန်တိုင်းသည် သိသိသာသာရွေ့လျားခြင်းမရှိဘဲ ဆက်လက်တည်ရှိနေပါသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့်သာယာမည်။ **ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်** ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

နတ်တလင်းမြို့၌ ရွှေထည်ပစ္စည်းနှင့် ငွေများ ခြိမ်းခြောက်တောင်းယူသူ အမှုပေါ်ပြီ

နတ်တလင်း ဇန်နဝါရီ ၆

၂၀၁၂ ခုနှစ် မတ် ၃ ရက် မွန်းလွဲ ၁ နာရီခွဲခန့်က ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် ဂွေးတောက်ချောင်းကျေးရွာနေ မဝင်းဝင်းအေးသည် နေအိမ်အောက်ထပ်၌ အဒေါ်ဖြစ်သူ ဒေါ်အေးနွဲ့၊ တူဖြစ်သူ အောင်မျိုးသူ၊ တူမဖြစ်သူ မကျော့မွန်သန်းတို့နှင့်အတူ အိပ်ပျော်နေစဉ် အမည်မသိ လူနှစ်ဦးက နေအိမ်ပေါ်သို့တက်လာပြီး ကျန်တစ်ဦးက နေအိမ်အောက်တွင်စောင့်ကာ အိမ်ပေါ်တက်လာသူ နှစ်ဦးအနက် တစ်ဦးက သေနတ်ဟုထင်ရသောအရာဖြင့် မဝင်းဝင်းအေးအား ချိန်ကာ ရွှေငွေများ ထုတ်ပေးရန်နှင့် ထုတ်မပေးပါက သတ်ပစ်မည်ဟု ခြိမ်းခြောက်တောင်းယူခဲ့သဖြင့် ရွှေထည်ပစ္စည်း ၂၃ မျိုးနှင့် ငွေကျပ် ၁၂၉၀၀၀ စုစုပေါင်းတန်ဖိုး ၁၇၆ သိန်းကျော်ဖိုး ခြောက်လှန့်တောင်းယူသွားခဲ့သည့်အတွက် နတ်တလင်းရဲစခန်းမှ စုံစမ်းစစ်ဆေးခဲ့ရာ ကိုးလနီးပါးကြာခဲ့သော်လည်း အမှုပေါ်ပေါက်ခြင်း မရှိခဲ့ပါ။

၎င်းအမှုနှင့်ပတ်သက်၍ တရားခံနှင့် သက်သေခံပစ္စည်းများ ဖော်ထုတ်နိုင်ရေးအတွက် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးက တိုင်း (အထူး)အဖွဲ့ခေါင်းဆောင် ရဲအုပ်ကိုကိုကြီးနှင့် သာယာဝတီခရိုင်(ဒ/န)မှ ဒုရဲအုပ်ဝင်းမြင့်အောင်တို့ကို ဒီဇင်ဘာ ၃ရက်က သီးခြားတာဝန်ပေးအပ်ခဲ့သည်။

ထို့နောက် တာဝန်ပေးအပ်ခံရသည့် ရဲအုပ်ကိုကိုကြီးဦးစီးအဖွဲ့က ပြစ်မှုကျူးလွန်ခဲ့သည့် ကိုငယ်လေး(ခ) အငယ်လေး ၄၆ နှစ် ဘော်ဘင်ဆည် အမှတ်(၁)ရွာ ဇီးကုန်းမြို့နယ်နေသူနှင့် ဦးအောင်သောင်း ၆၈ နှစ် ဘဲအင်းကျေးရွာသစ်ရွာ ဇီးကုန်းမြို့နယ်နေသူတို့နှစ်ဦးအား ဒီဇင်ဘာ ၂၈ ရက်တွင် လက်ရဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်ရာတွင်ပါဝင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ကြို့ပင်ကောက်မြို့နယ် ကွင်းကြီးပျဉ်ထောင်ကွင်းရွာနေ အုန်းငွေနှင့် နတ်တလင်းမြို့နယ် ဝါးနက်ရွာနေ ဌေးနိုင်တို့ကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

ဖမ်းဆီးရမိသူ နှစ်ဦးထံမှ အဖိုးတန်ပစ္စည်း ၁၂ မျိုးနှင့် ငွေဒင်္ဂါး ၁၀ ပြားကို ရောင်းချရရှိသည့်ငွေကြေးဖြင့် ဝယ်ယူထားသည့် နွားလေးကောင်အပါအဝင် အသုံးအဆောင်ပစ္စည်း ခြောက်မျိုး စုစုပေါင်းတန်ဖိုးငွေ ကျပ်သိန်း ၁၀၀ ကျော်ဖိုးတို့အပြင် ပြစ်မှုကျူးလွန်စဉ်က အသုံးပြုခဲ့သည့် သက်သေခံပစ္စည်းများကို သိမ်းဆည်းနိုင်ရေးအတွက် အပူတပြင်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(သန့်စင်)

ဆိုင်ကယ်နှစ်စီးတိုက်မိ

ရေး ဇန်နဝါရီ ၆

မွန်ပြည်နယ် ရေးမြို့တွင် ဇန်နဝါရီ ၅ ရက် ညနေ ၅ နာရီခွဲက ရေးမြို့တွင်းသို့ စောသူမင်း မောင်းနှင်လာသော Wave-100 ခဲရောင်ဆိုင်ကယ်သည် ရေးမြို့ အဏ္ဏဝါရပ်ဘက်မှ တံတားကြီးဘက်သို့ ယဉ်မင်းပိုက်(ခ)အဖြူ မောင်းနှင်သည့် Wave-100 ခဲရောင်ဆိုင်ကယ်နှင့် ဝင်ရောက်တိုက်မိသဖြင့် ဆိုင်ကယ်မောင်းနှင်သူ နှစ်ဦးစလုံးမှာ ပြင်းထန်စွာ ဒဏ်ရာများရရှိခဲ့၍ သက်ဆိုင်ရာက ရေးဆေးရုံသို့ ကူညီပို့ဆောင်ပေးခဲ့ရသည်။ ၎င်းတို့နှစ်ဦးအနက် ယဉ်မင်းပိုက် (ခ) အဖြူဆိုသူမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာများကြောင့် စိုးရိမ်ရသဖြင့် မော်လမြိုင်ဆေးရုံသို့ အရေးပေါ်တင်ပို့လိုက်ရကြောင်း သိရှိရသည်။ **နေမျိုးထွဋ်(ရေး)**

အရက်သောက်ပြီး အိပ်စက်ရာမှ သေဆုံး

ကသာ ဇန်နဝါရီ ၆

ကသာမြို့ ပြည်သာယာရပ်ကွက်တွင် နေထိုင်သူ ဆန်းဝင်း အသက် ၄၁ နှစ်သည် အရက်သောက်စားမူးယစ်ပြီးနောက် လမ်းဘေးခုံတန်းလျားတွင် အိပ်စက်ခဲ့ရာမှ ဒီဇင်ဘာ ၃၀ ရက် နံနက် ၅ နာရီတွင် အအေးပတ်ပြီး သေဆုံးနေကြောင်း တွေ့ရှိရသဖြင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်/မဟုတ် သိရှိနိုင်ရန် ကသာရဲစခန်းက သေမှုသေခင်း အမှတ် (၁၇/၂၀၁၂) ဖွင့်လှစ် စစ်ဆေးလျက်ရှိကြောင်း သိရှိရသည်။ **စမ်းဦး(ကသာ)**

တမူးမြို့၌ မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

တမူး ဇန်နဝါရီ ၆

တမူးခရိုင် တမူးမူးယစ်(အထူး) အဖွဲ့မှ ရဲအုပ်မင်းဆွေနှင့်အဖွဲ့သည် သတင်းအရ သက်သေများနှင့်အတူ ဒီဇင်ဘာ ၂၉ ရက်ညနေ ၆ နာရီခန့်တွင် တမူး-ကလေးကားလမ်း တမူးမြို့နယ် ပန်းသာကျေးရွာအဝင်၌ စောင့်ဆိုင်းနေစဉ် တမူးမှ ကလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ဆိုင်ကယ်တစ်စီးအား ရပ်တန့်စစ်ဆေးရာ နောက်ပြန်လှည့်ထွက်ပြေးသွား၍ တမူး-ကလေးကားလမ်း မိုင်တိုင် (၆၈) အနီးတွင် တွေ့ရှိတားဆီးနိုင်ခဲ့ပြီး ဆိုင်ကယ်မောင်းနှင်သူ ဝတုတ်(ခ)ဖိုးတုတ်သည် ဆိုင်ကယ်နောက်မှ ထိုင်လိုက်သူ ဝင်းစိုးအား အထုပ်တစ်ထုပ်ပေးဆောင်ပြီး ဆိုင်ကယ်ဖြင့် ထွက်ပြေးသွားခဲ့သည်။ ဝင်းစိုး၏အထုပ်တစ်ထုပ်အား ရှာဖွေစစ်ဆေးရာ (88)နှင့် တစ်ဖက်တွင်(1) တံဆိပ်ပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား (၂၀၀)ပါ အထုပ် (၃၁)ထုပ်၊ ဆေးပြားပေါင်း (၆၂၀၀) ပြား၊ ခန့်မှန်းတန်ဖိုးငွေ ကျပ် (၃၁၀၀၀၀၀)နှင့် ဆပ်ပြာခွက်ဖြင့်ထည့်လျက် ဘိန်းဖြူမှုန့်ဟု ယူဆရသော အဖြူရောင်မှုန့်နှစ်ထုပ်ပေါင်း ၂၀ ဂရမ်ခန့် (ခန့်မှန်းတန်ဖိုးငွေ ကျပ်သိန်း၂၀ ခန့်အား သိမ်းဆည်းရမိ၍ ဝင်းစိုး ၃၀ နှစ် ခဝဲကျေးရွာ မော်လိုက်မြို့နယ်နေသူအား တမူးရဲစခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားပြီး ထွက်ပြေးတိမ်းရှောင်သွားသူ ဝတုတ်(ခ) ဖိုးတုတ် ၂၅ နှစ်(ဘ) (စုံစမ်းဆဲ) ပေါက်ကုန်းရွာ ဖောင်းပြင်မြို့နယ်နေသူအား ဖမ်းဆီးရမိရေးအတွက် ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ **(၁၅၈)**

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)

စစ်ကိုင်းမြို့နယ် နယ်တရားမရုံး၌

၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၄၁

ဒေါ်ဆွေဆွေဝင်း **နှင့်** ၁။ ကိုမျိုးထွန်း
၂။ ဒေါ်သန်းသန်းမြင့်

တရားလို **တရားခံများ**

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်နေ ကိုမျိုးထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက အပ်နှံငွေ ကျပ်၂၃သိန်းတိတိရလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇန်နဝါရီ ၁၀ရက် (၁၃၇၄ခုနှစ် နတ်တော်လပြည့်ကျော် ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၂ခုနှစ် ဒီဇင်ဘာ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ဝင္ဇုထွန်း
ဒုတိယမြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊စစ်ကိုင်း

ဦးငင်ခန့်ထောန် (ဘ)ဦးကျင့်ဇထန် ၅/ကလထ(နိုင်)၀၅၂၀၅၇နှင့် အများသိစေရန် ကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ နယ်မြေ(၄)၊ အမှတ်(၃)နေ (ဘ)ဦးကျင့်ဇထန်၊ (မိ)ဒေါ်ကျိန်ပွေးတို့၏ သမီးများဖြစ်ကြသော(၁)ဒေါ်မန်းဒိတ်ကျင်း ၅/ကလထ(နိုင်)၀၅၂၀၅၈၊ (၂)ဒေါ်ငူလ်ငိုက်ကျောင် ၁၂/သမန(နိုင်)၀၃၆၄၁၃၊ (၃)ဒေါ်ကျိန်ခေါ်ဒိမ်း ၅/ကလထ(နိုင်)၁၁၅၇၅၄၊ (၄)ဒေါ်ငင်ဟောက်ရှမ်း ၅/ကလထ(နိုင်)၁၁၅၂၇၈၊ (၅)ဒေါ်အွဲလင်းကျိန် ၅/ကလထ(နိုင်)၁၁၇၃၀၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးငင်ခန့်ထောန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးကျင့်ဇထန်နှင့် ဒေါ်ကျိန်ပွေးတို့တွင် ဦးငင်ခန့်ထောန်၊ ဒေါ်မန်းဒိတ်ကျင်း၊ ဒေါ်ငူလ်ငိုက်ကျောင်၊ ဒေါ်ကျိန်ခေါ်ဒိမ်း၊ ဒေါ်ငင်ဟောက်ရှမ်း၊ ဒေါ်အွဲလင်းကျိန်ဆိုသည့် သားသမီးခြောက်ဦး မွေးဖွားခဲ့ပါသည်။ ဖခင်ဦးကျင့်ဇထန်သည် ၂၃-၄-၂၀၀၃ရက်ကလည်းကောင်း၊ မိခင် ဒေါ်ကျိန်ပွေးသည် ၁၆-၈-၂၀၀၈ရက်ကလည်းကောင်း အသီးသီးကွယ်လွန်သွားကြရာတွင် ကလေးမြို့၊ တာဟန်းရပ်ကွက်၊ အကွက်အမှတ်-၄(ဈေးလယ်ရပ်ကွက်)၊ ဦးပိုင်အမှတ် (၁၇၁)၊ ဧရိယာ၀ဒသမ၁၄ဧကရှိ ဝင်းမြေကွက်နှင့် ထိုမြေပေါ်တွင် ဆောက်လုပ်ထားသော ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အိမ်အမှတ် (၃)ဟုခေါ်တွင်သော နေအိမ်အဆောက်အအုံတစ်လုံးနှင့် ကလေးမြို့နယ်၊ ကြို့သုံးပင်ကျေးရွာအုပ်စု၊ အကွက်အမှတ်၈၄၇(ခ) (လှိုင်သာယာ) ရှိ ဝင်းမြေကွက်များတို့ ကျန်ရစ်ပါသည်။

အဆိုပါဝင်းမြေနှင့် အဆောက်အအုံများသည် ဦးကျင့်ဇထန်နှင့် ဒေါ်ကျိန်ပွေးတို့မှ မွေးဖွားသော သားသမီးခြောက်ဦးပိုင် ပစ္စည်းများဖြစ်၍ ဒေါ်မန်းဒိတ်ကျင်းပါ-ညီမငါးဦး၏ သဘောဆန္ဒမပါဘဲ ဦးငင်ခန့်ထောန် တစ်ဦးတည်းအနေဖြင့် လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ ရောင်းချခြင်း၊ လှူဒါန်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အမည်ပြောင်းခြင်းတို့ မပြုလုပ်ရန် သတိပေးတားမြစ်အပ်ပါသည်။

အကယ်၍ အထက်ပါတားမြစ်ချက်တစ်ခုခုကို ဖောက်ဖျက်ကျူးလွန်ပါက ဥပဒေနှင့်အညီ တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဝင်းမြင့်
တရားလွှတ်တော်ရှေ့နေ(စဉ်-၆၂၄၇)
ဖုန်း-၀၇၁-၂၃၈၅၈၊ ၀၉-၆၄၅၀၇၉၈

အားကစားသတင်း

ပို့ /ဆက်ရေကြောင်း ဘောလုံးသမားဟောင်းများ ခြေစမ်းကစား

ရန်ကုန် ဇန်နဝါရီ ၆

ပို့/ဆက် ရေကြောင်း ဘောလုံးကစားသမားဟောင်းများအသင်း၏ ချစ်ကြည်ရေးခြေစမ်းပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ YUSC ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ကြသည်။

ခြေစမ်းပွဲမကစားမီ ဦးမောင်မောင်လေး (ညွှန်ကြားရေးမှူးချုပ်-ငြိမ်း)၊ ဦးစိုးလွင် (ညွှန်ကြားရေးမှူး-ငြိမ်း)နှင့် ဦးစိန်လှိုင် (ညွှန်ကြားရေးမှူး-ငြိမ်း)တို့အား ဘောလုံးသမားဟောင်းများက ဂါရဝပြုကြသည်။ **(အပေါ်ပုံ)** ဆက်လက်၍ မြန်မာ့လက်ရွေးစင်ဟောင်းများဖြစ်ကြသည့် မျိုးလှိုင်ဝင်း၊ မောင်မောင်ဦး၊ ဟန်ထွန်း၊ ဇော်နိုင်တို့အပါအဝင် ကစားသမားဟောင်းများက ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားခဲ့ကြသည်။ အဆိုပါ ပို့/ဆက်ရေကြောင်း ဘောလုံးသမားဟောင်းများအသင်း၏ ခြေစမ်းပွဲကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ယခုအကြိမ်မှာ ရှစ်ကြိမ်မြောက်ဖြစ်ကြောင်း သိရသည်။ **(စိုးညွှန့်)**

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် ဇန်နဝါရီ ၆ ရက်မှ ၉ ရက်အထိ ဖွင့်လှစ်သော AFC Match Commissioner Seminar ကို တက်ရောက်ရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်နှင့် Logistics Director ဦးကိုကိုသိန်းတို့အား ဇန်နဝါရီ ၅ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ မထွက်ခွာမီ တွေ့ရစဉ်။ (မြန်မာ့အလင်း)

သီပေါမြို့နယ်၌ ကတ္တရာလမ်းသစ်ဖွင့်

သီပေါ ဇန်နဝါရီ ၆

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် သီပေါမြို့နယ် အနောက်ရပ်ကွက် ကံ့ကော်လမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁ ရက် နံနက် ၈ နာရီက အဆိုပါလမ်းသစ်မုခ်ဦး၌ ကျင်းပသည်။ ကံ့ကော်လမ်းသစ်ကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၃၀ အကုန်အကျခံ ဆောင်ရွက်ပေးခဲ့ပြီး ၎င်းကတ္တရာလမ်းသစ်ကြီးမှ တောင်မြို့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ မြန်မာရပ်ကွက်နှင့် မြို့လယ်ရပ်ကွက် စသည့်ရပ်ကွက်ကြီး လေးရပ်ကွက်မှရပ်ကွက်နေပြည်သူ ၆၀၀၀ ကျော်က ရာသီမရွေး လွယ်ကူချောမွေ့စွာ သွားလာနိုင်မည်ဖြစ်သည်။ **(တင်တင်လတ်)**

ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ် ဖွင့်လှစ်

ဆိပ်ဖြူ ဇန်နဝါရီ ၆

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ကမ္ဘားကြီးကျေးရွာအုပ်စု ငွေးပင်ချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂ ရက် နံနက် ၉ နာရီက အဆိုပါဆေးခန်း၌ ကျင်းပသည်။

အဆိုပါဆေးခန်းမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ မတည်ရင်းနှီးငွေ ကျပ် ၁၀ သိန်းနှင့် ကျေးရွာပြည်များထည့်ဝင်ငွေကျပ်ငါးသိန်း စုစုပေါင်း ၁၅ သိန်းဖြင့် ဆောက်လုပ်ပေးခဲ့ရာ အိမ်ခြေ ၂၁၉ အိမ် လူဦးရေ ၁၁၃၁ ဦးတို့၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံနိုင်မည်ဖြစ်သဖြင့် ကျေးလက်ပြည်သူများ ဝမ်းမြောက်ဝမ်းသာရှိကြောင်း သိရှိရသည်။ **(ကိုမျိုး-ဆိပ်ဖြူ)**

MRTV-4 ရုပ်မြင်သံကြား

၇-၁-၂၀၁၂ (တနင်္လာနေ့)

နံနက်ပိုင်း

- ၅း၀၀ MRTV-4 အဖွင့် Logo ပါဠိသြန်းပါဠိတော်+ရတနသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၃၀ ဝိပ္ပလ္လာသ ၁၂ပါး တရားတော် (ဆရာတော် ဦးဃောသိတ)
- ၉း၁၀ မြစ်သားမြို့၏ စေတနာအလှများ
- ၉း၂၀ တိုးပွားဆောင်ရွက် နိုင်ငံ့လက် ဖေးကူမွေးမြူ တို့အတူ (တောင်သမန်အင်းနှင့် တီလားပီးယား)
- ၁၀း၀၀ ခေတ်သစ်ပျိုမေ
- ၁၀း၅၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ လျှို့ဝှက်ချက်နှင့် ဂင်မ်ချီ (အပိုင်း-၂၇)
- ၁၁း၃၀ Minute to Win It
- ၁၂း၁၀ လမ်းပြကြယ်စင်မြတ်သခင်
- ၂း၂၀ နှစ်အဆက်ဆက်ဆင်ကာနွဲ့ သက်ကြီးပူဇော်ပွဲ
- ၂း၄၀ Nescafe' Creamy Delight
- ၅း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Red Link For Her Funs And Internet User)
- ၅း၂၀ Minute to Win It
- ၆း၀၀ MRTV-4 သတင်း
- ၆း၁၅ MRTV-4 ကျန်းမာရေးကဏ္ဍ အသည်းရောင်အသားဝါ (B) ပိုးအကြောင်း သိကောင်းစရာ (အပိုင်း-၁)
- ၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ ချိုမြိန်သောဘဝလေး (အပိုင်း-၆၃)
- ၉း၀၀ နယ်စပ်ရေးရာဝန်ကြီးဌာန၏ ဗီယက်နမ်-မြန်မာ ချစ်ကြည်ရေးခရီးစဉ် (အပိုင်း-၁)
- ၁၀း၅၅ Global Panorama (ကိုကိုလှိုင်၊မျိုးမြတ်သူ)
- ၁၁း၄၀ ပျော်ရွှင်ကြည်နူး အေးငြိမ်းချမ်းသာ စိမ်းလဲ့တင်ညွှဲ့ရိပ်သာ
- ၁၂း၀၀ World of Knowledge (Megastructures: Air Force Transport)
- ၂း၀၀ ခပေါင်းရေလှောင်တမံ ဘက်စုံစီမံကိန်း
- ၂း၁၀ ချစ်တတ်ကြရအောင် ထွန်းထွန်းဝင်း၊ အောင်ရဲလင်း၊ ချစ်စနိုးဦး၊ သန်းသန်းစိုး ဒါရိုက်တာ သိန်းဟန်(ဖီးနစ်)

ကလေးပြိုင်ပွဲနှင့် စံပြမိခင်ရွေးချယ်ပွဲ မော်ကျွန်း၌ ကျင်းပ

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၆

(၆၅) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကလေးပြိုင်ပွဲနှင့်စံပြမိခင်ရွေးချယ်ပွဲကို ဇန်နဝါရီ ၄ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ မိခင်နှင့်ကလေးစောင့်ရှောက်ရေး ရုံးခန်းမ၌ ကျင်းပရာ မွေးစမှခြောက်လအထိတွင် ပထမရရှိသူ မောင်မော်စီတုံးအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်သင်းသင်းအေးက ဆုချီးမြှင့်သည်။ ထို့နောက် မွေးစမှခြောက်လတန်းတွင် ဒုတိယဆု မပုလဲအိ၊ တတိယဆု မောင်သက်မော်ဟိန်း၊ ခြောက်လမှ တစ်နှစ်တန်းတွင် ပထမဆု မောင်ထူးထက်အောင်၊ ဒုတိယဆု မမေသူထက်နှင့် တတိယဆု မောင်ကူးကူးတို့ ရရှိကြပြီး စံပြမိခင်ရွေးချယ်ပွဲတွင် ပထမဆု ဒေါ်သန်းမေဦး၊ ဒုတိယဆု ဒေါ်မိုးမိုးနှင့် တတိယဆုကို မတင်ဇာဇာဝင့်တို့ရရှိကြရာ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အမှုဆောင်များနှင့် စေတနာရှင်များက ဆုပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝ၆၅)**



ဘရစ္စဘိန်းတင်းနစ် မာရေး ဖလားဆွတ်ခူး

ဗြိတိသျှနာမည်ကြီး တင်းနစ်ကစားသမား အင်ဒီမာရေးသည် ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့၌ ကျင်းပလျက်ရှိသည့် ဘရစ္စဘိန်း အင်တာနေရှင်နယ် တင်းနစ်ဗိုလ်လုပွဲတွင် ဘူလ်ဂေးရီးယားတင်းနစ်ကစားသမား ဂရီဂေါဒီမီထရိုအား အနိုင်ရပြီး ဖလားဆွတ်ခူးနိုင်ခဲ့သည်။ ယူအက်စ်အိုးပင်းချန်ပီယံ အင်ဒီမာရေးသည် ကမ္ဘာ့အဆင့် ၄၈ ရှိ ဘူလ်ဂေးရီးယား တင်းနစ်ကစားသမားအား တစ်နာရီခွဲကြာကစားပြီး ၇-၆ (၇-၀)၊ ၆-၄ ဖြင့်နိုင်ပြီး ဖလားဆွတ်ခူးသွားခဲ့ခြင်းဖြစ်သည်။ ကမ္ဘာ့အဆင့် ၃ ရှိ အင်ဒီမာရေးသည် ယင်းပွဲအနိုင်ရလိုက်၍ ဇန်နဝါရီ ၁၄ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ဩစတြေးလျအိုးပင်းပြိုင်ပွဲအတွက် အကောင်းဆုံးယှဉ်ပြိုင်နိုင်ရန် အလားအလာပိုကောင်းသွားခဲ့သည်။

တရုတ်တင်းနစ်မယ် လီနာ (၁၇)လုံးမြောက်ဖလား ဆွတ်ခူး

ပြင်သစ်အိုးပင်းချန်ပီယံဟောင်း တရုတ်တင်းနစ်မယ်လီနာသည် ရှင်ကျင့်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဇန်နဝါရီ ၅ ရက်က ချက်တင်းနစ်မယ် ကလာရာဇကိုပါလိုဗာအား ၆-၃၊ ၁-၆၊ ၇-၅ဖြင့်နိုင်ပြီး သူမ၏ တင်းနစ်သက်တမ်းတစ်လျှောက် (၁၇)လုံးမြောက် ဖလားအဖြစ် ဆွတ်ခူးသွားခဲ့သည်။ သူမသည် ယင်းပွဲအနိုင်ရရှိလိုက်သဖြင့် လာမည့်သီတင်းပတ်တွင် ဆစ်ဒနီမြို့၌ ကျင်းပမည့် ဩစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ပါဝင်ကစားရန် ပို၍အလားအလာပိုကောင်းသွားသည်။ သူမသည် ၂၀၁၁ ခုနှစ်က ပြင်သစ်အိုးပင်းဖလားကို ဆွတ်ခူးခဲ့ရာ အာရှတိုက်တွင် ပထမဆုံး ဂရင်းဆလမ်ဖလား ဆွတ်ခူးနိုင်ခဲ့သူဖြစ်လာခဲ့သည်။

ဘာစီလိုနာနည်းပြ အသင်းကိုပြန်လည်ကိုင်တွယ်

ဘာစီလိုနာနည်းပြတီတိုဗီလန်နိုဗာသည် ကင်ဆာရောဂါ ခွဲစိတ်ခံကုသမှုခံယူပြီး နှစ်ပတ်လည်အကြာ အက်စ်ပန်ညိုအသင်းနှင့် ကစားမည့်ပွဲမှစပြီး ဘာစီလိုနာအသင်းကို ကိုင်တွယ်သွားမည်ဟု ၎င်းကလပ်က ကြေညာသည်။

နည်းပြဗီလန်နိုဗာသည် တံတွေးဂလင်းမှာ အကျိတ်ဖြစ်ပြီးခွဲစိတ်ကုသမှု ခံယူခဲ့ရသည်။ ၎င်းသည် ၂၀၁၁ နိုဝင်ဘာလကတည်းက ကင်ဆာရောဂါဝေဒနာခံစားခဲ့ရခြင်းဖြစ်သည်။

အသက် ၄၄ နှစ်ရှိ နည်းပြဗီလန်နိုဗာသည် မူလက ဇန်နဝါရီလလယ်အထိ ဘာစီလိုနာသို့ ပြန်လာနိုင်လိမ့်မည်မဟုတ်ဟု မျှော်လင့်ထားကြသည်။ သို့သော်လည်း ယခုအခါ ၎င်းအနေဖြင့် ဘာစီလိုနာအသင်းကို ပြန်လည်ကိုင်တွယ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ကောင်းမြတ်သူ-စုစည်းသည်

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

မိဘဆရာသဖွယ် ချစ်ခင်လေးစားရပါသော ဗိုလ်မှူးကြီးတင်ရှိန် (ငြိမ်း)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၂ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် (၁/၂၀၁၂)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဂါရဝပြု ဆုတောင်းလျက်-

ဒုတိယဗိုလ်မှူးကြီးလှမိုးမြင့်(ငြိမ်း)၊ ဒေါ်နန်းမော်မော်အောင်မိသားစု

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)အား ပြန်လည်ဖွဲ့စည်းပေးခဲ့ပြီး တက်ကြွရှင်သန်လာအောင် တွန်းအားပေး ဦးဆောင်မှုပေးခဲ့သော (အသင်း၏နာယက) ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)အား ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၂ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်(၁/၂၀၁၂)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာချီးမြှင့်ခြင်းခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက် မိပါကြောင်းနှင့် မြို့နယ်အကျိုး၊ သာသနာအကျိုးများကို ဆတက် ထမ်းပိုး ရွက်ဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုလိုက်ပါသည်။

အမှုဆောင်အဖွဲ့
ကျောက်တံခါးမြို့နယ်အသင်း(ရန်ကုန်)

အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ချစ်ခင်လေးစားရပါသော ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း)အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၂ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁/၂၀၁၂)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် သာသနာအကျိုးများကို ဆတက်ထမ်းပိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဂါရဝပြု ဆုတောင်းလျက်-

ဦးသန်းစိုး(Chairman Rainbow Group Co., Ltd.)-ဒေါ်သီတာ၊
ပါမောက္ခ ဦးဝင်းနိုင်(အသည်း)-ဒေါ်နီလာခင်၊
မသီနှင့် ဓမ္မမိတ်ဆွေများ

နိုင်ငံတကာအားကစားသတင်း

အားကစားသတင်း အတိုအထွာ

❑ အာဆင်နယ်နည်းပြ အာစင်ဝင်းဂါးက ဝီဂန်ကွင်းလယ်ကစားသမား ဂျိမ်းမက်ကာသေးအား ပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်းဖြင့် ခေါ်ယူစာချုပ်ရန် ပြင်ဆင်လျက်ရှိသည်။

❑ ခရစ္စတယ်ပဲလေ့အသင်းမှ အသက် ၂၀ အရွယ် တောင်ပံကစားသမား ဇာဟာအား စပါးအသင်းက ပြောင်းရွှေ့ကြေး ပေါင် ၁၀ သန်းဖြင့် ခေါ်ယူရန် ကမ်းလှမ်းထားသည်။

❑ ချယ်လ်ဆီးကွင်းလယ်ကစားသမား ၃၄ နှစ်အရွယ်ရှိ လမ်းပတ်အား အသင်း၌ ဆက်လက်ကစားရန်အတွက် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်နှင့်တွေ့ဆုံဆွေးနွေး သဘောတူညီမှုရခဲ့ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်သည်။

❑ ကျူပီအာအသင်းနည်းပြ ဟယ်ရီရက်နက်သည် ကွင်းလယ်ကစားသမား တင်ကာပေး၊ တိုက်စစ်မှူး ရော်ဘီကိန်းနှင့် အနယ်လ်ကာတို့အပါအဝင် ကစားသမား ခြောက်ဦးတို့အား တွေ့ဆုံဆွေးနွေးလျက်ရှိသည်။

❑ လီဗာပူးအသင်းသည် ဘလက်ပူးလ်အသင်းမှ တောင်ပံကစားသမား တွမ်အင့်အား ပြောင်းရွှေ့ကြေး ပေါင်လေးသန်းဖြင့် ဈေးပေးထားသော်လည်း ဘလက်ပူးက ပေါင်ခြောက်သန်းရမှရောင်းမည်ဟု ပြောကြားထားသည်။

❑ ဆွမ်ဆီးနောက်ခံလူ ၃၃ နှစ်အရွယ်ရှိ ဂယ်ရီမော့ခ်သည် အသင်းမှ ထွက်ခွာလိုကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ ဗီလာအသင်းသည် အောင်မြင်မှုများရရှိရန် ကစားသမားသစ် ခြောက်ဦးခန့် ထပ်မံအားဖြည့်ရမည်ဖြစ်ကြောင်း အသင်းတာဝန်ရှိသူများက ထုတ်ဖော်ပြောကြားသည်။

❑ အာဆင်နယ်အသင်းအား တောင့်တင်းသောအသင်းဖြစ်လာစေရန် ပြန်လည်ဖြည့်ဆည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း နည်းပြအာစင်ဝင်းဂါးက ပြောကြားသည်။

❑ ဘိုင်ယန်မြူးနစ်အသင်းသည် ယခုနှစ်၌ ဘွန်ဒက်စ်လီဂါဖလားအပြင် နောက်ထပ်ဖလားနှစ်လုံး ရယူနိုင်ရေးကြိုးစားသွားမည်ဖြစ်ကြောင်း တောင်ပံကစားသမား ရော်ဘင်က ထုတ်ဖော်ပြောကြားသည်။

❑ ဘာစီလိုနာအသင်းသည် ယခုနှစ်၌ ချန်ပီယံလိဂ်ဖလားကိုဆွတ်ခူးရန် ခြေစွမ်းရှိကြောင်း၊ ချန်ပီယံလိဂ်ဖလားကိုရယူနိုင်မည်ဟု ယုံကြည်နေကြောင်း ကွင်းလယ်တိုက်စစ်ကစားသမား အင်နီယေစတာက ပြောကြားသည်။

❑ မန်ယူနည်းပြ ဖာဂူဆန်က ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် ကစားသမားသစ် ခေါ်ယူရေးကို ဦးစားပေးမည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားသည်။

❑ မန်စီးတီးတိုက်စစ်မှူး တီဗက်ဇ်က လာမည့်ဘောလုံးရာသီတွင် အသင်းမှ ထွက်ခွာလိုကြောင်း နည်းပြ မန်ချီနီအား ပြောကြားထားသည်။

မောင်ချစ်ကြည် - စုစည်းသည်

ဗန်ပါစီနောက်ကျဂိုးဖြင့် မန်ယူတို့သရေပွဲဖြစ်ခဲ့သည့် အက်ဖ်အေဖလားပွဲ

အက်ဖ်အေဖလားတတိယအဆင့် ဘောလုံးပြိုင်ပွဲတွေကို ဇန်နဝါရီ ၅ ရက်မှာ ယှဉ်ပြိုင်ကစားကြတဲ့အခါ ပရီမီယာလိဂ်ထိပ်တန်းအသင်းမန်ယူဟာ ဝက်စ်ဟမ်းကွင်းမှာ နောက်ကျဂိုးနဲ့ ကံကောင်းထောက်မစွာ သရေပွဲဖြစ်ခဲ့တာမို့ ပရိသတ်တွေပင့်သက်ဖြာခဲ့ရတာတော့ အမှန်ပါပဲ။ ချယ်လ်ဆီးတို့ကတော့ အဝေးကွင်းမှာ ဆောက်သမ်တန်ကို အနိုင်ရခဲ့လို့ ပရိသတ်တွေအောင်ပွဲခံ တေးသံဟစ်ကြွေးရင်း အိမ်ပြန်နိုင်ခဲ့ကြပါတယ်။ ဒီပွဲစဉ်တွေဟာ ပရိသတ်တွေကို ရင်တမမနဲ့ ရသမျိုးစုံ ပေးစွမ်းနိုင်ခဲ့ကြတဲ့ပွဲကောင်းတွေ ဖြစ်ခဲ့ကြတာအမှန်ပါပဲ။

ဝက်စ်ဟမ်းနှင့် မန်ယူ

ဝက်စ်ဟမ်းကွင်းမှာ ကစားရတဲ့ မန်ယူဟာ ပွဲထွက်ကစားသမားတွေနဲ့ ဗျူဟာအခင်းအကျင်းကို ဖာဂူဆန်သေသေချာချာရွေးချယ်ပြင်ဆင်ပြီးမှ ပြိုင်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။ မန်ယူအသင်းဟာ စိတ်ဓာတ်အသာစီးနဲ့ ကစားခဲ့တာမို့ ပွဲအစ ၂၃ မိနစ်မှာ ကလီဗာလေက မန်ယူအတွက် အဖွင့်ဂိုးကိုသွင်းယူပေးနိုင်ခဲ့ပါတယ်။ ဒါပေမယ့် အိမ်ရှင်ဝက်စ်ဟမ်းတို့က ချေပဂိုး သွင်းယူနိုင်ရေးတန်ပြန်တိုက်စစ်ဆင်ခဲ့တာမို့ ပွဲချိန် ၂၇မိနစ်မှာပဲ ကောလင်းက ချေပဂိုးပြန်သွင်းယူခဲ့လို့ ပထမပိုင်းပွဲချိန်အတွင်းမှာ တစ်ဂိုးစီသရေပွဲဖြစ်နေခဲ့ပါတယ်။ မန်ယူဟာ ဒုတိယပိုင်းပွဲချိန်အတွင်းမှာ ဦးဆောင်ဂိုးသွင်းယူနိုင်ဖို့ကြိုးစားခဲ့ပေမယ့် ပွဲချိန် ၅၉ မိနစ်မှာ ကောလင်းကပဲ ဝက်စ်ဟမ်းအတွက်ဒုတိယဂိုးကိုသွင်းယူပေးခဲ့လို့ ဝက်စ်ဟမ်းတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ မန်ယူတို့ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် တိုက်စစ်မှူးတွေရဲ့ ဂိုးသွင်းမှုက အပိုအလိုတွေဖြစ်နေပြီး အပေါ်ထောင်ဘေးထွက်ဖြစ်နေတာမို့ ချေပဂိုးမသွင်းနိုင်ဘဲ ဖြစ်နေခဲ့ပါတယ်။ ပွဲပြီးချိန်မိနစ် ၉၀ ရောက်မှ တိုက်စစ်မှူး ဗန်ပါစီက ချေပဂိုးသွင်းယူနိုင်ခဲ့လို့ မန်ယူပရိသတ်တွေ ရင်တထိတ်ထိတ်နဲ့ သက်ပြင်းချနိုင်ခဲ့ပြီး နှစ်ဂိုးစီ သရေပွဲနဲ့ ကျေနပ်ခဲ့ရခြင်းဖြစ်ပါတယ်။

မန်စီးတီးနှင့် ဝက်ဖို့ဒ်

အိမ်ကွင်းမှာကစားရတဲ့ မန်စီးတီးဟာ ဝက်ဖို့ဒ်ကို ကစားကွက်အသာစီးနဲ့ ကစားနိုင်ခဲ့ပြီး ဂိုးတွေရအောင်လည်း သွင်းယူနိုင်ခဲ့ပါတယ်။ တိုက်စစ်မှူး တီဗက်ဇ်ကို ပွဲထုတ်ခဲ့တဲ့ နည်းပြမန်ချီနီအတွက် ပွဲချိန် ၂၅ မိနစ်မှာ တီဗက်ဇ်က အဖွင့်ဂိုး သွင်းယူပေးနိုင်ခဲ့ပါတယ်။ တီဗက်ဇ်ရဲ့သွင်းဂိုးကို ဝက်စ်ဖို့ဒ်တို့ချေပဂိုးရရှိရေးကြိုးစားခဲ့ပေမယ့် မန်စီးတီးခံစစ်ကြောင်းကို ထိထိရောက်ရောက် မဖြတ်ကျော်နိုင်ခဲ့ပါဘူး။ ဆက်လက်ပြီး ပွဲချိန် ၄၄ မိနစ်မှာ ဘယ်ရီကတစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ ပထမပိုင်းပွဲချိန်အပြီးမှာ မန်စီးတီးတို့ကနှစ်ဂိုးအသာနဲ့ ဦးဆောင်ထားနိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန်အတွင်းမှာတော့ မန်စီးတီးတို့ ဂိုးထပ်မံသွင်းယူနိုင်ရေးကြိုးစားခဲ့ပေမယ့် ဝက်ဖို့ဒ်တို့ဟန့်တားဖျက်ထုတ်မှုနဲ့ တိုက်စစ်မှူးတွေ ဂိုးသွင်းမသေချာမှုကြောင့် ဂိုးမရဘဲဖြစ်နေခဲ့ပါတယ်။ ပွဲချိန် မိနစ် ၉၀ မှာတော့ လိုပက်ဇ်က တစ်ဂိုးသွင်းယူနိုင်ခဲ့တာမို့ ပွဲအပြီးမှာမန်စီးတီးတို့က သုံးဂိုးပြတ်နဲ့နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

ဆောက်သမ်တန်နှင့် ချယ်လ်ဆီး

ဆောက်သမ်တန်အသင်းဟာ ပွဲအစပိုင်းမှာ လျင်လျင်မြန်မြန်ကစားနိုင်ခဲ့ပြီး ပွဲချိန် ၂၂ မိနစ်မှာ ရိုဒရီကွက်ဇ်က အဖွင့်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ချယ်လ်ဆီးအသင်းဟာ တစ်ဂိုးသွင်းယူခံလိုက်ရလို့ ကစားကွက်ပြန်ထိန်းပြီး ချေပဂိုးပြန်သွင်းနိုင်ရေး ကြိုးစားခဲ့တာကြောင့် ပွဲ ချိန် ၃၅ မိနစ်မှာ အသစ်ခေါ်ယူထားတဲ့ တိုက်စစ်မှူးဒမ်ဘာဘာက ချေပဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ချေပဂိုးရရှိပြီး နောက်ပိုင်း ချယ်လ်ဆီးတို့ ဆက်တိုက် ဖိကစားတာမို့ ပွဲချိန် ၄၅ မိနစ်မှာ မော့ဆက်စ်က တစ်ဂိုးသွင်းယူနိုင်ခဲ့တာကြောင့် ပထမပိုင်းပွဲအပြီးမှာ ချယ်လ်ဆီးတို့ နှစ်ဂိုး-တစ်ဂိုးနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ ဒုတိယပိုင်းပွဲချိန်အတွင်းမှာလည်း ဆောက်သမ်တန်တို့ ချေပဂိုးရရှိရေးကြိုးစားခဲ့ပေမယ့် အပြီးသတ် အဆုံးသတ်မှုတွေမသေချာလို့ ဂိုးမသွင်းနိုင်ခဲ့ပါဘူး။ ပွဲချိန် ၅၂ မိနစ်မှာ အီဘာရာမိုဗစ်က တစ်ဂိုးသွင်းယူပြီး ၆၁ မိနစ်မှာ တိုက်စစ်မှူး ဒမ်ဘာဘာက တစ်ဂိုးထပ်မံသွင်းယူနိုင်ခဲ့တာမို့ ချယ်လ်ဆီးတို့ လေးဂိုးရရှိနေခဲ့ပါတယ်။ ဒမ်ဘာဘာဟာ ချယ်လ်ဆီးရဲ့ ပွဲဦးထွက်မှာပဲ နှစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူးဖြစ်ပါတယ်။ ချယ်လ်ဆီးရဲ့ တိုက်စစ်ကို ဟန့်တားဖို့ကြိုးစားရင်း အိမ်ရှင် ဆောက်သမ်တန်တို့ ပယ်နယ်တီပေးခဲ့ရပါတယ်။ အဲဒီပယ်နယ်တီကို လမ်းပတ်က ကန်သွင်းယူခဲ့တာမို့ ဂိုးရရှိခဲ့ပြီး ပွဲအပြီးမှာ ချယ်လ်ဆီးတို့ ငါးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

လိဒ်ယူနိုက်တက်နှင့် ဘာမင်ဂမ်

လိဒ်ယူနိုက်တက်တို့ အိမ်ကွင်းမှာ သရေပွဲဖြစ်အောင် ကြိုးစားရုန်းကန်ခဲ့ရတဲ့ပွဲဖြစ်ပါတယ်။ လိဒ်ယူနိုက်တက်ဟာ ပွဲအစမှာ တိုက်စစ်ဆင် ကစားနိုင်ခဲ့ပေမယ့် တိုက်စစ်မှူးတွေရဲ့ ဆန္ဒစောနေမှုကြောင့် ဂိုးတွေမသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။ ပွဲချိန် ၃၂ မိနစ်မှာ ဘာမင်ဂမ်ရဲ့ အီလော့က အဖွင့်ဂိုးသွင်းယူခဲ့လို့ ဘာမင်ဂမ်တို့ ပထမပိုင်း ပွဲချိန်အတွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ ဦးဆောင်နိုင်ခဲ့ပါတယ်။ လိဒ်ယူနိုက်တက်အသင်းဟာ ချေပဂိုးရရှိရေး အပြင်းအထန်ကြိုးစားခဲ့တာမို့ ပွဲချိန် မိနစ် ၆၀ မှာ ဘက်ချီရိုက ချေပဂိုးပြန်သွင်းယူနိုင်ခဲ့ပြီး ပွဲချိန်အပြီးမှာ တစ်ဂိုးစီနဲ့ သရေပွဲဖြစ်ခဲ့ပါတယ်။

စပါးနှင့် ကိုဗင်ထရီ

စပါးတို့ အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်ခဲ့ပါတယ်။ စပါးအတွက် ဂိုးတွေကို ပွဲချိန် ၁၄ မိနစ်နဲ့ ၃၇ မိနစ်မှာ ဒမ်ဆေးက တစ်ဦးတည်း နှစ်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ စပါးတို့ ဆက်တိုက်ဖိကစားခဲ့တာမို့ ပွဲချိန် ၃၃ မိနစ်မှာ ဂါရက်ဘေးလ်က တစ်ဂိုးသွင်းယူနိုင်ခဲ့ပါတယ်။ ကိုဗင်ထရီတို့ ချေပဂိုးတွေ ပြန်မသွင်းနိုင်ဘဲ ပွဲပြီးချိန်မှာ သုံးဂိုးပြတ်နဲ့ ရှုံးနိမ့်ခဲ့ခြင်းဖြစ်ပါတယ်။

အခြားပွဲရလဒ်များ

မီလ်ဝေါလ်	၁ - ၀	ပရီတန်
နော့တင်ဟမ်	၂ - ၃	အိုလ်ဟမ်း
အေ့ဖို့ဒ်	၀ - ၃	ရှက်ဖ်ဖီး
ဘရိုက်တန်	၂ - ၀	နယူးကာဆယ်
အယ်လ်ဒါဆော့	၃ - ၁	ရိုသာဟမ်
ဗီလာ	၂ - ၁	အစ်ဆွစ်
ဘန်စလေ	၁ - ၀	ဘန်လေ
ဘလက်ဘန်း	၂ - ၀	ဘရစ္စတိုး
ဘော်လ်တန်	၂ - ၂	ဆန်းဒါးလန်း
ချာလ်တန်	၀ - ၁	ဟက်ဒါဖီးလ်
ကရော့လေ	၁ - ၃	ရက်ဒင်း
ခရစ္စတယ်ပဲလေ့စ်	၀ - ၀	စတုတ်
ဒါဘီ	၅ - ၀	ထရန်မီရီ
ဖူလ်ဟမ်	၁ - ၁	ဘလက်ပူးလ်
ဟားလ်စီးတီး	၁ - ၁	လေတန်
လက်စတာစီးတီး	၂ - ၀	ဘာတန်
ကျူပီအာ	၁ - ၁	ဝက်စ်ဘရွန်း
ဝီဂန်	၁ - ၁	ဘရွန်းယောက်
ပီတာဘရော့	၀ - ၃	နော့ဝှစ်

မောင်မောင်မြင့်ဆွေ - ရေးသားသည်

မွေးနေ့မင်္ဂလာဆုတောင်းလွှာ

မောင်ဆက်နိုင်ထွဋ်

B.E (EP)

နည်းပညာတက္ကသိုလ်(မိတ္ထီလာ)

၇-၁-၂၀၁၃ ရက်တွင်ကျရောက်သော ချစ်သားငယ် (ဖိုးသားလေး) မောက်ဆက်နိုင်ထွဋ်၏ မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး ထူးချွန်ထက်မြက်၍ အမျိုးအကျိုး သယ်ပိုးနိုင်သော သားကောင်းရတနာဖြစ်ပါစေကြောင်း ဆုတောင်းအပ်ပါသည်။

ဖေဖေ - ဦးချမ်းသာ
မေမေ - ဒေါ်ခင်မာအေး (မြူမြူ)
ကိုကို - ဝေလင်းအောင် B.E (Mechanical)
စိုးမိုးအောင် B.C. Sc
ချမ်းမြေ့အောင် B.Econ (Eco)
မမ - အေးသူနွယ် B.Econ (Statistics)
မြကေနိုင် M.C.Sc
ညီမငယ် - ကြည်စင်သန့် (Grade-6)
အထက(၅)၊ နေပြည်တော်

မွေးနေ့ဆုမွန်လွှာ

ဖိုးသားလေး (ခ) မောင်ဆက်နိုင်ထွဋ်၏ ၇-၁-၂၀၁၃ ရက်တွင်ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကံကောင်းခြင်း၊ ပျော်ရွှင်ခြင်းများစွာကို ရရှိပိုင်ဆိုင်နိုင်ပါစေ-

ကိုဖြိုးမင်းလတ်-မစုနှင်းလွင်
ကိုကျော်ဇင်ဦး-မသီတာကိုကို
ကိုပြည့်စုံအောင်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြိတ်မြို့နေ (ဦးခိုင်တင်)-ဒေါ်လှမြင့်တို့၏သား
မောင်ပြည့်ဖြိုးပိုင် B.E (Civil)
အငယ်တန်းအင်ဂျင်နီယာ-၃၊ မြိတ် (စည်ပင်သာယာရေးအဖွဲ့)
နှင့်
ရန်ကုန်မြို့နေ ဦးငွေအောင်-(ဒေါ်မာမာထွေး)တို့၏သမီး
မပွင့်ဖြူသင်း M.Sc. (IC)
(သရုပ်ပြကုန်ထုတ်ဓာတုဗေဒဌာန၊ ရတနာပုံတက္ကသိုလ်)

တို့သည် ၃၀-၁၂-၂၀၁၂ ရက်တွင် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ဂုဏ်သရေရှိ လူကြီးမင်းများရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ပြည့်ဖြိုးပိုင်-မပွင့်ဖြူသင်း

အမှတ် ၁၃၊ အလယ်လမ်း၊ ဆေးငြိမ်းရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့၊ အိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၅ အီး ၇၊ လူနေရပ်ကွက်အမှတ် S-၅၇၊ မြေကွက်အမှတ် IV-၄၂၊ ဧရိယာ ၀ ဒသမ ၀၃၄၈ ဧက အကျယ်ရှိမြေပိုင်မြေအမျိုးအစားမြေကွက်နှင့် အိမ်ကိုလက်ရှိအမည်ပေါက်ပိုင်ဆိုင်သူများဖြစ်သည့် ဦးသန်းဆွေ ၁၂/ကမတ(နိုင်)၀၀၉၆၁၀၊ ဒေါ်ဝါဝါတင် ၁၂/ကမတ(နိုင်)၀၀၉၃၁၀ထံမှ ကျွန်ုပ်မိတ်ဆွေတစ်ဦးက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ခုနစ်ရက်အတွင်း စာရွက်စာတမ်းအထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်စောဦး (တရားလွှတ်တော်ရှေ့နေ) (စဥ်-၆၇၀၂)
အမှတ် ၅၆၁၊ M.A.C Tower ၊ အခန်း ၇၀၁၊ ကုန်သည်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဝဏ္ဏဖြိုး ၁၂/ဗဟန(နိုင်)၀၉၅၄၆၂သည် မိဘ၊ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမများ၏ ပြောဆိုဆုံးမမှုကိုမနာခံဘဲ မိမိ၏ သဘောဆန္ဒအလျောက်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စကိုမျှ တာဝန်ယူမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်းသည်းခံပါ။

ဦးအုန်းမြင့်-ဒေါ်ဝင်းမြင့်(ခ)ဒေါ်နီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လယ်ယာမြေလုပ်ပိုင်ခွင့် လျှောက်လွှာများထုတ်ပေး

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၆

တောင်သူလယ်သမားများ သားစဉ်မြေးဆက် ဘဝအာမခံချက်ရရှိစေရေးအတွက် မော်လမြိုင်ကျွန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏စီစဉ်ဆောင်ရွက်မှုဖြင့် လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာများထုတ်ပေးပွဲကို ဇန်နဝါရီ ၁ ရက် နံနက် ၉ နာရီက မြို့နယ်မြေစာရင်းဦးစီးဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး၊ မြို့နယ်မြေစာရင်းဦးစီးအရာရှိ ဦးဟန်မျိုးဝင်းက လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာထုတ်ပေးခြင်းဆိုင်ရာ လုပ်ငန်းများကို ရှင်းလင်းတင်ပြပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၁၈ အုပ်စုမှ ကျေးရွာအုပ်ချုပ်ရေးမှူးများထံ လယ်ယာမြေလုပ်ပိုင်ခွင့်လျှောက်လွှာများ ထုတ်ပေးသည်။ **(အောက်ပုံ)** အဆိုပါလယ်ယာမြေမှတ်ပုံတင်ခြင်းလုပ်ငန်းကို မော်လမြိုင်ကျွန်းမြို့နယ်အတွင်းရှိ မြို့မရပ်ကွက်တစ်ခုနှင့် ကျေးရွာအုပ်စု ၁၀၈ အုပ်စုရှိ တောင်သူလုပ်ကွက် ပေါင်း ၅၁၀၇၁ လုပ်ကွက်များကို ဇန်နဝါရီ ၁ ရက်မှစတင်ပြီး ထုတ်ပေးလျက်ရှိကြောင်း သိရှိရသည်။

(ဝ၆၅)

ကမ်းနားလမ်းသစ်၌ ဘေးအန္တရာယ်ကင်းရှင်းရေး ထည့်သွင်းစဉ်းစားရန် လိုအပ်လျက်ရှိနေ

ရန်ကုန် ဇန်နဝါရီ ၆

အသစ်ဖောက်လုပ်ပြီးစီးသောအရှည် ငါးမိုင်ခန့်ရှိ ကမ်းနားလမ်းမသစ်ကြီးကို ယခုအခါ ယာဉ်မျိုးစုံ စတင်အသုံးပြုနေပြီး ဖေဖော်ဝါရီ ၁ ရက်မှစ၍ လမ်းအသုံးပြုခများ စတင်ကောက်ခံသွားမည်ဟု သိရသည်။ ကမ်းနားလမ်းဟောင်းတွင် ကုန်တင်ယာဉ်များလည်း သွားလာခွင့်မရှိတော့ဟု သိရပြီး ကမ်းနားလမ်းသစ်အဝင် ကြည့်မြင်တိုင်ဟုမ်းလမ်းထိပ်တွင် အချက်ပြမီးများ တပ်ဆင်အသုံးပြုနေပြီး ဘုန်းကြီးလမ်းနှင့် ကမ်းနားလမ်းထိပ်တွင်လည်း တပ်ဆင်နေကြောင်း၊ ကမ်းနားလမ်းမသစ်ကြီးကို ဖြတ်လမ်းအနေဖြင့် လမ်းမတော်ဘက်ခြမ်းတွင် ဘုန်းကြီးလမ်းထိပ်၊ ရွာသစ်ချောင်းဘေးလမ်းထိပ်တို့တွင်သာ ဖွင့်လှစ်ထားပြီး စဉ့်အိုးတန်းထိပ်၊ လမ်းသစ်လမ်းထိပ်၊ တိုင်းတန်းလမ်းထိပ်များတွင် လမ်းတားတုံးဝါများ စီတန်းပိတ်ဆို့ခြင်းဖြင့် ဖြတ်လမ်းပေါက်များကို ပိတ်ထားကြောင်း သိရသည်။

မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းသွား၊ ရန်ကုန်တစ်ဖက်ကမ်းသွား ကူးတို့သင်္ဘောများ ဆိုက်ကပ်ရာနေရာဖြစ်၍ နေ့စဉ်ခရီးသွားအများအပြား၊ ကုန်တင်ကုန်ချယာဉ်များ၊ အငှားယာဉ်များ၊ မျိုးစုံ ကမ်းနားလမ်းသစ်ကို ဖြတ်သန်းနေကြသည်ဖြစ်ကြောင်း၊ ယင်းကမ်းနားလမ်းကြီးတွင်လည်း ယာဉ်ကြီးများ အမြန်နှုန်းဖြင့် မောင်းနှင်ကြမည်ဖြစ်ရာ လမ်းကူးသူ၊ လမ်းအသုံးပြုသူများ ဘေးအန္တရာယ် ကင်းရှင်းရေးအတွက် ထည့်သွင်းစဉ်းစား လုပ်ဆောင်ပေးရန် လိုနေကြောင်း၊ သို့မှသာ အများပြည်သူ လမ်းအန္တရာယ်မှ ကင်းဝေးမည်ဖြစ်ကြောင်း၊ လူကူးမျဉ်းကျားရေးဆွဲထားရုံဖြင့် လုံလောက်မှုရှိနိုင်မည် မဟုတ်ကြောင်း လမ်းဖြတ်သန်းအသုံးပြုနေသူ ရန်ကုန်တစ်ဖက်ကမ်းနေသူများက ပြောကြားသည်။

(ခင်ဆိုင်)

ကျောင်းစာကြည့်တိုက်သို့ ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်များ လှူဒါန်း

တပ်ကုန်း ဇန်နဝါရီ ၆

(၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၁ နာရီက တပ်ကုန်းမြို့နယ် ကင်းသာ အလက(၁၃) ပညာရေးစုံညီဆုပေးပွဲခန်းမတွင် ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်များ လှူဒါန်းပွဲကိုကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးသိန်းဝင်းမြင့် (မြကျောက်အေးချမ်း)က ဦးဆောင်၍ စုစုပေါင်း ဂျာနယ်၊ မဂ္ဂဇင်းစာအုပ်ပေါင်း ၄၆၆ အုပ်ကို ကျောင်းအုပ်ဆရာကြီး ဦးကြာညိုထံ ပေးအပ်လှူဒါန်းကြောင်း သိရသည်။

(မြန်မာ့အလင်း)

ဇန်နဝါရီ ၅ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် တပ်မတော်ခန်းမ၌ မြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး(ဗဟို)က ကျင်းပသည့် ၂၀၁၃ခုနှစ် သင်းလုံးကျွတ် ပန်းချီ ပန်းပုပြပွဲကြီး၌ပန်းချီပညာရှင်များက စံပြမယ် လက်တွေ့ရေးဆွဲနေစဉ်။ (ကိုရဲ)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၇-၁-၂၀၁၃ (တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	မြတ်ဂုဏ်တော်သခင် (သန်းမြတ်စိုး၊ တေးရေး-မောင်မောင်လတ်)
၇း၂၅	ကျန်းမာဖို့အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၀၀	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၀	ကျန်းမာသန်ထွား ဉာဏ်မြင့်မား
၈း၄၀	International News
၈း၄၅	တေးဂီတအစီအစဉ်

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၃၀	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ရုက္ခဗေဒအထူးပြု)(ရုက္ခဗေဒ)
၄း၅၅	မြန်မာစာ၊ မြန်မာစကား
၅း၂၀	ဘုံတလာရေတံခွန်သို့ အလည်တစ်ခေါက်
၅း၄၀	ရုပ်မြင်ရသတေးစုကဏ္ဍ
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၆း၂၀	ဆိုကြမယ် ပျော်ကြမယ်
၇း၀၀	နိုင်ငံခြားဇာတ်လမ်းတွဲ **ရှုမငြီးတဲ့ ချစ်သမီး** (ဒုတိယတွဲ) (အပိုင်း-၁၀)
၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၉း၀၀	မြန်မာရုပ်ရှင် **ဆောင်း** (အပိုင်း-၃) ထွန်းဝေ၊ ညွန့်ဝင်း၊ စံရှားတင်၊ နှင်းဆီ၊ စမ်းစမ်းဝင်း (ဒါရိုက်တာ-အေဝမ်းမောင်လှမျိုး)
၁၀း၀၀	ပြည်တွင်းသတင်း **ရယ်စရာတစ်ကွက်စာ** (Mr.Bean ကာတွန်းအစီအစဉ်) (အပိုင်း-၂၃)
-	အိန္ဒိယရုပ်ရှင် **ဘဝထဲကအိပ်မက်** (အပိုင်း-၃) (ဇာတ်သိမ်း)

၂၀၁၄ ခုနှစ်လူဦးရေနှင့်အိမ်အကြောင်း သန်းခေါင်စာရင်းသိကောင်းစရာ

သန်းခေါင်စာရင်းကောက်ယူသည့် ရည်ရွယ်ချက်

- **နိုင်ငံတော်၏ လူမှုရေး၊ စီးပွားရေး စီမံခန့်ခွဲရေးကိစ္စရပ်များအတွက် မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံထားရမည့် လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို ရရှိရန် ဖြစ်ပါသည်။**

မွေးနေ့ဆုတောင်း

ထား ၏ ၇-၁-၂၀၁၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် ပျော်ရွှင်ချမ်းမြေ့စွာဖြင့် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မောင်

လွတ်လပ်ရေးနေ့ အားကစားပြိုင်ပွဲများ ကျုံဒိုးမြို့တွင် ကျင်းပ

ကျုံဒိုး ဇန်နဝါရီ ၆

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျုံဒိုးမြို့၌ ဇန်နဝါရီ ၄ရက်တွင် ကျရောက်သော (၆၅)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျုံဒိုးမြို့ အမှတ်(၁)ရပ်ကွက် သစ်လွင်လမ်းမှ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးစံနှင့် ရပ်မိရပ်ဖများဦးစီး၍ ငါးနှစ်အောက် မူကြိုကလေးများ၏ မုန့်စားပြိုင်ပွဲများ၊ တာတိုပြိုင်ပွဲများ၊ ၁၃ နှစ်အောက်ကလေးများကို ခြေသုံးချောင်းထောက်ပြိုင်ပွဲများ၊ အာလူးကောက်ပြိုင်ပွဲများ၊ အိတ်စွပ်ပြိုင်ပွဲများ၊ ချောတိုင်တက်ပြိုင်ပွဲများ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲများ၊ တာဝေးပြေးပြိုင်ပွဲများကို ကျင်းပပြုလုပ်ပေးခဲ့သည်။ **(အောက်ပုံ)**

ပြိုင်ပွဲတွင် ဆုရရှိသောကလေးသူငယ်နှင့် လူကြီးများကို ညနေ ၆ နာရီတွင် ဆုများချီးမြှင့်ပေးခဲ့ပြီး ဆုရရှိသည့် ပြိုင်ပွဲဝင်များကို ပျော်ရွှင်အောင် မဲများပြုလုပ်၍ အထူးဆုများကို ချီးမြှင့်ခဲ့သည့်အပြင် မိန်းကလေးလွန်ဆွဲပွဲတွင် သူတစ်ပြန်၊ ကိုယ်တစ်ပြန် အနိုင်ရရှိရေးအတွက် အနိုင်မခံ အရှုံးမပေး နာရီဝက်ကြာအောင် ပြိုင်ပွဲဝင်ခဲ့သော ပြိုင်ပွဲဝင်အဖွဲ့အား မိဘပြည်သူများက ဆုများထိုက်တန်စွာ ချီးမြှင့်ပေးခဲ့သည်။ အလားတူ အမှတ်(၂)ရပ်ကွက်၊ ပြည်သူ့ စစ်ဝင်းအတွင်း မြို့နယ်စည်ပင်မှ ဦးထွန်းအောင်ဦး(ခ) တပ်ပဲနှင့် ရပ်မိရပ်ဖများကလည်း အားကစားပြိုင်ပွဲများ ကျင်းပပြုလုပ်ပေးခဲ့ကြောင်း သိရှိရသည်။

(နိုင်နိုင်ထွန်း)

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး





အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ညီ၊ ညီမများ၏ ချစ်ခင်လေးစားအပ်ပါသော အစ်ကိုကြီး ဗိုလ်မှူးကြီးတင်ရှိန်(ငြိမ်း) အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ၄-၁-၂၀၁၃ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃)ဖြင့် **သုဓမ္မမဏိဇောတဓရ** ဘွဲ့တံဆိပ်ကို ထိုက်တန်စွာ ချီးမြှင့်ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် မမအေးမွန်ရှိန်နှင့် အတူတူ သာသနာ့အကျိုးများကို ဆတက်ထမ်းပိုး ဆက်လက်ထမ်းဆောင်နိုင်ပါစေကြောင်း ဆုတောင်းဂါရဝပြုလိုက်ပါသည်။

ညီ၊ညီမများ
- **ဦးသန်းအောင်-ဒေါ်မိုးမိုး**
- **ဦးတင်အောင်ဝင်း-ဒေါက်တာလွင်လွင်မွန်(မြိတ်)**
- **Capt. ညွန့်ဝင်း-ဒေါက်တာဝတ်ရည်ဆန်း**
- **Capt. အောင်လှိုင်ဦး-ဒေါ်ခိုင်သင်းမွန်နှင့် တူ၊ တူမများ**

စာေသစ္စာဦး ၏
အိပ်မက်ရှင်သခင်မ
လုံးချင်းဝတ္ထုအသစ်
ထွက်ပြီ။

ပျောက်ဆုံးကြောင်း

ဦးဉာဏ်ဝိန္ဒ ၁၁/ရသတ(သ)၀၀၀၂၇၀သည် တာမွေမှ ပုလဲမြို့သစ်သို့အသွား Taxi ကားပေါ်တွင် သာသနာနှင့် ပတ်သက်သည့် စာရွက်စာတမ်းများ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉-၇၃၂၄၉၄၈၇၊ ၀၉-၄၇၂၁၅၈၃၀

ကျောင်းသင်ခန်းစာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ ဦးစီးဌာန
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့ဦးစီးဌာနတို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု သိမှတ်ဖွယ်ရာ မြန်မာစာဘာသာသင်ခန်းစာကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင်စာမေးပွဲ

သိမှတ်ဖွယ်ရာ မြန်မာစာ

မင်္ဂလာပါတပည့်တို့-

ဒီကနေ့ပို့ချမှာကတော့ တက္ကသိုလ်ဝင်စာမေးပွဲအတွက် "မြန်မာစာမေးခွန်းလွှာ" ဆိုင်ရာ သိမှတ်ဖွယ်ရာများ ဖြစ်ပါတယ်။ ဒီပို့ချချက်ဟာ ပြဋ္ဌာန်းစာတွေကို လေ့လာကျက်မှတ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမယ့် ကျောင်းသူ ကျောင်းသားများအတွက် အထောက်အကူပြုဖို့ ရည်ရွယ်ပါတယ်။

တက္ကသိုလ်ဝင်မြန်မာစာမှာ ပြဋ္ဌာန်းစာအုပ်(၄)အုပ် ပြဋ္ဌာန်းထားပါတယ်။ အဲဒီစာအုပ်တွေကတော့-မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆)၊ မြန်မာစကားပြေလက်ရွေးစင်၊ မြန်မာကဗျာလက်ရွေးစင်နဲ့ ရေသည်ပြဇာတ်တို့ ဖြစ်ပါတယ်။ ပထမအနေနဲ့ စာမေးပွဲဖြေဆိုမယ့် ကျောင်းသူ ကျောင်းသားများဟာ မြန်မာစာမေးခွန်းပုံစံကို လေ့လာသိရှိထားဖို့ လိုအပ်ပါတယ်။ မြန်မာစာမေးခွန်းဟာ (၃)နာရီမေးခွန်း ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်းကြီး (၆)ပုဒ် မေးထားပါတယ်။ သဒ္ဒါ(၁)ပုဒ်၊ ဝေါဟာရ အလင်္ကာ (၁)ပုဒ်၊ ကဗျာဓမ္မဓိဋ္ဌာန်နဲ့ ကဗျာမေးခွန်းရှည်(၁)ပုဒ်၊ စကားပြေဓမ္မဓိဋ္ဌာန်နဲ့ စကားပြေမေးခွန်းရှည် (၁)ပုဒ်၊ ပြဇာတ်မေးခွန်း(၁)ပုဒ်၊ စာစီစာကုံး မေးခွန်း(၁)ပုဒ်တို့ ဖြစ်ပါတယ်။ အဲ့ဒီမေးခွန်း(၁)ပုဒ်စီမှာ မေးခွန်းပုဒ်ခွဲများပါဝင်မှာ ဖြစ်ပါတယ်။ မေးခွန်း(၁)ကတော့ မြန်မာသဒ္ဒါ ပြဋ္ဌာန်းစာ အတွဲ(၂) အခန်း(၆)ကို အခြေခံထားတဲ့မေးခွန်းဖြစ်ပါတယ်။ (က)၊ (ခ)၊ (ဂ) ဆိုပြီး မေးခွန်းပုဒ်ခွဲ (၃)ခုခွဲပြီး မေးထားတယ်။

ပုဒ်ခွဲ(က)မှာ မြန်မာစကားဆိုင်ရာသိမှတ်ဖွယ်ရာအခန်းများပါတဲ့ မေးခွန်း(၅)ခု မေးထားပြီးတော့ (၁)ခု ဖြေရမှာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာ အုတ်ခွက်စာ၊ မင်စာစတဲ့ စာအမျိုးမျိုး၊ ဇကွဲပြောင်းလဲပုံ၊ နငယ် ပြောင်းလဲပုံ၊ အ ပြောင်းလဲပုံ အစရှိတဲ့ အက္ခရာပုံသဏ္ဌာန် ပြောင်းလဲပုံတွေ၊ ဒီနေရာမှာ ပေစာပုရပိုက်စာတို့ ဇကွဲပြောင်းလဲပုံတို့ ဖြေရင် ကျက်ထားသမျှကို အစီအစဉ်တကျ ရေးပြရမှာ ဖြစ်ပါတယ်။ သာဓကအနေနဲ့ ပေစာ၊ ပုရပိုက်စာကို ဖြေမယ်ဆိုကြပါစို့။ ပေစာ၊ ပုရပိုက်စာတို့ကို စာရေးကိရိယာအဖြစ် ပုဂံခေတ်ကပင် စတင်အသုံးပြုခဲ့ကြမယ်လို့ ယုံကြည်ရတယ်။ သို့သော် နှစ်ကာလအလွန်ကြာညောင်းပြီဖြစ်လို့ ထိုခေတ်က ပေ၊ ပုရပိုက်တို့ကို တွေ့နိုင်ရန် မလွယ်ကူတော့ချေ။ အစောဆုံးအနေနှင့် မြန်မာသက္ကရာဇ် ၁၀၀၀ ခန့် (အေဒီ ၁၇ ရာစု)က ရေးခဲ့သည့် ပေများကို တွေ့နိုင်တယ်။ ဒါကြောင့် သက္ကရာဇ် ၁၀၀၀ မှ ယနေ့ ၁၃၀၀ ကျော်အတွင်း ရေးသားခဲ့တဲ့ အက္ခရာတို့ရဲ့ ပုံသဏ္ဌာန်ကို ထိုပုရပိုက်များတွင်လည်း တွေ့နိုင်တယ်ဆိုတဲ့ အချက်တွေကို ပြည့်ပြည့်စုံစုံ ဖြေဆိုရမှာဖြစ်တယ်။

ဒီလိုပဲ နာမ်ကိုဖြေရင် နာမ်ရဲ့အဓိပ္ပာယ်တွေကို ဖွင့်ပြရပါမယ်။ သက်ရှိ၊ သက်မဲ့၊ ဒြပ်ရှိ၊ ဒြပ်မဲ့တို့၏ အမည်ဟူသမျှကို နာမ်လို့ခေါ်တယ်။ အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးနှင့် ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုး ရှိတယ်။ ပြီးတော့ အနက်အဓိပ္ပာယ်အရ နာမ်(၄)မျိုးကို အမျိုးအစားတစ်ခုချင်းကို သာဓကနှင့်တကွ ဖော်ပြပေးရပါမယ်။ ဖွဲ့စည်းတည်ဆောက်ပုံအရ နာမ်(၄)မျိုးကိုလည်း အမျိုးအစားတစ်ခုချင်းကို သာဓကနှင့်တကွ ဖော်ပြပေးရပါမယ်။

အဲ့ဒီလို သာဓကတွေနဲ့ ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် ဖြေဆိုရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ လိုအပ်တဲ့ နေရာတွေမှာ သာဓကဆောင်နိုင်အောင် သာဓကများကိုလည်း ကျက်မှတ်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁ (ခ)ကတော့ သဒ္ဒါလေ့ကျင့်ခန်းမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ မေးခွန်း (၆)ခု မေးပြီးတော့ (၄)ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ဒီမေးခွန်းကို ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို အထပ်ထပ်အခါခါ လေ့ကျင့်ထားဖို့အပြင် မေးခွန်းကိုသေချာဖတ်ပြီး မေးထားတဲ့အတိုင်း အတိအကျဖြေပေးရမယ်။

သာဓကပြရမယ်ဆိုရင် အောက်ပါတို့မှ လေးခုကိုရွေးချယ်၍ မည်သည့်ကြိယာဖြစ်ကြောင်းပေးထားတဲ့ "ရေး၊ ကျက်၊ တည်ရှိ၊ သာယာ၊ စားသောက်၊ ပူဇော်" တို့ကို ဖြေမယ်ဆိုရင် "ရေး"သည် ပြုခြင်းပြကြိယာ၊ "ကျက်"သည် ဖြစ်ခြင်းပြကြိယာ၊ "တည်ရှိ"သည် ရှိခြင်းပြကြိယာ၊ "သာယာ"သည် ဂုဏ်ရည်ပြကြိယာ၊ "စားသောက်"သည် ပေါင်းစပ်ကြိယာ၊ "ပူဇော်" သည် ပင်ကိုကြိယာဖြစ်ကြောင်း တိတိကျကျဖြေဆိုနိုင်အောင် ကျက်မှတ်လေ့ကျင့်ထားရမှာ ဖြစ်ပါတယ်။

မေးခွန်း ၁ (ဂ)ကတော့ သဒ္ဒါကို အမှန်တကယ်နားလည်တတ်ကျွမ်းမှု ရှိ၊ မရှိ စမ်းသပ်တဲ့မေးခွန်းဖြစ်တယ်။ ဒီမေးခွန်းမှာ (၅)ခုမေးပြီး (၃)ခု ဖြေရမှာဖြစ်ပါတယ်။ များသောအားဖြင့် သဒ္ဒါအမျိုးအစားတွေ ပေးထားပြီးတော့ ဝါကျဖွဲ့ခိုင်းလေ့ရှိပါတယ်။

"ကဲ့သို့" ဆိုတဲ့ ဥပမာပစ္စည်းကို ဝါကျဖွဲ့ခိုင်းရင် "မောင်မောင်ကဲ့သို့ မောင်လှလည်း စာတော်သည်။" လို့ ဝါကျဖွဲ့ရမှာ ဖြစ်ပါတယ်။ ဒီနေရာမှာ "မောင်မောင် စာကြိုးစားသကဲ့သို့ မောင်လှလည်းစာကြိုးစားသည်။" ဆိုရင် မှားပါတယ်။ "ကဲ့သို့" ကို "သကဲ့သို့"အဖြစ် ပြောင်းလဲမရေးရပါ။ "အတိုင်း" ဆိုတဲ့ ဥပမာပစ္စည်းကိုလည်း "မောင်မောင်ပြောသည့်အတိုင်း မောင်လှလုပ်သည်။" ဆိုရင်မှားပါတယ်။ "အတိုင်း"ကို "ပြော" ကြိယာနဲ့ တွဲသုံးထားလို့ နာမ်ပစ္စည်း မဟုတ်တဲ့အတွက် မှားပါတယ်။ "မောင်မောင်အတိုင်း မောင်လှလည်း စာကြိုးစားသည်" ဆိုတဲ့ဝါကျမှ မှန်ပါတယ်။ ဝါကျဖွဲ့တဲ့အခါမှာ ဝါကျတွေမှန်ဖို့ လိုပါတယ်။ ပုဒ်ခွဲ(ခ)နဲ့ ပုဒ်ခွဲ(ဂ) မေးခွန်းတွေကို မှန်မှန်ကန်ကန် ဖြေဆိုနိုင်ဖို့အတွက် သဒ္ဒါလေ့ကျင့်ခန်းတွေကို ကျေညက်နေရမှာ ဖြစ်ပါတယ်။

မေးခွန်း(၂)ကတော့ စကားပြေ၊ ကဗျာနဲ့ ပြဇာတ်ဆိုတဲ့ ပြဋ္ဌာန်းစာတွေထဲက ဝေါဟာရတွေ၊ အလင်္ကာတွေကို ထုတ်နုတ်ပြီး မေးမှာဖြစ်ပါတယ်။ ၂ (က)မှာ စာသုံးပေသုံးရှေးသုံးဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်ခိုင်းပါတယ်။ ဒီမေးခွန်းမှာ (၈)ခု ပေးထားပြီး (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ပြဋ္ဌာန်းစာပါအတိုင်း အဓိပ္ပာယ်ဖွင့်ဆိုဖို့ လိုအပ်ပါတယ်။ အဓိပ္ပာယ်ဖွင့်ပုံတိကျဖို့လည်း လိုအပ်ပါတယ်။ ဝေါဟာရရဲ့သဒ္ဒါအမျိုးအစားနဲ့ ကိုက်ညီတဲ့ အဓိပ္ပာယ်ဖြစ်ဖို့လည်း လိုအပ်ပါတယ်။ ဒီမေးခွန်းအတွက် ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်တွေကို သေသေချာချာကျက်ထားရင် လုံလောက်နိုင်ပါတယ်။

သာဓကအနေနဲ့ မေးခွန်းတစ်ခု ဖြေပြပါမယ်။ "နံ့ရှား" ဆိုတဲ့ဝေါဟာရကို အနက်ဖွင့်မယ်ဆိုရင် ပြဋ္ဌာန်းစာမှာပါတဲ့အတိုင်း "ရနံ့မွှေးကြိုင်သည်" ဆိုပြီးတော့ဖွင့်ရပါမယ်။ "နံ့ရှား"သည် ကြိယာဖြစ်တဲ့အတွက်ကြောင့်မို့လို့ အဖွင့်သည် ကြိယာအနက်ပဲ ဖြစ်ရပါမယ်။ ကိုယ့်အဓိပ္ပာယ်နဲ့ကိုယ် ဖွင့်တာမျိုးတွေ၊ နာမ်အနက်မဟုတ်ဘဲ နာမဝိသေသနအနက်၊ ကြိယာဝိသေသနအနက် စသည်ဖြင့် အနက်ပြောင်းဖွင့်တာမျိုးတွေ မဖြစ်သင့်ပါဘူး။ ကြိယာအနက် မဖွင့်ဘဲနဲ့ "ရနံ့မွှေးကြိုင်သော"လို့ ဖွင့်လိုက်ရင် နာမဝိသေသနသဘော သက်ရောက်သွားပါမယ်။ ဒါကြောင့်မို့လို့ စာသုံးပေသုံးရှေးသုံး ဝေါဟာရတွေ အနက်ဖွင့်တဲ့အခါမှာ အဓိပ္ပာယ်ရှိဖို့နဲ့ သဒ္ဒါမှန်ကန်ဖို့ အထူးလိုအပ်တယ်ဆိုတာ သတိပြုရပါမယ်။

မေးခွန်း၂ (ခ)မှာတော့ ယနေ့ခေတ်သုံးဝေါဟာရတွေကို ဝါကျဖွဲ့ခိုင်းတာ ဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း (၈)ခုမေးပြီးတော့ (၅)ခု ဖြေရမှာဖြစ်ပါတယ်။ ဝါကျဖွဲ့ရာမှာ ပြဋ္ဌာန်းစာမှာသုံးတဲ့ အဓိပ္ပာယ်မျိုးပဲ ဖြစ်ရပါမယ်။ ဝေါဟာရရဲ့ သုံးစွဲပုံအနက်ပေါ်လွင်တဲ့ ဝါကျမျိုးလည်းဖြစ်ရပါမယ်။ ဆိုကြပါစို့ "ထည်ဝါ"ဆိုတဲ့ဝေါဟာရကို ဝါကျဖွဲ့ရင် "မိဖုရားခေါင်ကြီးမယ်နု ဆောက်လုပ်လှူဒါန်းခဲ့သော အုတ်ကျောင်းမှာ "ထည်ဝါ"လှသည်" ဆိုတဲ့ဝါကျမျိုး ဖြစ်ရပါမယ်။ "ထည်ဝါဟူသည်မှာ ခံ့ညားကြီးကျယ်သည်" ဆိုတဲ့ဝါကျမျိုး မဖြစ်သင့်ပါဘူး။ ဒီလိုဝါကျမျိုးဆိုလို့ရှိရင် ဝေါဟာရရဲ့ အနက်အဓိပ္ပာယ်နဲ့ ဝါကျဖွဲ့ပုံ မပေါ်လွင်တော့ပါဘူး။ ဝါကျဖွဲ့တဲ့အခါ အဓိပ္ပာယ်ပြည့်စုံဖို့ လိုအပ်ပါတယ်။ "ပန်းလိုမွှေးပါစေ" ဆိုတဲ့ ကတ္တားမပါတဲ့ ဝါကျမျိုးလည်း မဖြစ်သင့်ပါဘူး။

မေးခွန်း၂ (ဂ) ကတော့ အလင်္ကာမေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာ ဥပမာ၊ ရူပက၊ ဝက်ဝုတ္တိ၊ အတိသယဝုတ္တိ၊ မြည်သံစွဲအစရှိတဲ့ အလင်္ကာအမျိုးအမည်တွေကို ဖော်ပြပေးထားပါတယ်။ မေးခွန်း(၈)ခု မေးပြီးတော့ (၅)ခုဖြေဆိုရမှာ ဖြစ်ပါတယ်။ ဖြေဆိုတဲ့အခါမှာ ဒီအလင်္ကာကို ဘယ်ပြဋ္ဌာန်းစာမှာ ဘယ်အကြောင်းနဲ့ ဆက်စပ်သုံးတယ်၊ ဘာ့ကြောင့် ဒီအလင်္ကာမြောက်တယ် ဆိုတာတွေကို ဖြေရမှာဖြစ်ပါတယ်။

ဖြေတဲ့အခါမှာလည်း ဥပမာအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုခိုင်းနှိုင်းဖွဲ့ဆိုကြောင်း ရူပကအလင်္ကာကိုဖြေရင် အနှိုင်းခံနဲ့အနှိုင်းကို ဘယ်လိုထပ်တူပြုထားကြောင်း၊ ဝက်ဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုတိုက်ရိုက်မရေးဘဲ သွယ်ဝိုက်ရေးထားကြောင်း၊ အတိသယဝုတ္တိအလင်္ကာကိုဖြေရင် ဘယ်လိုအလွန်အကြူးရေးထားကြောင်း၊ မြည်သံစွဲအလင်္ကာဖြေရင် ဘာမြည်သံကို ထည့်သွင်းဖွဲ့ဆိုထားကြောင်းဆိုတဲ့ သက်ဆိုင်ရာအလင်္ကာရဲ့ သတ်မှတ်အသုံးအနှုန်းတွေကို သုံးစွဲပြီးရှင်းပြရမှာဖြစ်ပါတယ်။

ဒီနေရာမှာ အလင်္ကာတစ်ခုကို သာဓကအနေနဲ့ ဖြေဆိုပြပါမယ်။ "မျက်နှာငွေလ" ဆိုတဲ့ ရူပကအလင်္ကာကို ဖြေမယ်ဆိုရင် ဤအလင်္ကာကို သောနုတ္တရမုဆိုးနှင့် ဆဒ္ဒန်ဆင်မင်း စကားပြေတွင် ဆဒ္ဒန်ဆင်မင်းက မိမိ၏အစွယ်ကို မုဆိုးထံအပ်ပြီး သုဘဒ္ဒါမိဖုရား ဝမ်းမြောက်ပါလေတော့ဟု သောနုတ္တရမုဆိုးမှတစ်ဆင့် မှာကြားပုံနှင့်ဆက်စပ်၍ သုံးထားခြင်းဖြစ်ပါသည်။ ကြည်လင်ရွှန်းမြ၍ စိတ်နှလုံးကြည်နူးစေတတ်သည့် မျက်နှာ(အနှိုင်းခံ)နှင့် ငွေလ (အနှိုင်း) တို့ကို ဂုဏ်ရည်တူချင်း ထပ်တူပြုဖွဲ့ဆိုထားသောကြောင့် ရူပကအလင်္ကာမြောက်ပါသည်လို့ဖြေရပါမယ်။ ဂုဏ်ရည်တူ နာမ်နှစ်ခုကို ထပ်တူပြုဖွဲ့ဆိုထားတာဖြစ်တယ်။ ဒီစကားပြေမှာ ဗာရာဏသီမင်း၏မိဖုရားသည် သုဘဒ္ဒါ အမည်သာဖြစ်တယ်။ စူဠသုဘဒ္ဒါမှာ ဆင်မဘဝက အမည်သာဖြစ်ပါတယ်။

မေးခွန်း(၃)ကတော့ ကဗျာလက်ရွေးစင်ထဲက ကဗျာဆိုင်ရာမေးခွန်းများဖြစ်တယ်။ ပုဒ်ခွဲ(က)မှာ ဓမ္မဓိဋ္ဌာန် မေးခွန်းတွေ မေးထားတယ်။ ဓမ္မဓိဋ္ဌာန်မေးခွန်းတွေအတွက် ကဗျာတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆို အကြောင်း၊ ကဗျာရေးတဲ့ခေတ်၊ ကဗျာအမျိုးအစား၊ ကဗျာအကြောင်းနဲ့ ကဗျာ့သဘော၊ ကဗျာမှာပါတဲ့ အချက်အလက်နဲ့ အနက်အဓိပ္ပာယ်၊ ကဗျာနဲ့သက်ဆိုင်တဲ့ ထူးခြားချက်တွေကို လေ့လာကျက်မှတ်ထားဖို့ လိုအပ်ပါတယ်။ ဆိုကြပါစို့။ ရွှေနှင့်ယိုးမှားပန်းစံကားကဗျာကို ပုဂံခေတ်တွင်ရေးခဲ့ကြောင်း၊ ဌာနီပြည်ကြီးက ဝေးသနှင့် ကဗျာအမျိုးအစားမှာ ညည်းချင်းကဗျာဖြစ်ကြောင်း ဆိုတာတွေအပြင် ကဗျာမိတ်ဆက်မှာပါတဲ့ ကာချင်း၊ တျာချင်း၊ ရှစ်ဆယ်ပေါ်အဲ အစရှိတဲ့ ကဗျာအမျိုးအမည်တွေရဲ့ အနက်အဓိပ္ပာယ်များကအစ သိမှတ်ဖွယ်ရာတွေကို မှတ်သားထားဖို့ လိုအပ်ပါတယ်။

မေးခွန်း(၃)ပုဒ်ခွဲ(ခ)ကတော့ ရှင်းလင်းဆွေးနွေးရတဲ့ မေးခွန်းဖြစ်တယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့နဲ့ ရရှိတဲ့သုတရသတွေကို လေ့လာထားရပါမယ်။

အရေးအကြီးဆုံးအဓိကအချက်ကတော့ ဖြေဆိုရာမှာ မေးခွန်းနဲ့ဘောင်ဝင်ဖို့ပဲ ဖြစ်ပါတယ်။ ကဗျာပါ အကြောင်းအရာကို တိုက်ရိုက်မေးတာလား၊ ကဗျာစာဆိုကဘယ်လိုဖွဲ့ထားလဲလို့မေးတာလား၊ ဒီကဗျာနဲ့ပတ်သက်တဲ့ မိမိရဲ့အတွေးအမြင် ခံစားချက်ကို မေးတာလား စသည်ဖြင့် ကွဲကွဲပြားပြား သိဖို့လိုအပ်ပါတယ်။

တောင်သူကြီးကဗျာမှ တောင်သူကြီး၏ ဘဝနှင့်စိတ်ဓာတ်ဆိုတဲ့ မေးခွန်းကိုဖြေတဲ့အခါမှာ တောင်သူကြီး၏ စစ်သည်ဘဝ၊ မင်းမှုထမ်းကောင်းဘဝ၊ ယာလယ်လုပ်၍တောမှာပျော်သည့် တောင်သူကြီးဘဝ၊ စီးပွားရှာတတ်သည့် တောင်သူကြီးဘဝ၊ ကိုယ်တိုင်ချက်ပြုတ်စားသောက်သည့် လူပျိုကြီးဘဝ စသည်ဖြင့် ဘဝမျိုးစုံကျင်လည်နေရသူ ဖြစ်ကြောင်း။

စစ်သည်ဘဝတွင် ခွန်အားကြီးမားပြီး ရန်ဟူသမျှကို ချေဖျက်နိုင်သည့် စွမ်းရည်ထက်မြက်သည့် စိတ်ဓာတ်ရှိသူ၊ အရှင်သခင်၏ အမှုတော်ကို ကျေပွန်စွာထမ်းဆောင်လိုသည့် မင်းမှုထမ်းကောင်း စိတ်ဓာတ်ရှိသူ၊ မိမိနိုင်ငံကာကွယ်လိုသည့် စိတ်ဓာတ်ရှိသူ၊ အရေးတော်မရှောင်ထမ်းရွက်လိုသည့် နိုင်ငံသားကောင်းစိတ်ဓာတ်ရှိသူ၊ တိုင်းပြည် ငြိမ်းချမ်းသည့်အခါ ယာလယ်လုပ်၍ တောမှာပျော်မွေ့လိုသူ။

ကိုယ်တိုင်စိုက်ပျိုး၊ ကိုယ်တိုင်သားငါးရှာ၊ ကိုယ်တိုင်ချက်ပြုတ်လျက် ဖော်ရွေခင်မင်စွာ စေတနာဖြင့် ကျွေးမွေးလိုသည့် စိတ်ဓာတ်ရှိသူ၊ အလုပ်မရွေးထမ်းဆောင်လိုသည့်စိတ်ဓာတ်ဖြင့် ဘဝတွင် ပျော်ပျော်ရွှင်ရွှင်နေထိုင်လိုသည့် စိတ်ဓာတ်ရှိသူဖြစ်ကြောင်း ဘဝနှင့်စိတ်ဓာတ်တို့ကို ကဗျာစာသား အကိုးအကားများဖြင့် ယှဉ်တွဲဖော်ပြရေးသားရမှာ ဖြစ်ပါတယ်။

မေးခွန်းမှာပါတဲ့ တောင်သူကြီး၏ ဘဝနှင့်စိတ်ဓာတ် (၂)ပိုင်းလုံးပါအောင် ပြည့်စုံစွာဖြေဆိုတတ်ဖို့ အလွန်အရေးကြီးပါတယ်။ အဲဒီလိုမျိုးဖြေဆိုမှသာ ဖြေဆိုပုံစနစ်ကျပြီး ဦးတည်ချက်မှန်ကန်မှာဖြစ်တယ်။ ဒါကြောင့် ကဗျာမေးခွန်းကို သေချာဖတ်ပါ။ အရေးအဖွဲ့ပိုင်းကို ဦးတည်မေးသလား၊ အကြောင်းအရာပိုင်းကို ဦးတည်မေးသလား ဆိုတဲ့ မေးခွန်းသဘောကိုသိမှ မှန်ကန်တဲ့အဖြေ၊ ဂုဏ်ထူးရနိုင်တဲ့ အဖြေမျိုးဖြစ်မှာပါ။ အမေးနဲ့အဖြေ လွဲနေရင်တော့ အောင်မှတ်ရမှာ မဟုတ်ပါဘူး။ ကဗျာဖြေရင် အထူးသတိပြုရမယ့်အချက်ကတော့ သင့်လျော်ရာ ကဗျာစာသား အကိုးအကားများကို ထည့်သွင်းဖြေဆိုဖို့ပဲ ဖြစ်ပါတယ်။

မေးခွန်း(၄)ကိုတော့ မြန်မာစကားပြေလက်ရွေးစင်ထဲကမေးပါမယ်။ မေးခွန်း(၄)မှာ ပုဒ်ခွဲ(က) နဲ့ (ခ)ဆိုပြီး နှစ်ပိုင်း ပါဝင်ပါတယ်။ ပုဒ်ခွဲ(က)က ဓမ္မဓိဋ္ဌာန်မေးခွန်း ဖြစ်ပါတယ်။ ဒီနေရာမှာလည်း စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာရေးသူအကြောင်း၊ စကားပြေအကြောင်း၊ အဲဒီစကားပြေရေးတဲ့ခေတ်၊ ထုတ်နုတ်တဲ့စကားပြေ စာအုပ်အမည် စတဲ့စကားပြေဆိုင်ရာအချက်အလက်တွေကို လေ့လာကျက်မှတ်ထားရပါမယ်။ တိတိကျကျဖြေဆိုဖို့လည်း လိုအပ်ပါတယ်။

သာဓကပြရမယ်ဆိုရင် မိဖုရားဖွားစော၏နောက်ဆုံးရလိုသောဆုမှာ "နိဗ္ဗာန်ဆု" ဖြစ်ကြောင်း၊ စီးချင်းတိုက်ပွဲ စကားပြေကို မွန်ဘာသာမှမြန်မာဘာသာသို့ ပြန်ဆိုကြောင်း၊ သိပ္ပံမောင်ဝ၏ အမည်ရင်းမှာ "မောင်စိန်တင်" ဖြစ်ကြောင်း စတဲ့မေးခွန်းတိုအတွက် ဒီအဖြေများဟာ အမှတ်ပြည့်ရတာမို့ လေ့လာကျက်မှတ်ထားကြပါ။ ဓမ္မဓိဋ္ဌာန်

စာမျက်နှာ ၁၆ ကော်လံ ၁ သို့

7-1 (15).pmd 1 1/6/2013, 11:56 PM

ကျောင်းသင်ခန်းစာ

စာမျက်နှာ ၁၅ မှ

ဆိုတာ အဖြေတိကျမှအမှတ်ရတဲ့မေးခွန်းမျိုး ဖြစ်တယ်ဆိုတာကိုလည်း သတိပြုရပါမယ်။

မေးခွန်း(၄) ပုဒ်ခွဲ(ခ)မှာတော့ ရှင်းလင်းဆွေးနွေးရတဲ့ စကားပြေမေးခွန်းဖြစ်ပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသားနဲ့ သုတရသ သင်ခန်းစာတွေကို လေ့လာရမှာဖြစ်ပါတယ်။ ဒီ မေးခွန်းမှာလည်း ကဗျာမေးခွန်းတုန်းကလိုပဲ မေးခွန်းရဲ့ဦးတည်ချက်ကို ခွဲခွဲခြားခြားသိဖို့လိုအပ်ပါတယ်။ မေးထားတဲ့ မေးခွန်းဟာ အကြောင်းအရာကို ဦးတည်မေးတာလား၊ အရေးအဖွဲ့ကို ဦးတည်မေးတာလား အဲဒါတွေကို ကွဲကွဲပြားပြား နားလည်ရန် လိုအပ်ပါတယ်။

သာဓကအနေနဲ့ ၄(ခ)မေးခွန်းဖြစ်တဲ့ "မိခင်သောက" စကားပြေမှ ဥပမာအလင်္ကာအဖွဲ့များအကြောင်း မေးခွန်းကို တင်ပြလိုပါတယ်။ ဒီမေးခွန်းကိုဖြေတဲ့အခါမှာ ဒီစကားပြေမှာ ဥပမာအလင်္ကာဆယ်ခုရှိပြီး ဒီဥပမာအလင်္ကာ အဖွဲ့ကောင်းများကြောင့် မိခင်တစ်ဦး၏သောက ပေါ်လွင်စေကြောင်း၊ ဥပမာအလင်္ကာတစ်ခုစီကို မိခင်တစ်ဦး၏ ခံစားချက်နှင့်ယှဉ်တွဲ၍ ဝေဖန်သုံးသပ်ပြရန်ဖြစ်ပါတယ်။ သားသမီးတို့နှင့်အတူနေရသော ယခင်အခြေအနေနှင့် သားသမီးတို့ကို မတွေ့ရသော ယခုအခြေအနေတို့ကို နှိုင်းယှဉ်လျက် ပုံပန်းသဏ္ဌာန်အမူအရာပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၊စိတ်ခံစားမှုအခြေအနေပြ ဥပမာအလင်္ကာအဖွဲ့ကောင်းများ၏ အစွမ်းအာနိသင်တို့ကြောင့် မိခင်သောက ခံစားမှုအရှိန်တိုးမြင့်လာပုံ၊ သားပျောက်မိခင်တစ်ဦး၏ ဝေဒနာတိုး၍ဆိုး၍ ခံစားလာရပုံတို့ကို မိခင်တစ်ဦး၏ ကိုယ်နှုတ်အမူအရာမှတစ်ဆင့် စာဖတ်သူတို့ပါ ကူးစက်လာရပုံ၊ စိတ်မျက်စိ၌ ထင်မြင်လာပုံ၊ နှုတ်မှတတွတ်တွတ် မြည်တမ်းပုံတို့ကို စိတ်နားထဲကြားယောင်လာအောင် သရုပ်ဖော်တင်ပြရန်ဖြစ်ပါတယ်။ အမေးနဲ့ အဖြေကိုက်ညီဖို့ အရေးကြီးပါတယ်။

မေးခွန်း(၅)ကတော့ ရေသည်ပြဇာတ်မေးခွန်းဖြစ်ပါတယ်။ ဒီမေးခွန်းမှာလည်း ပုဒ်ခွဲ(က)နဲ့ (ခ) ဆိုပြီးတော့ ၂-ပုဒ် မေးထားပါတယ်။ ပုဒ်ခွဲ(က)မှာ စကားစပ်မေးပါတယ်။ စကားစပ်ကိုဖြေတဲ့အခါမှာတော့ ပေးထားတဲ့ စာပိုဒ်ဟာ ဘယ်အခန်းက စကားဖြစ်တယ်။ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့ စပ်ပြီး ဘယ်လိုပြောတယ်ဆိုတာကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ရေးနိုင်ရပါမယ်။ ဒီမေးခွန်းကိုဖြေနိုင်ဖို့အတွက် ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရပါမယ်။

"အလှည့်သင့်ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင်နိုင်သေးသပ၊ ကံဆိုင်လို့တကယ်၊ ချက်ကောင်းကိုတွယ်မိလျှင်၊ ရေသည်မောင်မောင်လူနေလှလို့၊ ရွှေချသလိုပြောင်လိမ့်မယ်။" ဆိုတဲ့ စာသားကို စကားစပ်အနေနဲ့ ဖြေမယ်ဆိုရင်

စာသားဟာ ဦးပုညရဲ့ ရေသည်ပြဇာတ် အခန်း(၁) သို့တည်းမဟုတ် ရေသည်ယောကျ်ား စကားဆိုခန်း အဲဒီအခန်းထဲက ထုတ်နှုတ်တဲ့စာပိုဒ်ဖြစ်ကြောင်း ပြောပြရပါမယ်။ ပြီးတော့စာပိုဒ်ကို ရေသည်ယောကျ်ားက ရေရောင်း ထွက်လာတဲ့အချိန် ဗာရာဏသီမြို့ မြောက်မျက်နှာအရပ်မှ ပင်ပန်းဆင်းရဲလှတဲ့ မိမိရဲ့ဘဝကို အားတင်းလိုခြင်းနဲ့ ဆက်စပ်ပြီး တစ်ကိုယ်တည်းပြောဆိုသောစကားဖြစ်သည်လို့ ဖြေရမှာဖြစ်ပါတယ်။ ဒီအဖြေမှာ မည်သည့်အခန်း၊ မည်သူက၊ မည်သူ့ကို၊ မည်သည့်အချိန်၊ မည်သည့်နေရာ၊ မည်သည့်အကြောင်းနဲ့စပ်လျဉ်းပြီး မည်သို့ပြောတယ်ဆိုတဲ့ စကားစပ်ရဲ့ အချက်(၆)ချက်စလုံး ပါဝင်တာကို တွေ့ရပါမယ်။စကားစပ်(၆)ချက်ကို ပြည့်စုံအောင် ဖြေနိုင်ရင် အမှတ်ပြည့်ရမှာ ဖြစ်ပါတယ်။

စကားစပ်ကိုဖြေတဲ့နေရာမှာ သိထားရမယ့်အချက်အလက်တွေရှိပါတယ်။ အဲဒါကတော့ မည်သည့်အခန်းက ဆိုတာကို ဖော်ပြတဲ့အခါမှာ အခန်း(၁)၊ အခန်း(၂) စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် ရေသည်ယောကျ်ား စကားဆိုခန်း၊ ရေသည်မိန်းမစကားဆိုခန်း၊ ရေသည်ယောကျ်ား ရေရောင်းထွက်သောအခန်း စသည်ဖြင့် အခန်းရဲ့ အမည်ကိုလည်း ဖော်ပြနိုင်ပါတယ်။ ဒါမှမဟုတ် အခန်း(၅) အိမ်ရှေ့မင်းနောင်တရခန်း စသည်ဖြင့် အခန်းအမှတ်ရော၊ အခန်းအမည်ရော နှစ်မျိုးလုံးတွဲပြီးတော့လည်း ဖော်ပြလို့ရပါတယ်။

စကားစပ်မှာ နောက်ထပ်သတိပြုရမယ့်အချက်တွေကတော့ တစ်ကိုယ်တည်းစကားတွေကို ဖြေဆိုတဲ့အခါမှာ ဘယ်သူက ဘယ်သူ့ကိုဆိုတာကို ရှာဖွေနေစရာ၊ ပြောစရာမလိုပါဘူး။ မိမိတစ်ကိုယ်တည်းပြောသော စကားဖြစ်သည်လို့ဖြေရင် လုံလောက်ပါတယ်။ အချိန်ကိုလည်း နံနက်အချိန်၊ မွန်းတည့်ချိန် စသည်ဖြင့်ဖော်ပြနိုင်သလို ရေသည်မိန်းမ ရေရောင်းထွက်ချိန်၊ ရေသည်ယောကျ်ား ရေရောင်းထွက်ချိန် စသည်ဖြင့် ဖော်ပြနိုင်ပါတယ်။ ရေသည်ယောကျ်ား နေပူထဲ ပြေးလွှားနေတာကို ဥဒယမင်းကြီး ရွှေမှန်ပြောင်းနဲ့ ကြည့်တဲ့အချိန်ဟာ မွန်းတည့်ချိန်ဖြစ်တယ်။ ရေသည် ပြဇာတ်မှာ မွန်းတည့်ချိန်ကလွဲပြီး ကျန်အချိန်များကို အတိအကျမဖော်ပြထားတဲ့အတွက် ဖြစ်ရပ်ကို အချိန်လုပ် ပြောရမှာဖြစ်တယ်။ ဥပမာ- ရေသည်ယောကျ်ားအိမ်ရှေ့မင်းနှင့် ဥဒယမင်းကြီး ဥယျာဉ်ကစားထွက်ချိန်၊ အိမ်ရှေ့မင်း တောထွက်ရန် ခွင့်ပန်ချိန် စသဖြင့် ပြောရမှာဖြစ်တယ်။

နောက်တစ်ခုကတော့ စကားစပ်မှာဖြေရမယ့် ဆိုလိုရင်းအဓိပ္ပာယ်ကိစ္စဖြစ်ပါတယ်။ ပေးထားတဲ့စာပိုဒ်ရဲ့ အဓိပ္ပာယ်ကို ဖြေရတဲ့အခါမှာ သတိပြုရမယ့်အချက်ကတော့ မူရင်းစာပိုဒ်အတိုင်းပြန်မရေးရပါဘူး။ဆိုကြပါစို့ "အလှည့်သင့် ချက်ပိုင်၊ ကြက်ကန်းခွပ်လို့၊ ပွဲကျွတ်အောင်နိုင်သေးသပ"ဟုဆိုတာမျိုး ဖြေလို့မရပါဘူး။ အဲဒီလိုမူရင်းစာကို သည်တွေ၊ ၏တွေထည့်ပြီး ဖြေဆိုတာမျိုးလည်း မဖြစ်သင့်ပါဘူး။

"ရေသည်ယောကျ်ားသည် အလှည့်သင့်ချက်ပိုင်သည်။ ကြက်ကန်းခွပ်လို့ ပွဲကျွတ်အောင်နိုင်သေးသည်။ ကံဆိုင်လို့ တကယ်ချက်ကောင်းကိုတွယ်မိသည်။" စသည်ဖြင့် သည်တွေ၊ ၏တွေထည့်ပြီး ဖြေတာမျိုးဟာ ဆိုလိုရင်းအဓိပ္ပာယ်ကို မသက်ရောက်ပါဘူး။ အဲဒီလိုပဲ မပါတဲ့အချက်တွေ ပေးထားသောစာပိုဒ်မှာ ထည့်သွင်းဖော်ပြထားခြင်းမရှိတဲ့ အချက်တွေကို ထည့်ပြီးတော့မရေးရပါဘူး။ ဆိုကြပါစို့ "ရေသည်မောင်မောင်သည် ရွှေချသလိုပြောင်လိမ့်မည်။"၊ "ယခုအခါမှာတော့ ရေချိုနှင့် ဆန်လဲရအောင် ရေချိုရောင်းထွက်တော့မည်။"စသည်ဖြင့် မပါတဲ့စကားကို ဆက်ပြီး ထည့်ရေးတာမျိုး မဖြစ်သင့်ပါဘူး။ ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေတဲ့အခါမှာ မိမိစကားပြေနဲ့ ပြေပြေပြစ်ပြစ် ပြန်လည်ရေးသားဖို့တော့ အထူးလိုအပ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီမေးခွန်းတွေဖြေနိုင်ဖို့ ပြဇာတ်ကို ကျေညက်နေအောင် လေ့လာထားရုံမျှသာမက ကိုယ့်စကားနဲ့ကိုယ် ပြန်လည်ရေးတတ်ဖို့ လေ့ကျင့်ထားဖို့လည်း လိုအပ်ပါတယ်။

မေးခွန်း(၅) ပုဒ်ခွဲ (ခ)မှာတော့ ရေသည်ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို မေးမှာဖြစ်ပါတယ်။ ပြဇာတ်ရဲ့ အကြောင်းအရာကဏ္ဍကို ၂-ပိုင်းခွဲလို့ ရပါတယ်။

(၁) ကတော့ ဇာတ်လမ်းအဖြစ်အပျက်ပိုင်း ဖြစ်ပါတယ်။

(၂) က ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်လမ်းအဖြစ်အပျက်ပိုင်းမှာ ၅ ပိုင်းရှိပါတယ်။

(၁) ရေသည်ယောကျ်ားနှင့် ရေသည်မိန်းမဆင်းရဲပုံ

(၂) က- ရေသည်ယောကျ်ား ငွေလေးရွှေးတပ်မက်ပုံ

(၃) က- ဥဒယမင်းအား သတ်ရန်ကြံစည်ပုံ

(၄) က- အိမ်ရှေ့မင်းသား သတိသံဝေဂ ရပုံနဲ့

(၅) က- တောထွက်ရန်ပြောဆိုပုံတို့ ဖြစ်ပါတယ်။

အဲဒီဇာတ်လမ်းအဖြစ်အပျက် (၅)မျိုးကို အကြောင်းအရာကဏ္ဍမှာ မေးပါမယ်။ နောက်တစ်ပိုင်းက ဇာတ်ဆောင်စရိုက်အဖွဲ့ ဖြစ်ပါတယ်။ ဇာတ်ဆောင်စရိုက်မှာ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီး ဆိုတဲ့ ဇာတ်ဆောင် ၃-ယောက်ရဲ့စရိုက်တွေကို မေးလေ့ရရှိပါတယ်။

အဲဒီအကြောင်းအရာမေးခွန်းတွေကို ဖြေတဲ့အခါမှာလည်း စကားစပ်ရဲ့ဆိုလိုရင်းအဓိပ္ပာယ်ကို ဖြေသလိုပဲ ဇာတ်စာမူရင်းအတိုင်း မရေးရပါဘူး။ မေးတဲ့မေးခွန်းနဲ့ မသက်ဆိုင်တဲ့အချက်အလက်တွေကို ထည့်ပြီးမရေးရပါဘူး။ ဒါပေမယ့် ရေသည်ပြဇာတ်စာဆို ဦးပုညရဲ့ သူသုံးစွဲခဲ့တဲ့ စကားလုံးတွေ၊ အသုံးအနှုန်းတွေ၊ သူရေးသားတင်ပြခဲ့တဲ့ အချက်အလက်တွေကိုတော့ သုံးစွဲရေးဖွဲ့ရမှာဖြစ်ပါတယ်။ ရေးတဲ့အခါမှာ ကိုယ်ပိုင်စကားပြေနဲ့ရေးရမှာဖြစ်ပါတယ်။

ကိုယ်ပိုင်စကားပြေကို ပိုပြီးအသက်ဝင်အောင်ဆိုပြီး ပြဇာတ်စာသားအကိုးအကား ထည့်မယ်ဆိုရင်လည်း ထည့်ရေးနိုင်ပါတယ်။

သာဓကအနေနဲ့ အကြောင်းအရာ မေးခွန်းတစ်ခုကိုဖြေဆိုပြပါမယ်။ ဆိုကြပါစို့။ ရေသည် မိန်းမရဲ့ ရုပ်အသွင်အပြင်၊ အပြင်အဆင်နဲ့ဘဝအခြေအနေ (၃)ပိုင်းမေးထားတဲ့အတွက် (၃)ပိုင်းစလုံးပါအောင် ဖြေတတ်ရပါမယ်။ မူရာတော်နွဲ့နှောင်းနဲ့ ရေရောင်းတဲ့ ရုပ်အသွင်၊ ရေအိုးကို ခေါင်းမှာရွက်ပြီး ရေရောင်းထွက်တဲ့ရုပ်သွင်၊ တမာသီးလောက် ဆံထုံးလေးထုံးထားတဲ့ ရုပ်သွင်၊ အစပ်တစ်ရာ အဖာဗရပျစ်နဲ့ ညစ်နေတဲ့ထဘီကို ဝတ်ဆင်ရတဲ့အဆင်အပြင်၊ အစားအသောက် အနေအထိုင် အလွန်ဆင်းရဲတဲ့ ဘဝအခြေအနေ၊ နှစ်သက်လောက်သူမတွေ့၍ အပျိုကြီးလုပ်ကာ မိမိငွေလေးရွှေးအတွက် ကျိတ်ပူနေရတဲ့ ဘဝအခြေအနေတို့ကို ပြဇာတ်ပါ ဇာတ်လမ်းနဲ့ဆက်စပ်ပြီး ဖြေပေးရမှာဖြစ်တယ်။ ရေသည်မိန်းမ ဆင်းရဲပုံအကြောင်းလောက်ပဲဖြေရင် မပြည့်စုံပါဘူး၊ ဂုဏ်ထူးမှတ်ရချင်ရင် မေးတဲ့အချက် အကုန်ပါအောင် ဖြေတတ်ဖို့ အလွန်အရေးကြီးလှပါတယ်။

မေးခွန်း(၆)ကတော့ စာစီစာကုံးမေးခွန်းဖြစ်ပါတယ်။ စာစီစာကုံးဟာ မြန်မာစာမေးခွန်းလွှာမှာ အမှတ်အများဆုံးပေးထားတဲ့ မေးခွန်းတစ်ပုဒ် ဖြစ်ပါတယ်။ အမှတ်(၂၀) ပေးတဲ့မေးခွန်း ဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခု ပေးထားပြီးတော့ အဲဒီခေါင်းစဉ် ၃-ခုထဲက နှစ်သက်ရာတစ်ခုကို ဖြေဆိုရမှာဖြစ်ပါတယ်။ ခေါင်းစဉ် ၃-ခုလုံးမှာလည်း ပုံကြမ်းအချက်အလက်တွေပေးထားမှာဖြစ်ပါတယ်။ စာစီစာကုံးရေးတဲ့အခါမှာ ပုံကြမ်းအချက်အလက်တွေကို အခြေခံပြီးတော့ ရေးရမှာဖြစ်ပါတယ်။

(က) ရိုးရာပွဲတော် တို့နွဲပျော်

(ခ) နှုတ်ချိုသျှိုတစ်ပါး

(ဂ) လူငယ်နှင့် မူးယစ်ဆေးဝါးဆိုပြီးတော့ ၃-ပုဒ်ပေးထားပါတယ်။ အဲဒီ ၃-ပုဒ်ထဲက ၁-ပုဒ်ကို သာဓကအနေနဲ့ ဖြေဆိုကြည့်ရအောင်။

"ရိုးရာပွဲတော် တို့နွဲပျော်"ဒီစာစီစာကုံးရဲ့ ခေါင်းစဉ်ရဲ့အောက်မှာ ပုံကြမ်းအချက်အလက်တွေ ပါပါတယ်။

ပထမအချက်က	မြန်မာတို့၌ရိုးရာပွဲတော်များရှိပုံ၊ ပါဝင်ဆင်နွှဲကြပုံ၊
ဒုတိယအချက်က	ပါဝင်ဆင်နွှဲသူတို့၏ လှုပ်ရှားမှုပုံရိပ်များ၊ ပျော်ရွှင်ကြပုံ၊
တတိယအချက်က	ပွဲတော်ကို အရုပ်ဆိုးအကျည်းမတန်အောင် ထိန်းသိမ်းသင့်ပုံ၊
စတုတ္ထအချက်က	အနှစ်သာရရှိရှိကျင်းပဆင်နွှဲသင့်ပုံ၊

စသည်တို့ဖြစ်တယ်။

စာစီစာကုံးရေးတဲ့အခါမှာ ကျောင်းသူကျောင်းသားများဟာ ပေးထားတဲ့ပုံကြမ်းကို အခြေခံပြီး နိဒါန်း၊ စာကိုယ်၊ နိဂုံး အချိတ်အဆက်မိအောင် ပုံကြမ်းအချက်အလက်တွေကို တစ်ချက်ချင်း အကျယ်ချဲ့ရေးဖို့လိုအပ်ပါတယ်။ အဲဒီလိုပြောတဲ့အတွက်ကြောင့်မို့လို့ ပုံကြမ်းအပြင် တခြားအချက်တွေထည့်ပြီး မရေးရဘူးလို့ ဆိုလိုတာမဟုတ်ပါဘူး။ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ တခြားအချက်တွေရှိရင်လည်း ထည့်သွင်းပြီးတော့ရေးနိုင်ပါတယ်။ နှုတ်ပြောစကားနဲ့ရေးရင် အောင်မှတ်မရနိုင်ဘူးဆိုတာ သတိပြုသင့်တယ်။ ပုံကြမ်းအချက်အလက်တွေရယ်၊ ခေါင်းစဉ်နဲ့ဆီလျော်တဲ့ ကိုယ်ပိုင်အချက်အလက်တွေရယ်ကိုအသုံးပြုပြီး ရှင်းရှင်းလင်းလင်း ပြေပြေပြစ်ပြစ်ရေးနိုင်ဖို့ပဲ လိုအပ်ပါတယ်။

ဗဟုသုတများ၊ အတွေးအမြင်များကိုလည်း ထည့်သွင်းပြီးရေးလို့ရပါတယ်။ ခေါင်းစဉ်နဲ့ ဆီလျော်တဲ့ အတွေးအခေါ် အတင်အပြမျိုးဖြစ်ပြီး အရေးအသားလည်း ချောချောမွေ့မွေ့ ပြေပြေပြစ်ပြစ်ရေးမယ်ဆိုလို့ရှိရင် အမှတ်ကောင်းကောင်းရမှာ ဖြစ်ပါတယ်။

